မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၈ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်၊ ၂၀၀၆ ခုနှစ်၊ ဇူလိုင် ၃၀ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၅)၊ အမှတ် (၃၀၀)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မော်ရိုကိုနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၃၀

၂၀၀၆ခုနှစ် ဇူလိုင်၃၀ရက်တွင် ကျရောက်သော မော်ရိုကိုနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ မော်ရိုကိုနိုင်ငံအကြီးအကဲ ဆဋ္ဌမမြောက် မိုဟာမက်ဘုရင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ထမံသီ၊ ချင်းတွင်းမြစ်ဝှမ်း၊ မေခမြစ်ဆုံ၊ ရွှေလီ၊ ဟတ်ကြီး၊ တာဆန်း ရေအားလျှပ်စစ်စီမံကိန်းကြီးများမှာ စိတ်ကူးယဉ်အိပ်မက်အဆင့်မျိုးမဟုတ် လက်တွေ့ကျကျ အစပျိုးအကောင်အထည်ဖော်နေသည့် အဆင့်ရောက်ရှိနေ အနာဂတ်မျှော်မှန်းချက်အရ ပြည်တွင်းသုံးစွဲမှု လုံလောက်ဖူလုံစေရုံသာမက လျှပ်စစ်ဓာတ်အားများ ပြည်ပသို့ပင်ရောင်းချနိုင်မည့် အခြေအနေရှိနေပြီ

နေပြည်တော် ဇူလိုင် ၂၉

နိုင်ငံတော်လျှပ်စစ်စွမ်းအား ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းကော်မတီ (၁/၂၀၀၆) အစည်းအဝေးကို ယနေ့ညနေ ၄ နာရီတွင် ဝန်ကြီးချုပ်ရုံးရှိ အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်လျှပ်စစ်စွမ်းအား ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်၍ အမှာစကားပြောကြားသည်။ (အောက်ပုံ) စာမျက်နှာ ၈ ကော်လံ ၁ ✡

တည်ဆောက်ရန်လျာထားသည့် ရေအားလျှပ်စစ်စီမံကိန်း၁၅ခု

- ❒ မဂ္ဂါဝပ် ၁၆၀ရရှိမည့် ပဲခူးတိုင်း ကျောက်ကြီးမြို့နယ်မှ ဘောဂတရေအားလျှပ်စစ် စီမံကိန်း။
- ❒ ၄၈မဂ္ဂါဝပ်ရရှိမည့် ကယားပြည်နယ် လွိုင်ကော်မြို့နယ်မှ ဘီလူးချောင်း(၃) ရေအားလျှပ်စစ် စီမံကိန်း။
- ❒ ပထမအဆင့် မဂ္ဂါဝပ် ၁၄၀၊ ဒုတိယအဆင့် မဂ္ဂါဝပ် ၁၄၀ရရှိမည့် မွန်ပြည်နယ် ဘီးလင်းမြို့နယ်မှ ဘီးလင်းရေအားလျှပ်စစ် စီမံကိန်း။
- ❒ မဂ္ဂါဝပ် ၆၀၀ရရှိမည့် ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်မှ ဟတ်ကြီးရေအားလျှပ်စစ် စီမံကိန်း။
- ❒ မဂ္ဂါဝပ် ၆၆၀ရရှိမည့် စစ်ကိုင်းတိုင်း ဘုတလင်မြို့နယ်မှ ရွှေစာရေး ရေအားလျှပ်စစ် စီမံကိန်း။
- ❒ ၃၉မဂ္ဂါဝပ်ရရှိမည့် ရခိုင်ပြည်နယ် သံတွဲမြို့နယ်မှ သံတွဲရေအားလျှပ်စစ် စီမံကိန်း။
- ❒ မဂ္ဂါဝပ် ၃၀ရရှိမည့် ရခိုင်ပြည်နယ် ဂွမြို့နယ်မှ ကျိန္တလီရေအားလျှပ်စစ် စီမံကိန်း။
- ❒ ၅၄မဂ္ဂါဝပ်ရရှိမည့် ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲ မြို့နယ်မှ အထက်ကျိုင်းတောင်း ရေအားလျှပ်စစ် စီမံကိန်း။
- ❒ မဂ္ဂါဝပ် ၃၈၀ရရှိမည့် ချင်းပြည်နယ် ဖလမ်းမြို့နယ်မှ မဏိပူရ ရေအားလျှပ်စစ် စီမံကိန်း။
- ❒ မဂ္ဂါဝပ်၆၀၀ရရှိမည့် တနင်္သာရီတိုင်း တနင်္သာရီမြို့နယ်မှ တနင်္သာရီရေအား လျှပ်စစ် စီမံကိန်း။
- ❒ မဂ္ဂါဝပ် ၁၅၀ရရှိမည့် ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ခမ်းမြို့နယ်မှ ရွှေလီ(၁)ရေအား လျှပ်စစ်စီမံကိန်း။
- ❒ မဂ္ဂါဝပ် ၅၀၀ ရရှိမည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်မြို့နယ်မှ ရွှေလီ(၂) ရေအား လျှပ်စစ်စီမံကိန်း။
- ❒ မဂ္ဂါဝပ် ၈၀၀ ရရှိမည့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်မှ မေခ ရေအားလျှပ်စစ် စီမံကိန်း။
- ❒ ၂၅ မဂ္ဂါဝပ် ရရှိမည့် ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်မှ ဒယိုင်ချောင်း ရေအား လျှပ်စစ် စီမံကိန်း။
- ❒ မဂ္ဂါဝပ် ၂၀ရရှိမည့် တနင်္သာရီတိုင်း တနင်္သာရီမြို့နယ်မှ သကျက်ရေအားလျှပ်စစ် စီမံကိန်း။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်)

တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ရှေးရှုဖော်ဆောင် နယ်စပ်ဒေသများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး အရှိန်အဟုန်မြှင့်ကြိုးပမ်း

နိုင်ငံတော်အစိုးရသည် နိုင်ငံ့တာဝန်ယူစဉ်အချိန်မှစ၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်အဖြစ် ရောက်ရှိစေရေးအတွက် အခြေခံကျသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုရှေးရှုပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကို ပထမဆုံးဦးစားပေး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်စေရန် လမ်း၊ တံတားကြီးများစွာ ဖောက်လုပ်တည်ဆောက်ပေးခဲ့သည်။

နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စွမ်းရည်မြှင့်တင်ရေးအတွက် အခြေခံပညာရေးကဏ္ဍတွင် မူလတန်းကျောင်း၈၅၂ကျောင်း၊ အလယ်တန်းကျောင်း၉၀နှင့် အထက်တန်းကျောင်း ၉၂ကျောင်း၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ၂၇ကျောင်း ဖွင့်လှစ်ပြီး ပညာသင်ကြားပေးလျက်ရှိသည်။

ထို့အပြင် ၂၀၀၀ပြည့်နှစ်က စတင်ကာ ရန်ကုန်နှင့် မန္တလေးမြို့များ၌ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်နှစ်ခု ဖွင့်လှစ်ပေးခဲ့ပြီး ဖြစ်သည်။

စာပေပညာသင်ကြားမှုအပြင် သက်မွေးပညာဆည်းပူး၍ ဘဝရပ်တည်နိုင်ရန်လည်း အမျိုးသမီးအိမ်တွင်းမှု သက်မွေးပညာသင်ကျောင်း၃၄ကျောင်း ဖွင့်လှစ်ထားရှိသည်။

ကျန်းမာရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ရာ၌ ၁၉၈၈ခုနှစ်က ဆေးရုံရှစ်ရုံ၊ ဆေးပေးခန်းခြောက်ခန်းသာ ဖွင့်လှစ်နိုင်ခဲ့ရာမှ ယခုအခါ ဆေးရုံ ၇၉ ရုံ၊ ဆေးပေးခန်း ၁၀၅ ခန်း၊ ကျေးလက်ကျန်းမာရေးဌာန ၅၈ ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ၁၄၀တို့ကို တည်ဆောက်ဖွင့်လှစ် ပေးခဲ့ပြီးဖြစ်သည်။

နိုင်ငံတော်က စိုက်ပျိုးရေးအခြေခံ စီးပွားရေးလုပ်ငန်းများ ထူထောင်နိုင်စေရန် နယ်စပ်ဒေသအသီးသီး၌ စိုက်ပျိုးရေးရုံးနှင့် စိုက်ပျိုးရေးစခန်းများ၊ အသေးစားဆည်နှင့် တူးမြောင်းများ၊ ထွန်စက်စခန်းများကို ဆောင်ရွက်ပေးနေသကဲ့သို့ သဘာဝပတ်ဝန်းကျင် ပျက်ယွင်းစေသည့် ရွှေ့ပြောင်းတောင်ယာစနစ်ကို ထိန်းသိမ်းရန်အတွက် ကုန်းမြင့်လယ်ယာမြေများ ဖော်ထုတ်ပေးနေသည်။

တိုင်းရင်းသား ပြည်သူအားလုံး လူမှုစီးပွားရေး အခွင့်အလမ်းများ ပေါ်ထွန်းလာနေပြီဖြစ်ရာ ဖွံ့ဖြိုးမှုနောက်ကျကျန်နေသေးသည့် နယ်စပ်ဒေသများ၌ ပိုမိုဖွံ့ဖြိုးတိုးတက် ဖြစ်ထွန်းလာစေရန် ဒေသဆိုင်ရာ လုပ်ငန်းကော်မတီများ၊ ဝန်ကြီးဌာနများ၊ လုပ်ငန်းဆပ်ကော်မတီများက အရှိန်အဟုန်မြှင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူကျင့်သုံးလိုက်နာသွားမည်။
(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မမိုတ်မသုန် အကောင်အထည်ဖော်သွားမည်။
(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။
(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။
(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။
(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

ဗဟန်းမြို့နယ် အိမ်တွင်းမှုသက်မွေးပညာသင်ကျောင်း ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၂၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေသည် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးစစ်မြိုင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ထွန်းခိုင်တို့ လိုက်ပါလျက် ယမန်နေ့မွန်းလွဲ၂နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဓမ္မစေတီလမ်း အမှတ်၁၃၅ရှိ လူမှုဝန်ထမ်းဦးစီးဌာန အိမ်တွင်းမှုသက်မွေးပညာသင်ကျောင်းသို့ ကြည့်ရှုစစ်ဆေးသည်။ (ဝဲပုံ)

ရှေးဦးစွာ ကျောင်းခန်းမဆောင်တွင် ကျောင်းအုပ် ဆရာမကြီးဒေါ်တင်တင်အေးက သင်တန်းသား သင်တန်းသူများလက်ခံမှု၊ အသက်မွေးဝမ်းကျောင်း ပညာရပ်များ သင်ကြားမှုနှင့် ကျောင်းဖွဲ့စည်းမှုတို့ကို ရှင်းလင်းတင်ပြသည်။

ဆွေးနွေးမှာကြား

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် ဝန်ထမ်းများနှင့်တွေ့ဆုံ၍ အသက်မွေးဝမ်းကျောင်း ပညာရပ်များသင်ကြားမှုနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် မုန့်မျိုးစုံသင်တန်း၊ ပန်းအလှပြင်သင်တန်း၊ မိန်းမဝတ်၊ ကလေးဝတ်သင်တန်းများကိုလှည့်လည်ကြည့်ရှုစစ်ဆေး၍ သင်တန်းသား သင်တန်းသူများကိုအားပေးနှုတ်ဆက်သည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ လူမှုဝန်ထမ်းဦးစီးဌာန ရင်သွေးအိမ် မူလတန်းကြိုကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ကျောင်းအုပ်ဒေါ်ခိုင်သွယ်ဦးက မူကြိုရင်သွေးငယ်များအား လက်ခံထားမှုအခြေအနေ ကလေးသူငယ်များအား ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ပြုစုပျိုးထောင်ပေးမှုများကို ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်း

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ထားရှိမှုကို လိုက်လံ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များအား ဖြည့်ဆည်းမှာကြားသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၃၀-၇-၂၀၀၆ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
၇:၁၅ ၄။ မျိုးချစ်တပ်မတော်
၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအစီအစဉ်
၇:၅၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၅ ၁၀။ ဆရာတော် ဦးဃောသိတတရားတော် **"သောတာနုဂတ္တသုတ်"**

နေ့လယ်ပိုင်း

၁၂:၀၀ ၁။ မြဝတီအဖွင့်
၁၂:၀၅ ၂။ အဖွင့်သီချင်း
၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂:၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
၁၂:၃၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **"အချစ်နဲ့သံယောဇဉ်"**

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ လက်စွမ်းပြပဟန်ဂီတသံ
၄:၃၀ ၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၅၀ ၆။ သာယာသီကြွေးခေတ်ဆန်းတေး
၅:၀၀ ၇။ အမေးကမ္ဘာတွေးစရာ
၆:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၉။ နိုင်ငံတကာသတင်း
၆:၂၀ ၁၀။ မိုးလေဝသသတင်း
၆:၂၅ ၁၁။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၂။ လျှပ်တစ်ပြက်
၆:၄၅ ၁၃။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၇:၀၀ ၁၄။ ရုသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သံယောဇဉ်"** (အပိုင်း-၁)
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၇။ ပဟေဠိနန်းတော်
၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၁၉။ ရုသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မြိုင်ဟောဝန်က သိုင်းလုလင်"** (ဒုတိယတွဲ)(အပိုင်း-၁၁)

နိုင်ငံတော်အစိုးရ ဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များမသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၆ခုနှစ် ဇူလိုင်လအတွက် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)
၃၀ - ၇ - ၂၀၀၆ ရက်နေ့
၂၀၀၆ ခုနှစ် ဩဂုတ်လအတွက်
၁၃ - ၈ - ၂၀၀၆ ရက်နေ့နှင့်
၂၇ - ၈ - ၂၀၀၆ ရက်နေ့

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၀-၇-၂၀၀၆ (တနင်္ဂနွေနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	သိမြင်သုတတိုးပွားစေရာ ဆဋ္ဌသံဂါယနာ မော်ကွန်းပြတိုက်မှာ
၇:၃၀	တေးဂီတအစီအစဉ်
၇:၃၅	အနုပညာရပ်ဝန်းမှ ပွဲတင်သံများ (လှမြင့်ဆွေ၏ မင်ခြစ်လက်ရာပန်းချီပြပွဲ)
၈:၀၅	ပြည်တွင်းသတင်းအကျဉ်း
၈:၁၅	တေးဂီတအစီအစဉ်
၈:၂၀	စွန့်ပစ်ပစ္စည်းအကျိုးရှိစေမှာ ဇီဝဓာတ်ငွေ့ပေါင်းအိုးပါ
၈:၃၅	တေးဂီတအစီအစဉ်
၈:၄၀	နိုင်ငံတကာအနုပညာရေးရာ
၉:၀၅	တေးဂီတအစီအစဉ်
၉:၁၀	နိုင်ငံတကာ သတင်းအကျဉ်း
၉:၁၅	မြွေအန္တရာယ်နှင့်မြွေအန္တရာယ်ကြောင့် ကျောက်ကပ်ပျက်စီးခြင်းကို ကာကွယ်ကုသခြင်း
၉:၃၅	တေးဂီတအစီအစဉ်
၉:၄၀	မိုးလေဝသခန့်မှန်းချက်
၉:၄၅	Sunday Talk [ဦးမျိုးမြတ်သူ၊ ဒေါက်တာဇော်သန်း၊ ဦးကိုကို (စက်မှုတက္ကသိုလ်)]
၁၀:၄၀	တေးဂီတအစီအစဉ်
၁၀:၄၅	ပြည်တွင်းသတင်းအကျဉ်း
၁၀:၅၅	ဂုန်လျှော်နှင့်ဂုန်လျှော်ထွက်ပစ္စည်းများ
၁၁:၁၀	တေးဂီတအစီအစဉ်
၁၁:၁၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၂၀	Myanmar Video Rhythm
၁၂:၀၀	MRTV-4 အပိတ် Logo

အထက်ပါ ငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

မွန်ပြည်နယ်၌ ရော်ဘာကို လျှာထားချက်ကျော်လွန်အောင် စိုက်ပျိုးဆောင်ရွက် မြေလွတ်မြေရိုင်းများ ဖော်ထုတ်ပြီး ပုဂ္ဂလိကလုပ်ငန်းရှင်များ လုပ်ကိုင်ရန်စီစဉ် အဓိကသီးနှံ ၁၀ မျိုးအပြင် အမယ်သစ်သီးနှံများ ဖြစ်ထွန်းအောင် ကြိုးပမ်း

နေပြည်တော် ဇူလိုင် ၂၉

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်တွင်ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၂၃ ရက် နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် သံဖြူဇရပ်နှင့် မုဒုံမြို့နယ်အတွင်းရှိ နယ်မြေခံတပ်ရင်းများမှ အရာရှိ၊ စစ်သည် မိသားစုဝင်များအားတွေ့ဆုံကာ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ဒို့တာဝန်အရေးသုံးပါးဦးထိပ်ထားလျက် ဒေသဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းအောင်မြင်ရေးအတွက် တပ်မတော်သားများသည် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် လက်တွဲပူးပေါင်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး ရှင်းလင်းမှာကြားပြီး လက်ဆောင်ပစ္စည်းများ အသီးသီးပေးအပ်၍ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဇူလိုင် ၂၄ရက် နံနက်ပိုင်းတွင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းနှင့် တာဝန်ရှိသူများနှင့်အတူ မော်လမြိုင်မြို့ ရာမညခန်းမ၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် စိုက်ပျိုးရေးတိုးတက်မြင့်မားရေးအဖွဲ့များအား တွေ့ဆုံအမှာစကားပြောကြားသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ကော့ကရိတ်မြို့ ခုတင်(၁၀၀)ဆံ့ ဆေးရုံအဆောက်အအုံသစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရှင်းလင်းတင်ပြ

အစီအစဉ်အရ ရေးဦးစွာ သထုံခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးသော်ဇင်က သထုံခရိုင်အတွင်း ယခုနှစ် မိုးစပါးဧက ၄၈၅၂၂၀ လျာထားသည့်အနက် ၂၅၆၃၇၄ဧက စိုက်ပျိုးပြီးစီးမှု၊ ရော်ဘာ၊ ငရုတ်ကောင်းနှင့် ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း၊ မော်လမြိုင်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်အောင်က မော်လမြိုင်ခရိုင်အတွင်း ယခုနှစ် မိုးစပါးဧက ၅၀၄၇၈၀ လျာထားသည့်အနက် ၃၀၇၀၂၁ဧက စိုက်ပျိုးပြီးစီးမှု၊ ရော်ဘာ၊ ငရုတ်ကောင်းနှင့် ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးဆောင်ရွက်မှုအခြေအနေများကို လည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ရော်ဘာကို လျာထားချက် ကျော်လွန်အောင် စိုက်ပျိုးကြရမည်ဖြစ်ပြီး မွန်ပြည်နယ်သည် ရော်ဘာပြည်နယ်ဖြစ်ရမည်ဖြစ်ကြောင်း၊ ပြည်ပဈေးကွက် ဈေးကောင်းနေချိန်တွင် ပုဂ္ဂလိကလုပ်ငန်းရှင်များ လုပ်ကိုင်မည်ဆိုပါက လုပ်ကိုင်နိုင်မည့်အခွင့်အလမ်းများ ရရှိအောင် ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

သစ်တောများတွင်လည်း တန်ဖိုးမရှိသည့် အပင်များအစား နိုင်ငံတော်၏တောတောင်များတွင် တန်ဖိုးရှိအပင်များဖြင့် အစားထိုးစိုက်ပျိုးရန်လိုအပ်ကြောင်း၊ ခြံစည်းရိုးကြက်ဆူပင်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် နေရာလပ်မကျန်စိုက်ပျိုးကြရမည်ဖြစ်ကြောင်း၊ တာဝန်ရှိသူများအနေဖြင့် လုပ်ငန်းတာဝန်များကို ပေါ့ပေါ့ဆဆလုပ်ဆောင်၍ မရကြောင်း။

စီစဉ်ဆောင်ရွက်

အဓိကသီးနှံ ၁၀မျိုးအပြင် အမယ်သစ် သီးနှံများပါ ဖြစ်ထွန်းအောင်မြင်ရေးပန်းတိုင် အထွက်နှုန်းရရှိရေး ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များဖိတ်ခေါ်ပြီး မုတ္တမဝင်းကန် ပြည်ထောင်စုကားလမ်းမကြီးဘေးဝဲယာ၌ မြေလွတ်မြေရိုင်းများဖော်ထုတ်၍ စိုက်ပျိုးရေးလုပ်ငန်းများလုပ်ကိုင်လာနိုင်ရန် စီစဉ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

နောင်တိုးတက်လာမည့် လူဦးရေနှင့်အညီ မိုးစပါးစိုက်ပျိုးရေးလျာထားချက်ပြည့်မီ ကျော်လွန်ရန် စိုက်ပျိုးရေးတိုးတက်မြင့်မားရေးအဖွဲ့နှင့်ဌာနဆိုင်ရာများက ဒေသခံပြည်သူများပူးပေါင်းပါဝင်လာအောင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် စက်မှုလုပ်ငန်း အထိုက်အလျောက် ဖွံ့ဖြိုးလျက်ရှိကြောင်း၊ သီးနှံစိုက်ပျိုးထုတ်လုပ်မှုနှင့် စက်မှုလုပ်ငန်းများတွင် ပြည်သူများယခုထက်ပိုမို ပူးပေါင်းပါဝင်လာအောင် လုပ်ဆောင်ကြရမည် ဖြစ်ကြောင်း၊ နိုင်ငံတော်အကျိုးအတွက် ဆောင်ရွက်ကြရာတွင် ဌာနဆိုင်ရာ ဝန်ထမ်းများက အသိတရားရှိရှိ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် တိုက်တွန်းမှာကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်ကပ်လှူဒါန်း

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် နံနက် ၁၀နာရီခွဲတွင် မြိုင်ကြီးငူ အထူးဒေသသို့ ရောက်ရှိကြပြီး ဘေသဇ္ဇမုနိ ကြေးသွန်းဘုရားကြီးတွင် မြိုင်ကြီးငူဆရာတော် ဘဒ္ဒန္တ သုဇန၏ ကျန်းမာရေးအခြေအနေ၊ သာသနာရေး ဆိုင်ရာများနှင့် ဒေသဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာများ မေးမြန်းလျှောက်ထားပြီး ဆရာတော်ကြီးအား သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည် ညနေ ၃နာရီခွဲတွင် ကော့ကရိတ်မြို့ ခုတင် (၁၀၀)ဆံ့ ဆေးရုံအဆောက်အအုံသစ် ဆောက်လုပ်ခြင်းလုပ်ငန်းခွင်သို့ရောက်ရှိကြရာ ရေးဦးစွာ ဟုမ်းတောက် ကုမ္ပဏီမှဦးအောင်မိုးကျော်က လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ကရင်ပြည်နယ်ကျန်းမာရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာ ဦးဌေးနောင်က ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ရေကောင်းရေသန့်ရရှိရေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည် ဆောက်လုပ်ပြီး မြေညီထပ်ရှိ ခွဲစိတ်ခန်းနှင့် သားဖွားဆောင်ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းများစံချိန်စံညွှန်းပြည့်မီရေး၊ ရေကောင်း ရေသန့်ရရှိရေးအတွက် စနစ်တကျဆောင်ရွက်ရေး၊ ဆေးရုံဝန်းကျင် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ရန်မှာကြားသည်။

အဆိုပါ ကော့ကရိတ် ခုတင် (၁၀၀)ဆံ့ ဆေးရုံအဆောက်အအုံသစ်သည် အလျားပေ ၁၇၀၊ အနံ ၁၄၂ ပေ၊ အမြင့် ၂၈ပေရှိပြီး နှစ်ထပ် သံကူကွန်ကရစ် အဆောက်အအုံဖြစ်သည်။ ဆေးရုံအဆောက်အအုံသစ်တွင် မြေညီထပ်၌သားဖွားခန်း၊ခွဲစိတ်ခန်း၊ သားဖွားလူနာဆောင်၊ အထူး ကြပ်မတ်ဆောင်တို့ပါဝင်ပြီး ပထမထပ်တွင် ခွဲစိတ်ခန်း၊ ခွဲစိတ်လူနာဆောင်၊ အထူးကြပ်မတ်ဆောင်တို့ ပါဝင်မည် ဖြစ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာလာရာ ညနေပိုင်းတွင် ဘားအံမြို့ ဇွဲကပင်ရိပ်သာသို့ ရောက်ရှိကြသည်။

(သတင်းစဉ်)

* ကျောဖုံးမှ

အဆိုပါ အစည်းအဝေးသို့ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဒုတိယ ဥက္ကဋ္ဌများ ဖြစ်ကြသော တရားသူကြီးချုပ် ဦးအောင်တိုးနှင့် သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ ကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် တွဲဖက်အတွင်းရေးမှူး(၂) ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက အခမ်းအနားမှူး အဖြစ်ဆောင်ရွက်သည်။

ကြိုတင်ပြင်ဆင်

ရေးဦးစွာ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အမှာစကားပြောကြားရာ၌ အမျိုးသားညီလာခံကြီးကို ပြန်လည်ကျင်းပရန်အတွက် ယခုအခါ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းအဝဝကို ဆောင်ရွက်လျက်ရှိကြောင်း၊ ပြီးခဲ့သည့် ၂၀၀၆ ခုနှစ် ဇွန် ၁၇ရက်တွင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၏ (၄/၂၀၀၆) အစည်းအဝေးကို နေပြည်တော်ရှိ အမျိုးသား ညီလာခံကျင်းပရေးကော်မရှင် အစည်းအဝေးခန်းတွင် ကျင်းပခဲ့ကြောင်း၊ ယခုကျင်းပသည့် အစည်းအဝေးသည် နေပြည်တော်တွင် ကျင်းပသည့် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်၏ ဒုတိယအကြိမ် အစည်းအဝေးဖြစ်ကြောင်း။

၂၀၀၆ ခုနှစ် ဇန်နဝါရီ ၃၁ရက်နေ့တွင် ခေတ္တရပ်နားခဲ့သည့် အမျိုးသားညီလာခံ၌ ယခု နှစ်ကုန်ပိုင်းခန့်တွင် အမျိုးသားညီလာခံကိုပြန်လည်ကျင်းပမည်ဟုမိမိပြောကြားခဲ့ကြောင်း၊နှစ်ကုန်ပိုင်းတွင် ပြန်လည်ကျင်းပမည်ဖြစ်သဖြင့် အချိန်ကာလအားဖြင့် နီးကပ်လာပြီဟု ပြောရမည်ဖြစ်ကြောင်း၊ သို့ဖြစ်ရာ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့အနေဖြင့် မိမိတို့ ဆောင်ရွက်လုပ်ကိုင်ရမည့် လုပ်ငန်းများကို ပြီးစီးအောင် ကြိုတင်ပြင်ဆင်ဆောင်ရွက်ကြရန်ဖြစ်ကြောင်း။

ခေါင်းစဉ်(၁၅)ရပ်

အမျိုးသား ညီလာခံကဖွဲ့စည်းပုံအခြေခံ ဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အခန်းခေါင်းစဉ် (၁၅)ရပ်ကို ချမှတ်ထားကြောင်း၊ ပြီးခဲ့သည့် ညီလာခံ၌ လွှတ်တော် အချင်းချင်း ဆက်သွယ်ဆောင်ရွက်မှုအပိုင်း၊ နိုင်ငံသားများ၏ အခွင့်အရေးနှင့် တာဝန်များ အခန်းနှင့် တပ်မတော်အခန်းတို့နှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံ ကိုယ်စားလှယ်များက အကြံပြုချက်များ တင်ပြခဲ့ကြပြီး လာမည့် အမျိုးသားညီလာခံ၌ အသေးစိတ် အခြေခံရမည့်မှုများကို ချမှတ်တော့မည်ဖြစ်ကြောင်း။

သို့ဖြစ်ရာ ယခုဆောင်ရွက်ပြီးစီးသည့်လုပ်ငန်းအခြေအနေကို ပြန်လည်သုံးသပ်ရမည်ဆိုပါက လုပ်ငန်းတစ်ရပ်လုံး၏ ၇၅ ရာခိုင်နှုန်းခန့် ပြီးစီးပြီဟု ပြောနိုင်ပြီ ဖြစ်ကြောင်း။

အောင်အောင်မြင်မြင်

အမျိုးသားညီလာခံကို ခေတ္တဆိုင်းငံ့ထားခဲ့ရာမှ ၂၀၀၄ခုနှစ် မေလတွင် ပြန်လည် စတင်ကျင်းပခဲ့ရာ ဆောင်ရွက်ရမည့် အမျိုးသားညီလာခံ လုပ်ငန်းများကို အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ယခုကဲ့သို့ အောင်အောင်မြင်မြင်ဖြင့် ဆောင်ရွက်နိုင်ခြင်းမှာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ တက်ညီလက်ညီဆောင်ရွက်မှု၊ အမျိုးသားညီလာခံ အစည်းအဝေးများကို ကြီးကြပ်ပေးသည့် အမျိုးသားညီလာခံ သဘာပတိအဖွဲ့ဝင်များ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် အမျိုးသားညီလာခံ ကိုယ်စားလှယ်အားလုံး၏ အသိစိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ် ပြည့်ဝစွာဖြင့် ပါဝင်ကြိုးပမ်းဆောင်ရွက်မှုများကြောင့်ပင်ဖြစ်ကြောင်း။

ခေတ်မီ ဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်ကြောင်း၊ ယင်းအချက်သည် နိုင်ငံတော်အတွက် အရေးကြီး သည့် လိုအပ်ချက်ဖြစ်သကဲ့သို့ အဓိကအကျဆုံးလုပ်ငန်းလည်းဖြစ်ကြောင်း၊ ဤသို့ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာစေရေးအတွက် ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်လာစေရန် အမျိုးသားညီလာခံက အခြေခံမှုနှင့်အသေးစိတ် အခြေခံရမည့်မှုများကို ချမှတ်ဆောင်ရွက်လျက်ရှိနေခြင်းပင်ဖြစ်ကြောင်း။

အလေးအနက်ထား

ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် မလွဲမသွေ ပေါ်ပေါက်လာရမည်ဖြစ်ကြောင်း၊ မိမိတို့ တပ်မတော်အစိုးရအနေဖြင့် နိုင်ငံတော်၏ တာဝန်ကိုရယူခဲ့ရာ၌ လက်တလော ဖြေရှင်းဆောင်ရွက်ရမည့် ပြဿနာများကို ဖြေရှင်းဆောင်ရွက်ခဲ့သည့် နည်းတူ အနာဂတ်နိုင်ငံတော်အတွက်လည်း ကြိုတင်မျှော်မှန်း စီမံဆောင်ရွက်လျက်ရှိကြောင်း၊ထို့ကြောင့် နိုင်ငံတစ်နိုင်ငံတွင် မရှိမဖြစ်လိုအပ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရေးလုပ်ငန်းကို အလေးအနက်ထား၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိခြင်းဖြစ်ကြောင်း။

သို့ဖြစ်ရာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့အနေဖြင့် အမျိုးသားညီလာခံ လုပ်ငန်းများ အောင်မြင်ပြီးမြောက်အောင် အင်တိုက်အားတိုက် ဆောင်ရွက်သွားကြရန်နှင့် ယင်းသို့ လုပ်ဆောင်ရာ၌ ကြုံတွေ့ရမည့်သည့် အတားအဆီး၊ အခက်အခဲများနှင့် တွေ့ကြုံစေကာမူ မိမိတို့ မျှော်မှန်းထားသည့် ရည်မှန်းချက်ပန်းတိုင်သို့ မရောက်ရောက်အောင် အားကြိုးမာန်တက် လုပ်ကိုင်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက လာမည့်အမျိုးသားညီလာခံအတွက် အမျိုးသား ညီလာခံကျင်းပရေးလုပ်ငန်းကော်မတီက ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ အသေးစိတ် ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က အမျိုးသားညီလာခံ အဆောက်အအုံများ ရာသီဥတုကြောင့် ချို့ယွင်းမှုနှင့် ပြန်လည်ပြင်ဆင်မှု အခြေအနေ၊ လုပ်ငန်းသုံး ပရိဘောဂများ၊ ပစ္စည်းကိရိယာများ ထိန်းသိမ်းထားရှိမှု အခြေအနေနှင့် စီမံခန့်ခွဲမှု ဆိုင်ရာကိစ္စများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အကြံပြုဆွေးနွေး

ဆက်လက်၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီကတင်ပြသည့် စာတမ်းများကို တက်ရောက်လာကြသော အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်အဖွဲ့ဝင်များက ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြသည်။

ထို့နောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က နိဂုံးချုပ် အမှာစကား ပြောကြားကာ ညနေပိုင်းတွင် အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

တရုတ်ထုတ်ကုန်ပြပွဲ နီပေါနိုင်ငံ၌ပြသမည်

ခတ္တမန္ဒူ ဇူလိုင် ၂၉

နီပေါနိုင်ငံသည် မြို့တော် ခတ္တမန္ဒူတွင် တရုတ်ထုတ်ကုန်များပြသမည့် ကုန်စည်ပြပွဲတစ်ရပ်ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း စည်းရုံးလှုံ့ဆော်သူတစ်ဦးက ဇူလိုင် ၂၆ရက်တွင် ပြောကြားသည်။

သတင်းစာရှင်းလင်း

အဆိုပါပြပွဲကို တရုတ်ကောင်စီ နိုင်ငံတကာကုန်သွယ်မှုမြှင့်တင်ရေး လုပ်ငန်းအဖွဲ့ခွဲ၊ နီပေါ-တရုတ် အလုပ်အမှုဆောင် ကောင်စီ(အင်စီဘီစီ)နှင့် အစိုးရမဟုတ်သော နီပေါစီးပွားရေးဆိုင်ရာ ခင်မင်ရင်းနှီးရေးအဖွဲ့တို့က စက်တင်ဘာလ ၇ ရက်မှ ၁၀ ရက်အထိ ကျင်းပမည့် ၂၀၀၆ခုနှစ် တရုတ်ကုန်စည်ပြပွဲကို ပူးပေါင်းစည်းရုံးလှုံ့ဆော် ခဲ့ကြခြင်းဖြစ်ကြောင်း အင်စီဘီစီဥက္ကဋ္ဌ အနေ့ာပ်ရင်ဂျန် ဘာတာရာယီက သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားသည်။

၎င်းပြင် ကား၊ မော်တော်ဆိုင်ကယ်၊ ပရိဘောဂ၊ အိမ်သုံးပစ္စည်း၊ လျှပ်စစ်ဆိုင်ရာပစ္စည်း၊ မိုဘိုင်းလ်ဖုန်းနှင့် စက်ယန္တရားများအပါအဝင် နိုင်ငံအသီးသီးမှ ထုတ်ကုန်များကိုလည်း အဆိုပါပြပွဲ၌ပြသမည်ဖြစ်ပြီး နီပေါနိုင်ငံရှိ ရေအားလျှပ်စစ်စီမံကိန်းနှင့် အလုပ်ရုံ၊ စက်ရုံများတွင် ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားကြသည့် တရုတ်ရင်းနှီးမြှုပ်နှံသူများလည်း ယင်းပြပွဲသို့ တက်ရောက်ကြမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ပြသမည်

အဆိုပါပြပွဲကို ခတ္တမန္ဒူမြို့လယ်၌ရှိသော နီပေါနိုင်ငံတွင် အကြီးဆုံးဖြစ်သည့် ဘီရင်ဒရာ နိုင်ငံတကာခန်းမကြီးတွင် ပြသမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်နှင့် ရုရှားသမ္မတ ပူတင်တို့ ဇူလိုင် ၂၈ရက်က တွေ့ဆုံနှုတ်ဆက်နေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဗင်နီဇွဲလား-ရုရှား စစ်ရေးပူးပေါင်းဆောင်ရွက်

မော်စကို ဇူလိုင် ၂၉

ရုရှားနိုင်ငံသည် ဗင်နီဇွဲလားနိုင်ငံနှင့် စစ်ရေးပူးပေါင်းဆောင်ရွက်မှုပြုလုပ်ခြင်းသည် နိုင်ငံတကာဥပဒေကို ဆန့်ကျင်ခြင်းမဟုတ်ကြောင်း ရုရှားနိုင်ငံက တောင်အမေရိကနိုင်ငံအား ဂျက်တိုက်လေယာဉ်များရောင်းရန် အစီအစဉ်အပေါ် အမေရိကန်က စိုးရိမ်မိကြောင်းဖော်ပြပြီး နောက်တစ်နေ့ ဇူလိုင် ၂၆ ရက်တွင် ရုရှားနိုင်ငံခြားရေးဝန်ကြီးက ပြောကြားလိုက်ခြင်းဖြစ်သည်။

နိုင်ငံတကာနှင့် ရုရှားဥပဒေစံနှုန်းများနှင့် အပြည့်အဝကိုက်ညီသည့် ဗင်နီဇွဲလားနှင့် စစ်ဘက်ဆိုင်ရာ နည်းပညာပူးပေါင်း ဆောင်ရွက်မှုကို အကောင်အထည်ဖော်ခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ဝက်ဘ်ဆိုက်သို့တင်ပို့လိုက် သောအစီရင်ခံစာတွင် ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသွားသည်။

ချုပ်ဆိုခဲ့

ပြီးခဲ့သော ရက်သတ္တပတ်က ရုရှားနိုင်ငံသည် ဗင်နီဇွဲလားအား အမေရိကန်ဒေါ်လာ တစ်ဘီလီယံ တန်ဖိုးရှိ ဆူခွိုင်း ဂျက်တိုက်လေယာဉ်အစင်း ၃၀ ရောင်းချရန် စာချုပ်ချုပ်ဆိုခဲ့သည်။

အမေရိကန်နိုင်ငံက ယင်းစာချုပ်နှင့်ပတ်သက်၍ အကြိမ်ကြိမ်ဆန့်ကျင်ခဲ့သော်လည်း ရုရှားသည်ဗင်နီဇွဲလားနှင့်စာချုပ်ချုပ်ဆိုခဲ့သည်။

အစားထိုး

ယင်းဆူခွိုင်းဂျက်တိုက် လေယာဉ်များကို အမေရိကန်လုပ် အက်ဖ်-၁၆ တိုက်လေယာဉ်များနေရာတွင် ဗင်နီဇွဲလားက အစားထိုးအသုံးပြုသွားမည်ဖြစ်သည်။

ချစ်ကြည်ရေး

ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်သည် ယခုရုရှားနိုင်ငံသို့ သုံးရက်ကြာ ချစ်ကြည်ရေးခရီး ရောက်ရှိနေသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အာဖဂန်၌ ရဟတ်ယာဉ်ပျက်ကျ လိုက်ပါသွားသူ ၁၆ဦးသေဆုံး

ကဘူးလ် ဇူလိုင် ၂၉

အာဖဂန်နစ္စတန် အရှေ့တောင်ပိုင်း၌ နိုင်ငံခြားသားအချို့အပါအဝင် ခရီးသည် ၁၆ဦး လိုက်ပါသွားသော ရဟတ်ယာဉ်တစ်စင်းသည် ပျက်ကျသွားခဲ့ရာ အားလုံးသေဆုံးခဲ့ကြောင်း တာဝန်ရှိသူများက ဇူလိုင် ၂၇ရက်၌ ပြောကြားသည်။

ဇူလိုင် ၂၆ရက်က ပျက်ကျခဲ့သော အဆိုပါရဟတ်ယာဉ် ပျက်ကျရခြင်းသည့် အကြောင်းအရင်းကို ချက်ချင်းမသိရသေးကြောင်း၊ သို့ရာတွင် ယခုပျက်ကျသောနေရာမှာ သောင်းကျန်းသူများရှိသည့်နေရာဖြစ်ကြောင်း သိရသည်။

အဆိုပါ ရဟတ်ယာဉ်ပျက်ကျရာတွင် တစ်ယောက်မျှ အသက်ရှင်မှုမရှိကြောင်း အမေရိကန်ဦးဆောင်သော ပူးပေါင်းတပ်ဖွဲ့မှ ပြောခွင့်ရပုဂ္ဂိုလ် ဗိုလ်မှူးကြီးတွမ်ကလင်းက ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အင်ဒိုနီးရှား၌ လျှင်ထပ်မံလှုပ်

ဂျကာတာ ဇူလိုင် ၂၉

အင်ဒိုနီးရှားနိုင်ငံ ဆူမားကြားမြောက်ပိုင်းနှင့် အနောက်ပိုင်းဒေသအချို့၌ ဇူလိုင် ၂၆ ရက်က အင်အားပြင်းလျှင်တစ်ခု လှုပ်ခဲ့ကြောင်း၊ သေပျောက်ပျက်စီးမှုသို့မဟုတ် ဆူနာမီစိုးရိမ်မှုအခြေအနေကို မသိရသေးကြောင်း အဆိုပါ သတင်းရပ်ကွက်များက ပြောကြားသည်။

ယင်းလျှင်သည် ပြင်းအား ၆ ဒသမ ၁ ရှိပြီး အိန္ဒိယသမုဒ္ဒရာကြမ်းပြင်၌ ဒေသစံတော်ချိန် ညနေ ၆ နာရီ ၁၈ မိနစ်တွင် လှုပ်သွားခြင်းဖြစ်ကြောင်း၊ နရပ်စ်ကျွန်းမှ အနောက်မြောက်ဘက် ကီလိုမီတာ ၉၀ အကွာ၌ ဖြစ်ကြောင်း မိုးလေဝသဌာနက ပြောကြားသည်။

ယင်းလျှင်ကြောင့် ဂူနမ်ဆီ တိုလီမြို့ကို လှုပ်ခတ်သွားကြောင်း၊ သို့ရာတွင် ယခုအထိ အပျက်အစီး အသေအပျောက်များ မသိရသေးကြောင်း ၎င်းဌာနက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ တောင်ပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အိမ်များ ရေနစ်မြုပ်နေသည်ကို ဇူလိုင် ၂၈ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အစ္စရေးမြောက်ပိုင်းဒေသများအား ဟစ်ဇ်ဘိုလာတို့ဒုံးကျည်ဖြင့်အဆက်မပြတ်ပစ်ခတ်

ဂျေရုဆလင် ဇူလိုင် ၂၉

အစ္စရေးနှင့် ဟစ်ဇ်ဘိုလာတို့အကြား အပစ်အခတ် အမြန်ဆုံးရပ်စဲရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်က တောင်းဆိုလိုက်ပြီး နိုင်ငံတကာငြိမ်းချမ်းရေးတပ်ဖွဲ့များ ချထားရေးအတွက် ကုလသမဂ္ဂ၌ အစည်းအဝေးတစ်ရပ် ကျင်းပနေပြီဖြစ်သည်။

ထိုအတောအတွင်း ဟစ်ဇ်ဘိုလာပြောက်ကျားများ ပစ်ခတ် တိုက်ခိုက်ခဲ့သည့်ဒုံးကျည် ၂၅ လုံးခန့် အစ္စရေးမြောက်ပိုင်းသို့ဇူလိုင် ၂၇ ရက် နေ့လယ်ပိုင်းက ကျရောက်ပေါက်ကွဲခဲ့သဖြင့် အစ္စရေး ၁၀ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာ မီဒီယာများက ဖော်ပြခဲ့သည်။

အစ္စရေးနိုင်ငံရှိ ကာရက်ရှမိုနာ၊ ကာမီအယ်၊နာဟာရီယာနှင့် ရှေ့ချ်ပင်နာဒေသများကို ဟစ်ဇ်ဘိုလာပြောက်ကျားများက ဒုံးကျည်များဖြင့် အဆက်မပြတ် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း၊ ယင်းတိုက်ခိုက်မှုကြောင့် ၁၀ ဦး ဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာရရှိသူများထဲမှ တစ်ဦးသည် ကာမီအယပ်ဒေသမှဖြစ်ပြီး လေးဦးသည် ကယ်မီအယ် အနီးဝန်းကျင်ကျေးရွာမှဖြစ်ကာ ကျန်လူများသည် ဂယ်လီအနောက်ပိုင်းနှင့် ကာရက်ရှမိုနာမှ ဖြစ်ကြသည်။

မီးငြိမ်းသတ်

ကာရက်ရှမိုနာရှိ အဆောက်အအုံအလွတ်တစ်ခုကို ဒုံးကျည်ထိမှန်ခဲ့ပြီး ကားနှစ်စီးမီးစွဲလောင်ခဲ့သည်။ ဒုံးကျည်တစ်လုံးသည် ဆပ်ပြာမှုန့်စက်ရုံကို ထိမှန်သဖြင့် မီးစွဲလောင်ခဲ့သည်။ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးငြိမ်းသတ်ရန်အတွက် ယင်းနေရာသို့ အလျင်အမြန် ရောက်ရှိလာခဲ့ကြသည်။

ဖော်ပြ

နာဟာရီဒေသတွင် အဆောက်အအုံသုံးလုံးအား ဟစ်ဇ်ဘိုလာတို့ပစ်ခတ်လိုက်သော ဒုံးကျည်များ တိုက်ရိုက်ထိမှန်ခဲ့ပြီး အစ္စရေးမြောက်ပိုင်း ဒေသများတွင် အချက်ပေးဥသြသံများကို ကြားနေရကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ

ဟစ်ဇ်ဘိုလာတို့ ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် မီးလောင်နေသောအဆောက်အအုံကို အစ္စရေးမီးသတ်သမားများ ငြိမ်းသတ်နေစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ကယ်လီဖိုးနီးယား၌ အပူလှိုင်းကျရောက်၊ လူ ၂၉ဦးသေဆုံး

လော့အိန်ဂျလိစ် ဇူလိုင် ၂၉

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် လူနေထူထပ်သောဒေသတွင် အပူလှိုင်းကျရောက်သဖြင့် လူဒါဇင်ပေါင်းများစွာ သေဆုံးခဲ့ရကြောင်း ဒေသဆိုင်ရာ ရုပ်မြင်သံကြားသတင်းဌာနက ဇူလိုင် ၂၆ ရက်တွင် ထုတ်လွှင့်ခဲ့သည်။

ယခုအချိန်အထိ အပူလှိုင်းကျရောက်သည့် ရက်ပေါင်း၂၀အတွင်း လူ၂၉ဦး သေဆုံးခဲ့သည်ဟု အာဏာပိုင်များက အတည်ပြု ပြောကြားသည်။

အများဆုံး သေဆုံးသူများသည် အပူဒဏ်မှ အကာအကွယ် မရှာနိုင်သည့် သက်ကြီးရွယ်အိုများ ဖြစ်ကြသည်။

အပူလှိုင်း ကျရောက်မှုသည့် သာမန်အပူချိန်ထက် အပူချိန်မြင့်မားခဲ့ခြင်းကြောင့် လူသေဆုံးနိုင်သည့် အခြေအနေအထိ ရောက်ရှိခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

အီရန်နိုင်ငံတွင် ယာဉ်တိုက်မှု ၂၆ ဦးသေဆုံး

တီဟီရန် ဇူလိုင် ၂၉

အီရန်နိုင်ငံ ပင်လယ်ကွေ့ဟော်မူဇ်ဂန်ပြည်နယ်တွင် ဘတ်စ်ကားတစ်စီးနှင့် ထရပ်ကားတစ်စီးတို့ ခေါင်းချင်းဆိုင်တိုက်မိရာ ဘတ်စ်ကားပေါ်ပါ ခရီးသည်၂၆ ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိသွားခဲ့သည်ဟု ပြည်နယ် အသံလွှင့်ဌာနမှ ဇူလိုင် ၂၇ ရက်၌ သတင်းထုတ်ပြန်သည်။

ယင်းယာဉ်တိုက်မှုတွင် အသက်ရှင်လျက် ကျန်ခဲ့သော ထရပ်ကားယာဉ်မောင်းအား သွေးစစ်ဆေးကြည့်ရာ ဆေးစွဲနေသည်ကို တွေ့ရကြောင်း ယာဉ်ထိန်းတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ မိုဟာမက်ကာရက်က ပြည်နယ်အသံလွှင့်ဌာနသို့ ပြောကြားသည်။

အီရန်နိုင်ငံ၏ အန္တရာယ်ရှိသောလမ်းများတွင် မိနစ် ၂၀ တွင် လူတစ်ဦးနှုန်း သေဆုံးလျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ

ဂြိုဟ်တု ၁၈လုံး သယ်ဆောင်သွားသော ရုရှားဒုံးပျံ လွှတ်တင်ပြီး မကြာမီပျက်ကျသွားခဲ့

မော်စကို ဇူလိုင် ၂၇

ဂြိုဟ်တု ၁၈လုံးသယ်ဆောင်ထားသည့် ရုရှားဒုံးပျံတစ်စင်းသည် လွန်ခဲ့သည့် ဇူလိုင် ၂၆ရက်က ဘောကိုနာ လွှတ်တင်ရေးစခန်းမှလွှတ်တင်ပြီး မကြာမီမှာပင် ပျက်ကျသွားကြောင်း အာကာသအေဂျင်စီက ဇူလိုင် ၂၇ ရက်တွင် ပြောကြားသည်။

ရုရှား၊ ဘီလာရုပ်စ်၊ အီတလီနှင့် အမေရိကန်ပြည်ထောင်စုတို့အသီးသီး ပိုင်ကြသည့် ဂြိုဟ်တုသယ်ဆောင်ရေး ဒုံးပျံ ဒီနီပါသည် ဘောကိုနာဒုံးလွှတ်စင်၏ တောင်ဘက် ၂၅ ကီလိုမီတာ အကွာ၌ ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း အေဂျင်စီ၏ ပြောကြားချက်ကို ကိုးကား၍ အင်တာဖက်စ်သတင်းဌာနက ဖော်ပြသည်။

မြေပေါ်တွင် အပျက်အစီး သို့မဟုတ် ဒဏ်ရာအနာတရဖြစ်သူများ မရှိကြောင်း၊ ဖြစ်ပွားပြီး ၈၆ စက္ကန့်အကြာတွင် အရေးပေါ်ဌာနအားလုံးက အင်ဂျင်ကိုပိတ်လိုက်ကြောင်း အပြင်ပိုင်းထိန်းချုပ်ရေး မစ်ရှင်အဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ပထမအဆင့်မှာပင် ယခုကဲ့သို့ ပျက်ကျခြင်းမှာ အချိန်မီသွားခြင်း ဖြစ်ကြောင်း အာကာသအေဂျင်စီ ဒုတိယ အကြီးအကဲ ယူရီနိုဆင်ကိုက ပြောကြားသည်။

ထွက်ခွာ

ဘီလာရုပ်စ်သမ္မတ အလက်ဇန်းဒါး လူကတ်စ်ဟင်ကိုသည် ဒီနီပါဒုံးပျံပေါ်တွင် ပါသွားမည့် ၎င်းနိုင်ငံ၏ ပထမဦးဆုံး ဂြိုဟ်တုဘေကာ လွှတ်တင်မှုကိုကြည့်ရှုရန် ဘောကိုနာ လွှတ်တင်ရေးစခန်းသို့ ထွက်ခွာသွားကြောင်း အင်တာဖက်စ်သတင်းဌာနကပင် သတင်းတစ်ရပ် ထုတ်ပြန်ခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

လုံခြုံရေးဆိုင်ရာဝန်ကြီးများအစည်းအဝေး အစ္စရေး၌ကျင်းပ

ဂျေရုဆလင် ဇူလိုင် ၂၇

အစ္စရေးဝန်ကြီးချုပ် အိုလ်မတ်ဦးဆောင်သော လုံခြုံရေးဆိုင်ရာဝန်ကြီးများ အစည်းအဝေးကို ဇူလိုင် ၂၇ရက် နံနက်က ကျင်းပနေစဉ်အတွင်း လက်ဘနွန်တောင်ပိုင်းအား မြေပြင်စစ်ဆင်ရေး ထိုးစစ်ဆင်မှုကို ရပ်ဆိုင်းထားရန် အစ္စရေးက ဆုံးဖြတ်ခဲ့သည်။

ဆုံးဖြတ်

အစည်းအဝေးကျင်းပစဉ်အတွင်း ဝန်ကြီးချုပ်အိုလ်မက်က ၁၇ရက် ထိုးစစ်ဆင်တိုက်ခိုက်မှုများ၏ ရည်ရွယ်ချက်ကို တွေ့ဆုံ ဆွေးနွေးနေကြောင်း ပြောကြားသည်။ ယခုအစည်းအဝေးသည် လက်ဘနွန်တောင်ပိုင်းရှိ အစ္စရေးတပ်ဖွဲ့များကို အင်အားဖြည့်တင်းရန်အတွက် အရန်တပ်များ ထပ်ဖြည့်ရန် စစ်သားများ ထပ်မံခေါ်ယူရန်ကိုလည်း ဆုံးဖြတ်ခဲ့ကြသည်။

ဇူလိုင် ၂၆ရက်က လက်ဘနွန်တောင်ပိုင်းတွင် ဟစ်ဇ်ဘိုလာနှင့် အစ္စရေးတပ်ဖွဲ့များ ဖြစ်ပွားသည့် ပြင်းထန်သောတိုက်ပွဲများတွင် အစ္စရေးတပ်ဖွဲ့ဝင် ကိုးဦးသေဆုံးခဲ့ပြီးနောက် လုံခြုံရေးဆိုင်ရာဝန်ကြီးများ အစည်းအဝေးကို ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

တောင်းဆို

ဟစ်ဇ်ဘိုလာတို့၏ အဓိကနေရာဖြစ်သော လစ်တာနီမြစ်၏ တောင်ဘက်နေရာများကို ရှင်းပစ်ရန်အတွက် နှစ်လကြာ မြေပြင်စစ်ဆင်ရေး ဆင်နွှဲရန်အတွက် အရန်တပ်ဖွဲ့များ ကျယ်ကျယ်ပြန့်ပြန့် စုဆောင်းခေါ်ယူရန် အစ္စရေးတပ်ဖွဲ့မှ အရာရှိကြီးတစ်ဦးက မေတ္တာရပ်ခံတောင်းဆိုလိုက်သည်။

ယခုကဲ့သို့ တပ်ဖွဲ့ဝင် အင်အားဖြည့်တင်းခြင်းသည် ဆီးရီးယားနိုင်ငံအနေဖြင့် ၎င်းတို့ကို တိုက်ရိုက်စစ်ဆင်ရေး ဆင်နွှဲလာနိုင်သည်ဟု စိုးရိမ်မှုများ မြင့်မားလာလိမ့်မည်ဟု ပြောကြားရင်း တပ်ဖွဲ့ဝင်များ အင်အားအများအပြား ဖြည့်တင်းခြင်းကို အစ္စရေးကာကွယ်ရေးဝန်ကြီး အာမာပီရက်ဇ်က ဆန့်ကျင်ကန့်ကွက်ခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

တရုတ်နိုင်ငံတောင်ပိုင်းတွင် ကီမီတိုက်ဖုန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် မြေပြိုကျနေသည်ကို ဇူလိုင်၂၇ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကီမီမုန်တိုင်း တိုက်ခတ်မှုကြောင့် တရုတ်၌သေဆုံးသူ ၂၅ဦးအထိရှိ

ပေကျင်း ဇူလိုင် ၂၇

တရုတ်နိုင်ငံတောင်ပိုင်းတွင် ကီမီတိုက်ဖုန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် သေဆုံးသူအရေအတွက်သည် ၂၅ဦးအထိ ရှိခဲ့ပြီး အနည်းဆုံး ၅၃ဦး ပျောက်ဆုံးနေဆဲဖြစ်ကြောင်း ဒေသဆိုင်ရာ ရေလွှမ်းမိုးမှု ထိန်းချုပ်ရေးဌာနမှ ဇူလိုင် ၂၇ရက်က ပြောကြားသည်။

ကျန်စီပြည်နယ်တွင် ရေလွှမ်းမိုးမှုနှင့် မြေပြိုကျမှုကြောင့် ၁၇ဦးသေဆုံးပြီး ၁၅ဦးပျောက်ဆုံးနေကြောင်း ရေလွှမ်းမိုးမှုနှင့် မိုးခေါင်မှု ထိန်းချုပ်ရေးဌာနချုပ်မှ ထုတ်ပြန်သော နောက်ဆုံးစာရင်းတွင် ဖော်ပြထားသည်။

ထုတ်ပြန်

သေဆုံးသူများသည် ယင်း ပြည်နယ်၏ ရှမ်ယူဒေသမှ ကိုးဦး၊ စီသွမ်ဒေသမှ လေးဦး၊ နန်ခန်ဒေသမှ သုံးဦးနှင့် လောင်နန်ဒေသမှ တစ်ဦးဖြစ်ကြောင်း ယင်းဌာနချုပ်မှ ထုတ်ပြန်ခဲ့သည်။

ထိုစဉ်ယင်းပြည်နယ်ရှိ စစ်တန်းလျားတစ်ခု အဝေးသို့ လွင့်ပါသွားခြင်းကြောင့် ခြောက်ဦးသေဆုံးပြီး ၃၈ဦး ပျောက်ဆုံးခဲ့သည်။

ဂွမ်ဒေါင်း ပြည်နယ်တွင်လည်း နှစ်ဦးသေဆုံးခဲ့ကြောင်း အစီရင်ခံစာတွင်ပါရှိသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အိန္ဒိယကျောင်းသားတစ်ဦး အာကာသသိပ္ပံဆုဆွတ်ခူး

မော်စကို ဇူလိုင် ၂၇

အိန္ဒိယ ကျောင်းသားတစ်ဦးအား စီးပွားရေးအရ အာကာသခရီးသွားလုပ်ငန်းလုပ်ဆောင်နိုင်ရန် လဗိမာန်မြေသားများမှ အောက်စီဂျင်ထုတ်ယူသည့် စက်မှုစီးပွား စီမံကိန်းတစ်ရပ်ဖြင့် ယှဉ်ပြိုင်ခဲ့ခြင်းအတွက် နိုင်ငံတကာ အာကာသသိပ္ပံဆုအဖြစ် ပထမဆုံးအကြိမ် ဇူလိုင် ၂၆ ရက်က ပေးအပ်ချီးမြှင့်လိုက်သည်။

တင်ပြနိုင်ခဲ့

အဆိုပါ ကျောင်းသား၏ အမည်မှာ ကာမယ်ထရိုင်ပူရာနီနီဖြစ်ပြီး ၎င်းသည် နိုင်ငံတကာ ကျွမ်းကျင်ပညာရှင်တစ်ဦး၏ အက်ဖ်အက်ဖ်စီ-ကမ်းဘရစ်ဖြစ်စဉ်မှတစ်ဆင့် လဗိမာန်မြေသားမှ အောက်စီဂျင်ကို ထုတ်ပြသည့် အာကာသခရီးသွား အစီအစဉ်ကို တင်ပြနိုင်ခဲ့သည်။

ပညာသင်ကြား

အဆိုပါ အိန္ဒိယကျောင်းသားသည် ကမ်ဘရစ်၌ ပညာသင်ကြားနေပြီး ယင်း၏တီထွင်မှုအတွက် နိုင်ငံတကာ အာကာသသိပ္ပံဆုကို ချီးမြှင့်ခြင်းဖြစ်ကြောင်း ပြိုင်ပွဲကျင်းပရေး အတွင်းရေးမှူး ဒီမစ်ထရိုင်းပီဆွန်က ပြောကြားသည်။

လက်ခံရရှိ

၎င်းကျောင်းသားအား ဆုငွေ အမေရိကန်ဒေါ်လာ၃၅၀၀နှင့် ဆုလက်မှတ်ကို လက်ခံရရှိမည်ဖြစ်သည်။

ချီးမြှင့်

ယင်းပြိုင်ပွဲကို အမေရိကန်နှင့် ရုရှား အာကာသသိပ္ပံပညာရေးဆိုင်ရာအဖွဲ့မှ ချီးမြှင့်ခြင်းဖြစ်သည်။ **(ပီတီအိုင်)**

ဘဂ္ဂဒက်မြို့တွင် ပေါက်ကွဲမှုများကြောင့် ၂၇ ဦးသေဆုံး

ဘဂ္ဂဒက် ဇူလိုင် ၂၇

အီရတ်နိုင်ငံ ဘဂ္ဂဒက်တောင်ပိုင်း ကာရာဒါဒေသတွင် ဇူလိုင် ၂၇ ရက်က ကားဗုံးပေါက်ကွဲမှုနှင့် အမြောက်ငယ်များနှင့် ပစ်ခတ်တိုက်ခိုက်မှုများကြောင့် သေဆုံးသူအရေအတွက် မြင့်တက်လာပြီး စုစုပေါင်း ၂၇ ဦးအထိ သေဆုံးခဲ့သည်ဟု ပြည်ထဲရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

သေဆုံးသူများနှင့် စပ်လျဉ်း၍ နောက်ဆုံးထုတ်ပြန်သော အစီရင်ခံစာအရ ကာရာဒါဒေသအနီး ပတ်ဝန်းကျင်တွင် တိုက်ပွဲများဖြစ်ပွားကာ လူ၂၇ဦးသေဆုံးပြီး ၁၀၁ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

နံနက်ပိုင်း၌ သေဆုံးမှုအများဆုံး တိုက်ခိုက်မှုသည် ကာရာဒါဒေသအနီးရှိ ယူရဗ်ဒီလမ်းဆုံအနီးတွင် ရပ်ထားသော ကားမှဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ခြင်းနှင့် ထိုဒေသအနီးဝန်းကျင်ရှိ အခြားနေရာနှစ်ခုကို ဒုံးကျည်ခြောက်လုံး ခုနစ်လုံးဖြင့် အဆက်မပြတ်ပစ်ခတ် တိုက်ခိုက်မှုကြောင့် ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ဖြဒသမ ၃စင်တီမီတာရှိသည့် လက်သည်း

အရှည် ဖြဒသမ ၃စင်တီမီတာရှိ လက်သည်းရှည်ကို တွေ့ရစဉ်။ (ယာပုံ)

တရုတ်နိုင်ငံ ရှန်ဒေါင်းပြည်နယ် ကွမ်ဒေါင်ဒေသရှိ အမျိုးသမီးတစ်ဦးသည် ၎င်း၏ ဘယ်လက်သူကြွယ်တွင် အရှည် ဖြဒသမ ၃စင်တီမီတာရှိသော လက်သည်းကို နှစ်နှစ်ကြာ ထားခဲ့ရသည်။ **(အင်တာနက်)**

ရေကူးကန်ငယ်ပုံစံပါ ကား

ရေကူးကန်ငယ်ပုံစံပါ ကားတစ်စီးကို တွေ့ရစဉ်။ (ဝဲပုံ)

ဂျာမနီနိုင်ငံ ဘာလင်မြို့ရှိ ထရာဘန့် ပြတိုက်တွင် ပြသထားသော ဘိုကာဟယ်လင်းဆိုသူ တီထွင်ဖန်တီးထားသော ရေလီတာ၃၀၀ဆံ့ ရေကူးကန်ငယ်ပုံစံပါ ကားတစ်စီးကို ထူးထူးခြားခြားတွေ့ရှိရခြင်းဖြစ်သည်။ **(အင်တာနက်)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေ နှစ်ဧက ဝယ်ယူရန်အတွက် ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ပန်းလှိုင်အိမ်ရာ တိုက် ၉ အခန်း၁ နေ ဦးမြင့်စိုး-ဒေါ်ယဉ်ကြည်၊ သားဖြိုးပိုင်စိုး မိသားစုက အလှူငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ကုသလ (M.A) ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ မကွေးတိုင်းအတွင်း နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများအား ခွဲစိတ်ကုသမှုလုပ်ငန်း ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်

ရန်ကုန် ဇူလိုင် ၂၉

မကွေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ အစီအစဉ်ဖြင့် ဇူလိုင် ၂၇ရက်မှစတင်၍ မကွေးတိုင်းအတွင်းရှိ နှုတ်ခမ်းကွဲ၊အာခေါင်ကွဲလူနာ ၂၀၀အား တိုင်းပြည်သူ့ဆေးရုံ၌ ခွဲစိတ်ကုသပြုပြင်ပေးရာ အလှူငွေပေးအပ်ခြင်း အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်၊ အတွင်းရေးမှူး ဒေါက်တာဒေါ်ဝေဝေသာ၊ မကွေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းမြင့်နှင့် တိုင်းကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဆေးရုံအုပ်ကြီးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ တက်ရောက်ကြသည်။

ပေးအပ်

ရှေးဦးစွာအသင်းဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် မျက်နှာ၊ မေးရိုးနှင့်ခံတွင်းအထူးကုဆရာဝန်ကြီး ဒေါက်တာ ဒေါ်နုနုရီနှင့်အဖွဲ့က ခွဲစိတ်ကုသပေးနေမှုအား ကြည့်ရှုအားပေးပြီး လူနာများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများကို ပေးအပ်ကြသည်။

အခမ်းအနား အစီအစဉ်အရ ဒုတိယဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း (ဗဟို)မှ ထောက်ပံ့ငွေ စုစုပေါင်းကျပ် ၁၆ သိန်းကို ပေးအပ်ရာ မကွေးတိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းမြင့်က လက်ခံရယူသည်။ ထို့နောက် အလှူရှင် အသီးသီးက အလှူငွေများ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူပြီး မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့် ရှောက်ရေးအသင်း (ဗဟို) မှ လှူဒါန်းငွေ အပါအဝင် ကျပ်သိန်း ၁၁၆၆၄၂၀၀ ရရှိသည်။ ထို့နောက် အတွင်းရေးမှူးက မကွေးတိုင်းအတွင်းရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများအတွက် စက်ဘီးငါးစီး၊ ချုပ်စက်၊ အဝတ်အထည် အသုံးအဆောင်များနှင့် ဆေးဝါးများအားပေးအပ်ရာ မကွေးတိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာဦးအောင်ဝင်းက လက်ခံရယူသည်။ ဆက်လက်ပြီး အလှူရှင်အသီးသီးက လှူဒါန်းသော အလှူငွေစုစုပေါင်း ကျပ်သိန်း၁၁၆၆၄၂၀၀အား မကွေးတိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့သို့ ပေးအပ်ရာ မကွေးတိုင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းမြင့်က လက်ခံရယူပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့သည် မကွေးမြို့နယ် မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း သားဖွားခန်းသို့ သွားရောက်လျက် သားဖွားခန်းကြီးကြပ်ကော်မတီနှင့် တွေ့ဆုံ၍ မိခင်နှင့်ကလေးများ သေနှုန်းကျဆင်းရေးဆိုင်ရာလုပ်ငန်းများ၊ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ရောဂါနှိမ်နင်းရေးဆိုင်ရာလုပ်ငန်းများအား ဆွေးနွေးလျက် မြို့နယ်သားဖွားခန်းအတွက် ချုပ်စက်ကိုလည်းကောင်း၊ မိသားစုဝင်ငွေတိုး အသေးစားချေးငွေလုပ်ငန်းအတွက် ရင်းနှီးမတည်ငွေကျပ်နှစ်သိန်းကို ပေးအပ်လှူဒါန်းခဲ့ပြီး သားဖွားခန်းအတွင်း ကြည့်ရှုစစ်ဆေး၍ သားဖွားမိခင်နှင့် ကိုယ်ဝန်ဆောင်များအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ခွဲစိတ်ကုသမှု

ဆက်လက်၍ မင်းဘူးမြို့နယ် မျက်စိကုဆေးရုံတွင် တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့မှ စီစဉ်ဆောင်ရွက်သော မျက်စိတိမ်စွဲရောဂါလူနာ ၂၂ဦးအား မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာအောင်ဆန်းဦးနှင့်အဖွဲ့က ခွဲစိတ်ကုသမှုအား ကြည့်ရှုအားပေးလျက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

စေတနာညကျောင်း

ထို့အပြင် ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မကွေးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းတွင် မကွေးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဖွင့်လှစ်ထားသော စေတနာညကျောင်းသို့ ဇူလိုင် ၂၇ရက် ည၇နာရီတွင် သွားရောက်၍ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၏ ပညာရေးဆိုင်ရာလုပ်ငန်းများအား ဒုတိယဥက္ကဋ္ဌက ရှင်းလင်းဆွေးနွေး အမှာစကားပြောကြားပြီး စေတနာ ညကျောင်း၌ သင်ကြားပြသပေးလျက်ရှိသော ဆရာဆရာမများအတွက် ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၂၅၀၀၀၀ကို ပေးအပ်ရာ တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စန်းစန်းမြင့်က လက်ခံယူသည်။

အားပေးခဲ့

ထို့နောက် ကျောင်းသား ကျောင်းသူများအတွက် ဗလာစာအုပ်နှင့် ခဲတံများကို အတွင်းရေးမှူးကပေးအပ်ရာ တိုင်းကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာဦးအောင်ဝင်းက လက်ခံယူသည်။ ထို့နောက် ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့သည် ကလေးများစာသင်ကြားနေမှုများကိုလည်း လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လမ်းပန်းဆက်သွယ်ရေးဝေးလံသော ပြည်နယ်၊ တိုင်းများမှ တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများ အသံလွှင့်ကြေညာပေးမည်

ရန်ကုန် ဇူလိုင် ၃၀

၂၀၀၆ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲအောင်စာရင်းများအနက်မှ လမ်းပန်းဆက်သွယ်ရေးဝေးလံသော ပြည်နယ်နှင့် တိုင်းများရှိ စာစစ်ဌာနအချို့၏ အောင်စာရင်းများကို မြန်မာ့အသံ ရေဒီယိုအစီအစဉ်မှ ဇူလိုင် ၃၀ ရက် (ယနေ့) တနင်္ဂနွေနေ့ နံနက် ၈ နာရီခွဲတွင် ၄၁ ဒသမ ၇၅မီတာက အသံလွှင့်ကြေညာပေးမည်ဖြစ်သည်။

ထိုသို့ကြေညာရာတွင် ကချင်ပြည်နယ်မှ တနိုင်း၊ မချမ်းဘော၊ ပူတာအို၊ နောင်မွန်း၊ ဖားကန့်၊ ဆွမ်ပရာဘွမ်နှင့် ချီဖွေ၊ ကရင်ပြည်နယ်မှ ဖာပွန်၊ ကြာအင်းဆိပ်ကြီးနှင့် ကမမောင်း၊ ချင်းပြည်နယ်မှ ကန်ပက်လက်၊ မတူပီ၊ မင်းတပ်နှင့် ပလက်ဝ၊ ရခိုင်ပြည်နယ်မှ ဂွ၊ ကျိန္တလီ၊ ဇရပ်ကုန်းခင်နှင့် မာန်အောင်၊ ရှမ်းပြည်နယ်မှ မိုးမိတ်၊ နမ့်ဆန်(မြောက်)၊ မိုင်းဆတ်၊ မိုင်းကိုင်၊ ကွမ်းလုံ၊ မိုင်းတုံ၊ မိုင်းပျဉ်း၊ မိုင်းယန်း၊ မောက်မယ်၊ မိုင်းယောင်း၊ ကျေးသီးမံစံ၊ ကွန်ဟိန်း၊ ဟိုပန်၊ မိုင်းခတ်၊ မိုင်းပန်၊ မိုင်းဖြတ်၊ မဘိမ်း၊ မိုင်းရှူး၊ တုန်းဟုန်း၊ မန်တုံနှင့် လောက်ကိုင်၊ တနင်္သာရီတိုင်းမှ ပုလော၊ ဘုတ်ပြင်းနှင့် ပလ၊ မကွေးတိုင်းမှ ပေါက်၊ ထီးလင်း၊ ဆောလောင်းရှည်၊ ကျောက်ထု၊ စေတုတ္တရာနှင့် ငဖဲ၊ စစ်ကိုင်းတိုင်းမှ နန်းယွန်း၊ လေရှီးနှင့် လဟယ်နှင့် ရန်ကုန်တိုင်းမှ ကိုကိုးကျွန်း စာစစ်ဌာနများကို ကြေညာပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကိုးဘွဲ့ရဆရာတော်၏ မယ်တော် စိန်ရတုမွေးနေ့ အလှူပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၉

စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ် ကျောင်းတိုက်ကြီးမှ နိုင်ငံတော်ဘွဲ့တံဆိပ်တော် ကိုးဘွဲ့ရ ဓမ္မကထိကဆရာတော် အရှင်အာစာရာလင်္ကာရ အရှင်သူမြတ်၏ မယ်တော်ကြီး ဒေါ်ညို အသက်(၇၅)နှစ်ပြည့် စိန်ရတုမွေးနေ့ အမှတ်တရအဖြစ် စစ်ကိုင်းရွှေဟင်္သာ ဆရာတော်ကြီးနှင့် သံဃာတော်တစ်ရာကျော်တို့အား ဆွမ်းနှင့် သင်္ကန်း၊ ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခြင်း၊ ရွာထောင် ဘိုးဘွားရိပ်သာနှင့် စစ်ကိုင်းမျက်မမြင် နားမကြားကျောင်းတို့တွင် နံနက်စာ၊ ညစာ နှစ်ရက်ဆက်တိုက်လှူဒါန်းခြင်း၊ ပရိတ်တရားတော်ဗွီစီဒီနှင့် ပဋ္ဌာန်းတရားတော် ဓာရဏပရိတ် ဗွီစီဒီချပ်ရေ တစ်ထောင် အခမဲ့လှူဒါန်းခြင်းတို့ကို ဩဂုတ် ၁၁ ရက်တွင် စစ်ကိုင်းရွှေဟင်္သာတိုက်သစ်ကျောင်းတိုက်၌ ဆင်ယင်ကျင်းပမည်ဖြစ်သည်။

ပရိတ်နှင့် ပဋ္ဌာန်း ဓာရဏပရိတ်တော် ဗွီစီဒီခွေများ အလှူခံလိုပါက ကိုးဘွဲ့ရဆရာတော် တိုက်ရိုက်ဖုန်း- ၀၇၂-၂၂၁၇၀ နှင့် ၀၉၅-၃၃၀၈၉၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

မွေးဖွားစမိခင်များ အာဟာရပြည့်ဝရန်လိုအပ် မိခင်နို့ရည် ပြည့်ဝစွာ မရရှိသောကလေးငယ်များ နှလုံးနှင့် သွေးကြောဆိုင်ရာ ရောဂါများရရှိနိုင်

ကလေးမွေးဖွားပြီးစ မိခင်များအနေဖြင့် အစာအာဟာရဖူလုံပြည့်ဝစွာ မစားပါက မိမိ၏ ရင်သွေးငယ်များသည် ငယ်ရွယ်စဉ်ဘဝမှာပင် ရောဂါဘယထူပြောကာ ကျန်းမာရေးချို့တဲ့မှုများ ဖြစ်ပေါ်တတ်ကြောင်း သုတေသနပညာရှင်များက ပြောကြားလိုက်သည်။

ခံစားရ

ထို့အပြင် မွေးဖွားစမှသည် သုံးနှစ်သားအရွယ်အထိတိုင် မိခင်၏ နွေးထွေးသော ရင်ငွေ့နှင့် နို့ရည်များကို ပြည့်ပြည့်ဝဝမရရှိ၊ မသောက်သုံးခဲ့ရသည့် ကလေးငယ်များမှာ အသက်အရွယ်ရလာသည်အခါ နှလုံးရောဂါနှင့် သွေးကြောများဆိုင်ရာ ရောဂါများခံစားရတတ်ကြောင်းလည်း လန်ဒန်ရှိ သုတေသနပညာရှင်များက ပြောကြားသည်။

ပိုမိုများပြား

သုတေသနပညာရှင်များအနေဖြင့် ကလေးငယ် ၂၀၀ခန့်ကို သုတေသနပြုခဲ့ရာ မိခင်နို့ရည်ပြည့်ဝစွာ မသောက်သုံးခဲ့ရသူများနှင့် မိခင်၏ နွေးထွေးသော ရင်ငွေ့ကို အချိန်ကြာမြင့်စွာ မခံစားခဲ့ရသူ ကလေးငယ်များသည် သာမန်ကလေးငယ်များထက် ရောဂါထူပြောမှု၊ စိတ်ပိုင်းဆိုင်ရာချို့ယွင်းမှုနှင့် ကင်ဆာကဲ့သို့သော ရောဂါများဖြစ်ပွားတတ်မှု ပိုမိုများပြားကြောင်း တွေ့ရှိရသည်ဟု ဆိုသည်။

ဆက်စပ်မှု

ကလေးငယ်များနှင့် ယင်းဖြစ်ရပ်များမှာ ဆက်စပ်မှုရှိနေသည်ကို မိမိပြောကြားနိုင်ကြောင်း၊ မိခင်များအနေဖြင့် မိမိတို့ရင်သွေးငယ်များကို အနာဂတ်ကာလတွင် ကျန်းမာသန်စွမ်းသူများဖြစ်လာစေရန် ပြုစုစောင့်ရှောက်ကြရန်လိုအပ်ကြောင်း အင်္ဂလန်နိုင်ငံ ဆောက်သမ်တန်တက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

ထို့ကြောင့် မိခင်များအနေဖြင့် တစ်နေ့လျှင် ကယ်လိုရီ ၂၅၀၀ခန့်ကို နေ့စဉ်စားသုံးကြရန်လိုအပ်ကြောင်း၊ အစားအစာမရွေးဘဲ အာဟာရပြည့်ဝသော အစားအစာမှန်သမျှ စားသုံးကြရန်လည်းလိုကြောင်း၊ သို့သော် ဆေးလိပ်နှင့် အရက်ကဲ့သို့သော အရာများကိုမူ ရှောင်ကြဉ်ရန်လိုအပ်ကြောင်း ၎င်းတို့က ပြောကြားကြသည်။

(ကိုးကား-အင်တာနက်)

အင်တာနက်
သတင်းနှင့် ဓာတ်ပုံ

ဖွင့်ကြည့်လိုက်ပါ သူတို့မီဒီယာ

* ကြည့်နေတာကိုမှွေနောက်
ပြေပျောက်ပြီးကိစ္စ ပြန်ဆွ
လှနေလျှင်ဖျက်ဆီး
စည်းလုံးနေလျှင်ဖြိုခွဲ
ခိုင်မြဲနေလျှင် လျှော့ရဲအောင်လုပ်
အားထုတ်နေလျှင် ခြိမ်းခြောက်
ထွန်းပေါက်နေလျှင် ပြောင်လှောင်
ဝင်းပြောင်နေလျှင် ဆေးပက်
ချီတက်နေလျှင်ဟန့်တား
စည်ကားနေလျှင်ပွဲလှန့်
ကြံ့ခိုင်နေလျှင်ကိုင်လှုပ်
ဗရုတ်ဗရက်အခြေပျက်ရေး
ဖောင်းပေးနေတာ ကောင်းသလား
ရိုးရိုးသားသား စဉ်းစားသာကြည့်
ပကတိအဖြေ
လူတွေမကြိုက် ဒီလိုစရိုက်။

* ဒီအသွင် ဒီစရိုက်
သာမန်လူတွေ မကြိုက်ပေမယ့်
တကယ့်ထိပ်သီးအင်အားကြီးနဲ့
ဆုကြီးရှင်များစဉ်းစားကာတွေး
လူ့အခွင့်အရေးအတွက်
တွက်ချက်တီထွင်
ဒီအသွင် ဒီစရိုက်
နှစ်နှစ်ခြိုက်ခြိုက် အကြိုက်ကြီးကြိုက်
ဖွင့်ကြည့်လိုက်ပါ သူတို့မီဒီယာ။
တွေ့ရလိမ့်မှာ မလွဲပါ။ ။

မျိုးလွှား

ပခုက္ကူခရိုင် ဒေသဝမ်းစာဖူလုံရေးနှင့်ဒေသစိမ်းလန်းစိုပြည်ရေးရည်ရွယ် ရေစကြိုမြို့နယ် မြေခဲတောင်ကျေးရွာအနီး မြေခဲတောင်ရေလှောင်တမံတည်ဆောက် လယ်မြေများသို့ပေ ၁၂၀၀၀ရှိ တူးမြောင်းမကြီးမှတစ်ဆင့်ဆည်ရေပေးဝေမည်

မြစ်ရေတင် စီမံကိန်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ပခုက္ကူမြို့နယ် ရွှေတန့်တစ် လျှပ်စစ်မြစ်ရေတင် စီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၂၉

မကွေးတိုင်း ပခုက္ကူမြို့၌ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သာအေး၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၂၆ရက် နံနက်ပိုင်းတွင် ပခုက္ကူမြို့နယ် ရွှေတန့်တစ်ကျေးရွာအနီးရှိ ရွှေတန့်တစ်လျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ မကွေးတိုင်း ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်မောင်အေးထူးက ရွှေတန့်တစ်မြစ်ရေတင်စီမံကိန်း၏ မြစ်ရေတင်နိုင်မှုနှင့် မိုးစပါးစိုက်ပျိုးရေ ပေးဝေနိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ပခုက္ကူဒေသ၏ မြစ်ရေတင်စီမံကိန်းများမှ စိုက်ပျိုးရေ ပိုမိုပေးဝေရေးနှင့် စပါးတိုးချဲ့စိုက်ပျိုးရေးအတွက် လိုအပ်သည်များကို မှာကြားကာ ရွှေတန့်တစ်လျှပ်စစ်မြစ်ရေတင်စီမံကိန်းပထမအဆင့်သို့ မြစ်ရေတင်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

စိုက်ပျိုးရေပေးဝေ

ရွှေတန့်တစ် လျှပ်စစ်မြစ်ရေတင် စီမံကိန်းသည် ဧရာဝတီမြစ်ရေကို အမြင့် ၁၀၃ ပေသို့ ၁၄ ကျူဆက် ပင်မရေတင်စက်ရုံတစ်ခု၊ ထပ်ဆင့် ရေတင်စက်ရုံ သုံးခုတို့ဖြင့် တင်ယူ၍ လက်တံမြောင်း ၁၁ခုဖြင့် စိုက်ဧက ၅၀၀၀သို့ စိုက်ပျိုးရေ ပေးဝေလျက် ရှိကြောင်း သိရှိရသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့သည် ရွှေတန့်တစ် သရက္ခန် ဗုဒ္ဓရုပ်ပွားတော်မြတ်အား သွားရောက်ဖူးမြော် ကြည်ညို၍ အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကြီးရွာ လျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြီးရွာလျှပ်စစ်မြစ်ရေတင်စီမံကိန်းသည် ဧရာဝတီမြစ်ရေကို အမြင့် ပေ၅၀မှ ပင်မ ရေတင်စခန်းနှင့် ထပ်ဆင့်ရေတင်စခန်း ရှစ်ခုတို့ဖြင့် ရေစုပ်စက် ၃၀ကျူဆက် ၂၅၀ကီလိုဝပ် လေးလုံး၊ ၂၀၀ကီလိုဝပ် ၁၅လုံး၊ ၁၈၅ ကီလိုဝပ်ရှစ်လုံး၊ ၁၁၀ကီလိုဝပ်ခုနစ်လုံး စုစုပေါင်းရေစုပ်စက် ၃၄လုံးဖြင့်ရေတင်ပြီး ပင်မမြောင်းအရှည်ပေ၄၃၀၀၀၊ လက်တံမြောင်း၁၂ခု အရှည်ပေ ၆၆၅၈၀တို့ဖြင့် သွယ်တန်းကာ စပါးစိုက်လယ်မြေဧက၅၀၀၀ကို စိုက်ပျိုးရေဖူလုံစွာ ပေးနိုင်မည့်စီမံကိန်းဖြစ်ကြောင်းသိရသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ပခုက္ကူမြို့ မြောက်ဘက် ပခုက္ကူ–ရေစကြိုကားလမ်းရှိ အစိုးရနည်းပညာကောလိပ်(ပခုက္ကူ)တည်ဆောက်ရေး စီမံကိန်းသို့ သွားရောက်ပြီး တည်ဆောက်ဆဲ ပင်မစာသင်ဆောင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

အမှတ်တရစိုက်ပျိုး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ပခုက္ကူ–ရေစကြိုလမ်း မိုင်တိုင်၁၀/၄ ရှိ ကျောက်ထပ်တောင်၌ကျင်းပသော ရေစကြိုမြို့နယ် ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးပွဲသို့ တက်ရောက်ကြပြီး သတ်မှတ်နေရာများတွင် ခြံစည်းရိုး ကြက်ဆူပင်များကို အမှတ်တရစိုက်ပျိုးပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ရေစကြိုမြို့နယ် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၏ ခြံစည်းရိုးကြက်ဆူပင် ၂၁ဧက စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

တစ်အုပ်တစ်မစိုက်ပျိုး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ ရေစကြိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးခင်ဇော်က ကျောက်ထပ်တောင်တွင် ခြံစည်းရိုးကြက်ဆူပင် ၂၅ဧကစိုက်ပျိုးရန် လျာထားဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ခြံစည်းရိုးကြက်ဆူပင်များကို လက်ရှိ သစ်တောစိုက်ခင်းနှင့် သီးနှံစိုက်မြေတို့မှအပဖြစ်သော မြေလွတ်များ၌ တစ်အုပ်တစ်မ စိုက်ပျိုးကြရန် မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များ သည် ရေစကြိုမြို့နယ် ငွေချိုကျေးရွာအနီးရှိ ငွေချိုရေလှောင်တမံ စီမံကိန်းသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ မကွေးတိုင်း ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနေဒေါင်းက ငွေချိုရေလှောင်တမံဆိုင်ရာ အချက်အလက်များ၊ ဆည်ချောင်းတမံ၊ မြေခဲတောင်တမံနှင့် ကိုင်းမကြီးဆည်တို့၏ ရေသိုလှောင်နိုင်မှု အခြေအနေများကို လည်းကောင်း၊ မြို့နယ်သစ်တော ဦးစီးဌာန ဦးသောင်းထိုက်က ဒေသရှိ သစ်တောများနှင့် သစ်တောစိုက်ခင်းများထိန်းသိမ်းစောင့်ရှောက်နေမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က လိုအပ်သည်များကို မှာကြားပြီး ရေလှောင်တမံ တည်ဆောက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ငွေချိုရေလှောင်တမံ

ငွေချိုရေလှောင်တမံ စီမံကိန်းကို ရေစကြိုမြို့နယ် စည်သာကျေးရွာအုပ်စု ငွေချိုရွာအနောက်ဘက်ရှိ ဆင်မဝင်းချောင်းပေါ်၌ အလျားပေ ၁၉၀၀၊ အမြင့် ၄၃ပေရှိ မြေသားတမံ အဖြစ်တည်ဆောက်၍ ကန်ရေပြည့် ရေလှောင်ပမာဏဧကပေ ၁၄၀၀အထိ ရေလှောင်ပြီး သံကူကွန်ကရစ်အမျိုးအစား ရေထုတ်ပြွန်အရှည်ပေ ၂၀၀၊ အလျားပေ ၄၀၊ အကျယ်ပေ ၆၀ရှိ ရေပိုလွှဲတို့ဖြင့် အလျားပေ ၁၅၀၀၀ရှိ တူးမြောင်းတူးဖော်ကာ စပါးစိုက်ဧက ၄၀၀ကို စိုက်ပျိုးရေ ပေးဝေသွားရန် တည်ဆောက်ခြင်းဖြစ်ကြောင်း သိရှိရသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ပခန်းကြီးမြို့ဟောင်းရှိ စည်သူရှင် သရက္ခန်ဗုဒ္ဓရုပ်ပွားတော်အား သွားရောက်ဖူးမြော်ကြည်ညို၍ အလှူငွေများကို ပေးအပ်လှူဒါန်းပြီး ဘုရားပရိဝုဏ်အတွင်း ပြုပြင်မွမ်းမံဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ရေစကြိုမြို့နယ် မြေခဲတောင်ကျေးရွာအနီးရှိ မြေခဲတောင်ရေလှောင်တမံ စီမံကိန်းသို့သွားရောက်ပြီး တည်ဆောက်ပြီးစီးနေပြီဖြစ်သော မြေခဲတောင် ရေလှောင်တမံကို ကြည့်ရှုစစ်ဆေးကြသည်။

စိမ်းလန်းစိုပြည်ရေး

မြေခဲတောင် ရေလှောင်တမံကို ပခုက္ကူခရိုင် ဒေသဝမ်းစာဖူလုံရေးနှင့် ဒေသစိမ်းလန်းစိုပြည်ရေးတို့အတွက် ရည်ရွယ်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး မြေသားတမံအမျိုးအစားဖြစ်သည်။ တမံမှာ အလျားပေ၃၃၀၀၊ အမြင့် ၄၄ ပေရှိပြီး ကန်ရေပြည့်ရေလှောင်ပမာဏ ဧကပေ ၂၈၈၀ စုဆောင်းသိုလှောင်နိုင်ပြီး ရေလှောင်တမံမှ ပေ ၁၂၀၀၀ရှိ တူးမြောင်းမကြီးမှတစ်ဆင့် ဆည်ရေသောက်လယ်မြေများသို့ ဆည်ရေပေးဝေသွားနိုင်မည်ဖြစ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ရေစကြိုမြို့ရှိ နယ်မြေခံတပ်ရင်း ရန်အောင်မြင်ခန်းမ၌ တပ်ရင်းမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံ၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဝိုင်းဝန်းဆောင်ရွက်ရေး၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး၊ ကြက်ဆူပင်များ စိုက်ပျိုးရေးတို့ကို ရှင်းလင်းမှာကြားပြီး မိသားစုဝင်များအတွက် ထောက်ပံ့ပစ္စည်းများကို ပေးအပ်ကာ စစ်သည်များနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် နယ်မြေခံတပ်ရင်းအတွင်း ခြံစည်းရိုးကြက်ဆူပင်နှင့် နှစ်ရှည်ပင် စိုက်ပျိုးထားရှိမှုများကိုလည်းကောင်း၊ မြေအောက်ရေကို အဝီစိတွင်း တူးဖော်ထုတ်ယူ၍ စပါးခင်းများအား ရေသွင်း စိုက်ပျိုးထားမှုနှင့် ဖြစ်ထွန်းအောင်မြင်နေသော စပါးခင်းများကို လည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ရေစကြိုမြို့အဝင်ရှိ အမျိုးသမီး အိမ်တွင်းမှုနှင့် သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းသို့ ရောက်ရှိရာ ကျောင်းအုပ် ဒေါ်ညိုညို ရှိန်က သင်တန်းခန်းမ၌ သင်တန်းသူ ၅၀တို့အား အခြေခံစက်ချုပ်သင်တန်း သင်ကြားပေးနေမှုကိုလိုက်လံရှင်းလင်း ပြသပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

မိုးစပါး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့် ၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ရေစကြိုမြို့နယ် ကိုင်းမကြီးကျေးရွာ အုပ်စု ဆင်ချောင်းရေလှောင်တမံသို့ ရောက်ရှိကြရာ တမံရှင်းလင်းဆောင်၌ မကွေးတိုင်း ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနေဒေါင်းနှင့် အဖွဲ့ဝင်များက ဆည်ရေသောက်ဧရိယာများ၌ စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်း တင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က မိုးစပါးစိုက်ဧက ပိုမိုတိုးတက် စိုက်ပျိုးရန်နှင့် ဆည်ရေသောက် စပါးစိုက်လယ်ဧက တိုးတက်အောင် ဆောင်ရွက်ရန် မှာကြားပြီး ဆင်ချောင်း ရေလှောင်တမံကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ဆင်ချောင်းရေလှောင်တမံကို ၁၉၉၅ခုနှစ်က တည်ဆောက်ပြီးစီး ဖွင့်လှစ်ခဲ့ပြီး ဆည်ရေသောက် ဧက ၁၀၀၀ကို ဆည်ရေပေးဝေနိုင်သည် အထိ ရေလှောင်ပမာဏရရှိအောင် ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

ကိုင်းမကြီးဆည်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ဧက ၁၅၀ ဆည်ရေသောက်ဧရိယာရှိသော ကိုင်းမကြီး ဆည်ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၃၀–၇–၂၀၀၆ရက် (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	အဘိဓေအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇:၅၅	၅။	ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈:၀၅	၆။	အရေးပြိုင်ပွဲ
၈:၁၀	၇။	ရန်ကုန်တိုင်း ပေါင်းလင်း (ငမိုးရိပ်ရေကူ) ရေလှောင်တမံ
၈:၂၀	၈။	အတီးပြိုင်ပွဲ
၈:၃၀	၉။	International News
၈:၄၅	၁၀။	Say it in English

နေ့လယ်ပိုင်း

၁၁:၀၀	၁။	စစ်သည်တေး
၁၁:၁၀	၂။	တေးဂီတအစီအစဉ်
၁၁:၂၅	၃။	တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၄၀	၄။	မြန်မာဗီဒီယိုဇာတ်လမ်း **"နှုတ်မဆက်တမ်း"** လွင်မိုး၊ စိုးမြတ်နန္ဒာ [ဒါရိုက်တာ–မောင်ပြည့်ဝ (ပန်းဝေသီ)]
၁၃:၂၀	၅။	တစ်ချက်ခုတ် ဆယ်ချက်ပြတ် ရနိုင်တဲ့ အကျိုးအမြတ် ရှမ်းပြည်နယ်(မြောက်ပိုင်း)
၁၃:၃၅	၆။	အဆိုပြိုင်ပွဲ
၁၃:၅၀	၇။	တံတားအလှပန်းလောင်
၁၄:၀၀	၈။	အကပြိုင်ပွဲ
၁၄:၁၀	၉။	**"သူငယ်ချင်းမရှိတဲ့ဥပဒေ"** မင်းဝေ၊ ခင်ဇာခြည်ကျော်၊ ဧကရီကျော်ကျော် (ဒါရိုက်တာ–မောင်ယဉ်ကျော်)
၁၄:၂၀	၁၀။	အတီးပြိုင်ပွဲ
၁၄:၃၀	၁၁။	ကွန်ချောင်းရေလှောင်တမံ
၁၄:၄၅	၁၂။	International News

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	English for Everyday Use
၁၆:၄၅	၄။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(သိပ္ပံအထူးပြုအားလုံး) [ဓာတုဗေဒ]
၁၇:၀၀	၅။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၁၇:၁၅	၆။	လက်ဆင့်ကမ်းပေး ဂီတတေး
၁၇:၂၀	၇။	ဆိုကြမယ် ပျော်ကြမယ်
၁၈:၀၀	၈။	ညနေခင်းသတင်း
၁၈:၃၀	၉။	မိုးလေဝသအခြေအနေ
၁၈:၃၅	၁၀။	သီရိဂေဟာ
၁၉:၀၀	၁၁။	Discovery
၁၉:၁၀	၁၂။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ဖြူစင်မေတ္တာ"** (အပိုင်း၁၈)
၂၀:၀၀	၁၃။	ပြည်တွင်းသတင်း
	၁၄။	နိုင်ငံတကာသတင်းများ
	၁၅။	မိုးလေဝသအခြေအနေ
	၁၆။	နိုင်ငံခြားဇာတ်လမ်းတွဲ **"မေတ္တာပန်းတိုင်"** (အပိုင်း–၆)

မြန်မာ့ကမ်းရိုးတန်းနှင့်ကမ်းလွန်ပင်လယ်ပြင်တွင် မိုးသက်လေပြင်းကျ၍လှိုင်းကြီးနိုင်

ရန်ကုန် ဇူလိုင် ၂၉

လွန်ခဲ့သော ၂၄နာရီအတွင်းက ကယားပြည်နယ်၊ စစ်ကိုင်းတိုင်း အောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ကရင်ပြည်နယ်နှင့် မန္တလေးတိုင်းတို့၌ နေရာကျဲကျဲ၊ ရှမ်းပြည်နယ်တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများ၌ နေရာအနှံ့အပြားမိုးရွာခဲ့သည်။

ဘင်္ဂလားပင်လယ်အော်တွင် ယနေ့ နံနက်မြန်မာစံတော်ချိန် ၆နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့၌ မုတ်သုံလေ အားကောင်းနေသည်။

ဇူလိုင် ၃၀ရက် ညနေထိ ခန့်မှန်းချက်အရ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်း အောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၌ နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင် ၄၀အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးလျော့နည်းနိုင်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

ဒေသန္တရသုံး ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်မည့် ရေအရင်းအမြစ်များ ဒေသခံများ၏ အကူအညီရယူပြီး ရှာဖွေတိုင်းတာ ဆောင်ရွက်သွားရန် အရေးကြီး

✡ ရှေ့ဖုံးမှ

အဆိုပါ အစည်းအဝေးသို့ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယ ဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဝန်ကြီးချုပ်ရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့်တာဝန်ရှိပုဂ္ဂိုလ်များ၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော် လျှပ်စစ်စွမ်းအား ဖွံ့ဖြိုးရေးစီမံကိန်း လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် လျှပ်စစ်စွမ်းအား တိုးတက်ဖွံ့ဖြိုးမှုနှင့် နိုင်ငံတော်၏ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်မှုတို့သည် ဆက်စပ်နေသည့်အတွက် နိုင်ငံတော် လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေးစီမံကိန်း ဦးဆောင်ကော်မတီနှင့် နိုင်ငံတော် လျှပ်စစ်စွမ်းအား ဖွံ့ဖြိုးရေးလုပ်ငန်းကော်မတီတို့ကို ဖွဲ့စည်းတာဝန်ပေးထားခြင်း ဖြစ်ကြောင်း။

စိစစ်တင်ပြ

လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များကိုလည်း သတ်မှတ်ပေးထားခဲ့ပြီးဖြစ်ရာ မိမိတို့လုပ်ငန်းကော်မတီအနေဖြင့် အကောင်အထည်ဖော်သင့်သော စီမံကိန်းများ၊ အကောင်အထည်ဖော်လျက်ရှိသော စီမံကိန်းများ အခြေအနေတို့ကို ဦးဆောင်ကော်မတီသို့ စိစစ်တင်ပြသွားရမှာ ဖြစ်ကြောင်း။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် ထွေးဦး ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

မိမိတို့ နိုင်ငံ၏လက်ရှိအခြေအနေမှာ လယ်ယာထွက်ကုန်များကို အခြေခံသည့် စက်မှုလုပ်ငန်းများအဆင့်မှ စက်မှုလုပ်ငန်းမျိုးစုံ ထူထောင်သည့်အဆင့်သို့ တက်လှမ်းနေသည့် အချိန်လည်းဖြစ်ရာ လယ်ယာကဏ္ဍတိုးတက်မှုနှင့်အတူ စက်မှုကဏ္ဍတိုးတက်ဖွံ့ဖြိုးရေး၊ လိုအပ်သော လျှပ်စစ်စွမ်းအားကို ဟန်ချက်ညီညီ တိုးချဲ့ထုတ်လုပ်နိုင်ရေးတို့ကို ဦးစားပေးအဆင့်ထား၍ လုပ်ကိုင်လျက်ရှိကြောင်း။

ပြောင်းလဲတာဝန်ပေး

ထို့ကြောင့်လည်း မူလလျှပ်စစ်စွမ်းအားဝန်ကြီးဌာနကို လျှပ်စစ်ဓာတ်အား ထုတ်လုပ်သည့်ဝန်ကြီးဌာနနှင့် ဖြန့်ဖြူးရောင်းချသည့် ဝန်ကြီးဌာနဟူ၍ ဝန်ကြီးဌာနနှစ်ခု ပြုပြင်ပြောင်းလဲတာဝန်ပေးထားခြင်းဖြစ်ကြောင်း။

မိမိတို့လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်အရ တည်ဆောက်ဆဲ လျှပ်စစ်စီမံကိန်းများအမြန်ပြီးစီးရေးအတွက် ညှိနှိုင်းဦးဆောင်ကြပ်မတ်ရန်သာမက စီမံကိန်းများနှင့်စပ်လျဉ်း၍ ဦးဆောင်ကော်မတီသို့ စိစစ်ထောက်ခံတင်ပြသွားရမှာဖြစ်သဖြင့် လျှပ်စစ်စွမ်းအား ဖွံ့ဖြိုးရေးလုပ်ငန်း၊ ဓာတ်အားစနစ်တကျ ဖြန့်ဖြူးရေးလုပ်ငန်းတို့ကို ထိရောက်စွာ တိုက်တွန်းနှိုးဆော်ခြင်း၊ ညှိနှိုင်းပေါင်းစပ်ခြင်း၊ ကြပ်မတ်ခြင်းတို့ကို ပြုလုပ်၍ ပံ့ပိုးကူညီသွားမှာဖြစ်ကြောင်း။

စဉ်ဆက်မပြတ်

နိုင်ငံတော်၏ မဟာဓာတ်အားလိုင်းအတွင်း ထည့်သွင်းထားသည့် ရေအားလျှပ်စစ်စီမံကိန်းအကြီးစားနှင့် အလတ်စားများအပြင် ဒေသတွင်းသုံးစွဲရန်အတွက် အကောင်အထည်ဖော်မည့် လျှပ်စစ်စီမံကိန်းအငယ်စားများကိုလည်း ဦးစားပေးအစီအစဉ်များဖြင့် စဉ်ဆက်မပြတ် အကောင်အထည်ဖော်သွားရန် လိုကြောင်း။

နိုင်ငံတော်အကြီးအကဲက အမှတ်(၂) စက်မှုဝန်ကြီးဌာနကိုလည်း ဒေသသုံး အငယ်စား ရေအားလျှပ်စစ်စက်များကို ထုတ်လုပ်နိုင်အောင် စီမံရန် တာဝန်ပေးထားပြီးဖြစ်ရာ မိမိတို့အပိုင်းက ဒေသန္တရသုံး ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်မည့် ရေအရင်းအမြစ်များကို ဒေသခံများ၏ အကူအညီရယူပြီး ရှာဖွေတိုင်းတာ ဆောင်ရွက်သွားရန် အရေးကြီးကြောင်း။

ပူးတွဲတည်ဆောက်

ထို့အတူ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တည်ဆောက်ခဲ့သော ဆည်တမံများမှာ စိုက်ပျိုးမြေများသို့ ရေပေးဝေရင်း ဒေသသုံး ရေအားလျှပ်စစ် စက်ရုံငယ်များကိုပါ ပူးတွဲတည်ဆောက်နိုင်အောင် ပြန်လည်စိစစ်ကြိုးစားရန်လိုကြောင်း။

မဟာဓာတ်အားလိုင်း စနစ်အတွင်း အကျုံးဝင်သည့် စီမံကိန်းကြီးများနှင့် ဒေသအတွင်းသုံးစွဲရန် တည်ဆောက်သည့် စီမံကိန်းများကို မည်သို့မည်ပုံ ဟန်ချက်ညီညီ အကောင်အထည်ဖော်သွားမည်ဆိုသည့် Master Plan တစ်ခုကိုလည်း ခိုင်ခိုင်မာမာ ရေးဆွဲရန်လိုကြောင်း။

ထိထိရောက်ရောက်ပြုပြင်

လျှပ်စစ်ဓာတ်အားကို တိုးချဲ့ထုတ်လုပ်ရန် စက်ရုံသစ်များ တည်ဆောက်ခြင်း၊ ဖြန့်ဖြူးမည့် ဓာတ်အားခွဲရုံများ၊ ဓာတ်အားလိုင်းများ တိုးချဲ့တည်ဆောက်ခြင်း၊ ခေတ်မီအောင်ပြုပြင်ခြင်းများပြုလုပ်ရမှာ ဖြစ်သကဲ့သို့ ဓာတ်အားဖြန့်ဖြူးရောင်းချလျက်ရှိသည့် ဝန်ဆောင်မှု အပိုင်းကိုလည်း တိုးတက်ကောင်းမွန်လာအောင်၊ မသမာမှုများမရှိအောင် ကြိုးစားပြုပြင်သွားရန်လိုကြောင်း၊ ဓာတ်အားဖြန့်ဖြူးရာ၌ ဓာတ်အားလျော့နည်း ပျောက်ဆုံးမှုများရှိနေဆဲဖြစ်ကြောင်း၊ ဓာတ်အားပျောက်ဆုံးမှုတွင် စက်ကိရိယာပစ္စည်းပိုင်း၏ အားနည်းမှုကြောင့်ဖြစ်နေသကဲ့သို့ လူ့ပယောဂ၏ မသမာမှုများကြောင့်လည်း ဖြစ်နေကြောင်း၊ ယင်းနှစ်ပိုင်းစလုံးကို ထိထိရောက်ရောက် ပြုပြင်အားထုတ်သွားရမှာဖြစ်ကြောင်း။

ထို့အတူ လျှပ်စစ်ဓာတ်အားခများကိုလည်း မှန်မှန်ကန်ကန် စနစ်တကျ အချိန်မီ ကြပ်မတ်ကောက်ခံနိုင်ရေးကိုလည်း စီစဉ်သွားရန် ဖြစ်ကြောင်းဖြင့် အဖွင့်အမှာစကား ပြောကြားသည်။

စက်ရုံပေါင်း ၂၄ ရုံ

ဆက်လက်၍ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်းက ရှင်းလင်းတင်ပြရာ၌ လျှပ်စစ်ကဏ္ဍဓာတ်အားပေးစက်ရုံများ၏ စက်တပ်ဆင်အား အခြေအနေမှာ ၁၉၈၈ခုနှစ် မတိုင်မီက စက်တပ်ဆင်အား

အမှတ်(၂) စက်မှု ဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင် ရှင်းလင်း တင်ပြစဉ်။

(သတင်းစဉ်)

၂၂၈ ဒသမ၄၅၃ မဂ္ဂါဝပ်ရှိ ရေအားစက်ရုံ ၁၄ရုံ၊ မဂ္ဂါဝပ် ၂၈၀ရှိ ဓာတ်ငွေ့သုံး စက်ရုံ ခုနစ်ရုံ၊ မဂ္ဂါဝပ် ၆၀ ရှိ ရေနွေးငွေ့စက်ရုံ သုံးရုံ စုစုပေါင်း ၅၆၈ ဒသမ ၄၅၃မဂ္ဂါဝပ်ရှိ စက်ရုံပေါင်း ၂၄ရုံ ရှိခဲ့ကြောင်း။

၁၉၈၈ နောက်ပိုင်း ဓာတ်အားပေးစက်ရုံများကို အသစ်တည်ဆောက်ခဲ့ရာ ၅၁၇ ဒသမ ၂၂၇မဂ္ဂါဝပ်ရှိ ရေအားစက်ရုံ ၃၀၊ ၂၈၁မဂ္ဂါဝပ်ရှိ ဓာတ်ငွေ့သုံး စက်ရုံလေးရုံ၊ မဂ္ဂါဝပ်၁၂၀ရှိ ရေနွေးငွေ့စက်ရုံ တစ်ရုံ၊ ၁၅၂ ဒသမ၉ မဂ္ဂါဝပ်ရှိ စွန့်ပစ် အပူသုံးစက်ရုံ လေးရုံ စုစုပေါင်း ၁၀၇၁ ဒသမ၁၂၇မဂ္ဂါဝပ်ရှိ စက်ရုံ ပေါင်း ၃၉ရုံ တိုးတက်တည်ဆောက်နိုင်ခဲ့ကြောင်း။

ရေအားလျှပ်စစ်စီမံကိန်းများ

လျှပ်စစ်ဓာတ်အား တိုးမြှင့်ရရှိရေးအတွက် ရေအားလျှပ်စစ်စီမံကိန်း ၁၆ခုကို ဆက်လက်အကောင်အထည်ဖော်တည်ဆောက်လျက်ရှိရာ မန္တလေးတိုင်း ကျောက်ဆည်မြို့နယ်၌ မဂ္ဂါဝပ်၇၉၀ရရှိမည့် ရဲရွာရေအားလျှပ်စစ်စီမံကိန်း၊ ပဲခူးတိုင်း ဖြူးမြို့နယ်၌ မဂ္ဂါဝပ်၆၀ရရှိမည့် ကွန်းချောင်း ရေအားလျှပ်စစ်စီမံကိန်း၊ ပဲခူးတိုင်း ဖြူးမြို့နယ်၌ မဂ္ဂါဝပ်၄၀ ရရှိမည့် ဖြူးချောင်းရေအားလျှပ်စစ်စီမံကိန်း၊ ပဲခူးတိုင်း အုတ်တွင်းမြို့နယ်၌ မဂ္ဂါဝပ်၃၀ရရှိမည့် ခပေါင်းရေအားလျှပ်စစ်စီမံကိန်း၊ ပဲခူးတိုင်း ကျောက်တံခါးမြို့နယ်၌ ၂၅မဂ္ဂါဝပ်ရရှိမည့် ရဲနွယ်ရေအားလျှပ်စစ်စီမံကိန်း၊ ပဲခူးတိုင်း ရွှေကျင်မြို့နယ်၌ ၇၅မဂ္ဂါဝပ်ရရှိမည့် ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ်၌ မဂ္ဂါဝပ် ၆၀၀ရရှိမည့် ရွှေလီရေအားလျှပ်စစ်စီမံကိန်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်၌ ၅၄မဂ္ဂါဝပ်ရရှိမည့် ကျိုင်းတောင်းရေအား လျှပ်စစ်စီမံကိန်း၊ ကရင်ပြည်နယ် သံတောင်မြို့၌ ၂ဒသမ၂မဂ္ဂါဝပ်ရရှိမည့် ပသိရေအားလျှပ်စစ်စီမံကိန်းနှင့် ရခိုင်ပြည်နယ် သံတွဲမြို့နယ်၌ ၁၀၂မဂ္ဂါဝပ်ရရှိမည့် သူဋွေးရေအားလျှပ်စစ်စီမံကိန်းတို့ဖြစ်ကြောင်း။

တည်ဆောက်ရန် လျာထားသည့် ရေအားလျှပ်စစ်စီမံကိန်း ၁၅ခုမှာ မဂ္ဂါဝပ် ၁၆၀ရရှိမည့် ပဲခူးတိုင်း ကျောက်ကြီးမြို့နယ်မှ ဘောဂတ ရေအားလျှပ်စစ်စီမံကိန်း၊ ၄၈မဂ္ဂါဝပ်ရရှိမည့် ကယားပြည်နယ် လွိုင်ကော်မြို့နယ်မှ ဘီလူးချောင်း (၃)ရေအားလျှပ်စစ်စီမံကိန်း၊ ပထမအဆင့် မဂ္ဂါဝပ် ၁၄၀၊ ဒုတိယအဆင့် မဂ္ဂါဝပ် ၁၄၀ရရှိမည့် မွန်ပြည်နယ် ဘီးလင်းမြို့နယ်မှ ဘီးလင်းရေအားလျှပ်စစ်စီမံကိန်း၊ မဂ္ဂါဝပ် ၆၀၀ရရှိမည့် ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်မှ ဟတ်ကြီး ရေအားလျှပ်စစ်စီမံကိန်း၊ မဂ္ဂါဝပ် ၆၆၀ရရှိမည့် စစ်ကိုင်းတိုင်း ဘုတလင်မြို့နယ်မှ ရွှေစာရေး ရေအားလျှပ်စစ်စီမံကိန်း၊ ၃၉မဂ္ဂါဝပ်ရရှိမည့် ရခိုင်ပြည်နယ် သံတွဲမြို့နယ်မှ သံတွဲရေအားလျှပ်စစ်စီမံကိန်း၊ မဂ္ဂါဝပ် ၃၀ရရှိမည့် ရခိုင်ပြည်နယ် ဂွမြို့နယ်မှ ကျိန္တလီရေအားလျှပ်စစ်စီမံကိန်း၊ ၅၄မဂ္ဂါဝပ် ရရှိမည့် ရှမ်းပြည်နယ်(တောင်ပိုင်း)မိုးနဲမြို့နယ်မှ အထက်ကျိုင်းတောင်း ရေအားလျှပ်စစ်

အမျိုးသား စီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီး ဌာန ဝန်ကြီး ဦးစိုးသာ ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

စီမံကိန်း၊ မဂ္ဂါဝပ် ၃၈၀ရရှိမည့် ချင်းပြည်နယ် ဖလမ်းမြို့နယ်မှ မဏိပူရ ရေအားလျှပ်စစ်စီမံကိန်း၊ မဂ္ဂါဝပ် ၆၀၀ရရှိမည့် တနင်္သာရီတိုင်း တနင်္သာရီမြို့နယ်မှ တနင်္သာရီရေအားလျှပ်စစ်စီမံကိန်း၊ မဂ္ဂါဝပ် ၁၅၀ရရှိမည့် ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ခမ်းမြို့နယ်မှ ရွှေလီ(၁)ရေအားလျှပ်စစ်စီမံကိန်း၊ မဂ္ဂါဝပ် ၅၀၀ရရှိမည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်မြို့နယ်မှ ရွှေလီ(၂)ရေအားလျှပ်စစ်စီမံကိန်း၊ မဂ္ဂါဝပ် ၈၀၀ရရှိမည့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်မှ မေခရေအားလျှပ်စစ်စီမံကိန်း၊ ၂၅မဂ္ဂါဝပ်ရရှိမည့် ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်မှ ဒယိုင်ချောင်းရေအားလျှပ်စစ်စီမံကိန်း၊ မဂ္ဂါဝပ် ၂၀ရရှိမည့် တနင်္သာရီတိုင်း တနင်္သာရီမြို့နယ်မှ သကျက်ရေအားလျှပ်စစ်စီမံကိန်းတို့ဖြစ်ပြီး စုစုပေါင်း တပ်ဆင်မည့် စက်အင်အားမှာ ၄၃၄၆ မဂ္ဂါဝပ် ရရှိမည်ဖြစ်ကြောင်း။

ဓာတ်အားပေးစက်ရုံ

မဟာဓာတ်အားလိုင်းစနစ်သို့ လက်ရှိလျှပ်စစ်ဓာတ်အားထုတ်ပေးနေသော ဓာတ်အားပေးစက်ရုံ၁၁ရုံမှာ ကယားပြည်နယ် လွိုင်ကော်မြို့နယ်ရှိ ဘီလူးချောင်း (၂)ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ မန္တလေးတိုင်း မြစ်သားမြို့နယ်ရှိ ကင်းတားရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ မန္တလေးတိုင်း မတ္တရာမြို့နယ်ရှိ ဆည်တော်ကြီးရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ ကယားပြည်နယ် လွိုင်ကော်

၁၉၈၈ နောက်ပိုင်း ဓာတ်အားပေးစက်ရုံများကို အသစ်တည်ဆောက်ခဲ့ရာ ၅၁၇ ဒသမ ၂၂၇မဂ္ဂါဝပ်ရှိ ရေအားစက်ရုံ ၃၀၊ ၂၈၁မဂ္ဂါဝပ်ရှိ ဓာတ်ငွေ့သုံး စက်ရုံလေးရုံ၊ မဂ္ဂါဝပ်၁၂၀ရှိ ရေနွေးငွေ့စက်ရုံ တစ်ရုံ၊ ၁၅၂ ဒသမ၉ မဂ္ဂါဝပ်ရှိ စွန့်ပစ် အပူသုံးစက်ရုံ လေးရုံ စုစုပေါင်း ၁၀၇၁ ဒသမ၁၂၇မဂ္ဂါဝပ်ရှိ စက်ရုံ ပေါင်း ၃၉ရုံ တိုးတက် တည်ဆောက်နိုင်ခဲ့။

မြို့နယ်ရှိ ဘီလူးချောင်း(၁)ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ ရှမ်းပြည်နယ် (တောင်ပိုင်း)ရပ်စောက်မြို့နယ်ရှိ ဇော်ဂျီ(၁)နှင့် ဇော်ဂျီ(၂) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ ပဲခူးတိုင်း ပဲခူးမြို့နယ်ရှိ ဇောင်းတူရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ စစ်ကိုင်းတိုင်း ကျွန်းလှမြို့နယ်ရှိ သဖန်းဆိပ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ မကွေးတိုင်း စေတုတ္တရာမြို့နယ်ရှိ မုန်းချောင်းရေအား လျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ မန္တလေးတိုင်း ပျဉ်းမနားမြို့နယ်ရှိ ပေါင်းလောင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ်ရှိ တီကျစ်ကျောက်မီးသွေးဓာတ်အားပေးစက်ရုံတို့ဖြစ်ပြီး စုစုပေါင်းလျှပ်စစ် ဓာတ်အား၈၃၂မဂ္ဂါဝပ်တပ်ဆင် စက်အင်အားရှိကြောင်း။

ဦးစားပေးတည်ဆောက်လျက်ရှိသော ရေအားလျှပ်စစ်စီမံကိန်းများမှာ ရဲနွယ်ရေအားလျှပ်စစ်စီမံကိန်း၊ ခပေါင်းရေအားလျှပ်စစ်စီမံကိန်း၊ ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်း၊ ရွှေလီရေအားလျှပ်စစ်စီမံကိန်း၊ ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်း၊ ဖြူးချောင်း ရေအားလျှပ်စစ်စီမံကိန်း၊၊ ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းနှင့် ရဲရွာရေအားလျှပ်စစ်စီမံကိန်းတို့ဖြစ်ပြီး ရဲနွယ်၊ ခပေါင်းနှင့် ဖြူးချောင်းရေအားလျှပ်စစ်စီမံကိန်းသုံးခုမှာ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနတို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများဖြစ်ကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က ရှင်းလင်းတင်ပြရာ၌ မဟာဓာတ်အားလိုင်းစနစ်သို့ လျှပ်စစ်ဓာတ်အားထုတ်ပေးနေသည့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများမှာ ဘီလူးချောင်း(၁)၊ ဘီလူးချောင်း(၂)၊ ဇော်ဂျီ(၁)၊ ဇော်ဂျီ(၂)၊ ကင်းတား၊ ဆည်တော်ကြီး၊ ဇောင်းတူ၊ သဖန်းဆိပ်၊ ပေါင်းလောင်းနှင့် မုန်းချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများဖြစ်ကြောင်း၊ စုစုပေါင်း ရေအားလျှပ်စစ် ၇၁၂မဂ္ဂါဝပ်ဖြစ်ကြောင်း။

သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံများမှာ ရွာမ၊ ကျွန်းချောင်း၊ မန်း၊ သထုံ၊ ရွှေတောင်၊ မြန်အောင်၊ သာကေတ၊ အလုံနှင့် လှော်ကားစက်ရုံများဖြစ်ပြီး စုစုပေါင်းစက်တပ်ဆင်အင်အားလျှပ်စစ်ဓာတ်အား ၅၄၉ဒသမ၉မဂ္ဂါဝပ်ရှိကြောင်း။

ရေနွေးငွေ့သုံးဓာတ်အားပေးစက်ရုံ

ရေနွေးငွေ့သုံး ဓာတ်အားပေးစက်ရုံများမှာ အလုံ၊ လှော်ကား၊ ရွာမ၊ သာကေတ၊ တီကျစ်နှင့် မော်လမြိုင်တို့ရှိ စက်ရုံများဖြစ်ပြီး စုစုပေါင်း လျှပ်စစ်ဓာတ်အား ၂၈၅မဂ္ဂါဝပ်ထုတ်ယူရရှိနိုင်သည့်စက်အင်အားရှိကြောင်း၊ ဓာတ်အားပေး စက်ရုံ စုစုပေါင်း ၂၅ခုက လျှပ်စစ်ဓာတ်အား ၁၅၄၆ဒသမ ၉ မဂ္ဂါဝပ် ထုတ်ပေးနိုင်သည့် စက်အင်အားရှိကြောင်း၊ သို့ရာတွင် အကြောင်းအမျိုးမျိုးများကြောင့် ၂၀၀၅ခုနှစ်အတွင်းတွင် အမြင့်ဆုံး မဂ္ဂါဝပ် ၈၁၈ကျော်၊ အနိမ့်ဆုံး ၆၀၁မဂ္ဂါဝပ်ကျော် ထုတ်လုပ်နိုင်ကြောင်း။

မိမိတို့ ဝန်ကြီးဌာန၌ ကေဗွီ ၂၃၀ ဓာတ်အားခွဲရုံ ၁၂ရုံ၊ ၁၃၂ကေဗွီ ဓာတ်အားခွဲရုံ ၁၆ရုံ၊ ၆၆ကေဗွီ ဓာတ်အားခွဲရုံ ၄၇ရုံ စုစုပေါင်း ပင်မဓာတ်အားခွဲရုံ ၇၅ရုံရှိပြီး ၁၉၈၈ခုနှစ်နောက်ပိုင်းတွင် ၃၇ရုံတိုးချဲ့ တည်ဆောက်ခဲ့ကြောင်း။

မဟာဓာတ်အားလိုင်းများ

မဟာဓာတ်အားလိုင်းများအနေဖြင့် ၈၃၄ ဒသမ ၁၆ မိုင်ရှည် ကေဗွီ ၂၃၀ ဓာတ်အားလိုင်း ၁၃လိုင်း၊ ၁၀၅၆ဒသမ ၇၃မိုင်ရှည် ၁၃၂ကေဗွီဓာတ်အားလိုင်း ၁၉လိုင်း၊ ၁၂၂၄ဒသမ ၉၂မိုင်ရှည် ၆၆ကေဗွီဓာတ်အားလိုင်း ၅၂လိုင်း ရှိကြောင်း၊ ဓာတ်အားလိုင်း စုစုပေါင်း ၈၄လိုင်းရှိပြီး ဓာတ်အားတိုင်အရေအတွက်အားဖြင့် ၂၄၉၄၃တိုင်ရှိကြောင်း။

ဓာတ်အားစီးဆင်းမှု ကောင်းမွန်စေရေးအတွက် ဆက်လက်တည်ဆောက်ရမည့် မဟာဓာတ်အားလိုင်း စီမံကိန်းများမှာ ၁၇၇မိုင်ရှည် တောင်ငူ–ကျောက်တံခါး–ပဲခူး–သန်လျင် ကေဗွီ ၂၃၀ဓာတ်အားလိုင်းစီမံကိန်း၊ ၁၀၅မိုင်ရှည် မိတ္ထီလာ–တောင်တွင်းကြီး ကေဗွီ၂၃၀ ဓာတ်အားလိုင်းစီမံကိန်း၊ မိုင် ၆၀ရှည် ပဲခူး–မြောင်းတကာ ကေဗွီ၂၃၀ဓာတ်အားလိုင်းစီမံကိန်း၊ ၁၂ မိုင်ရှည် ရွှေစာရံ–အောင်ပင်လယ် ကေဗွီ၂၃၀ ဓာတ်အားလိုင်း စီမံကိန်းတို့ဖြစ်ကြောင်း။

စီမံကိန်းသစ်များ

အသစ်တည်ဆောက်မည့်ရေအားလျှပ်စစ်စက်ရုံများနှင့် ဆက်နွယ်သော မဟာဓာတ်အားလိုင်း စီမံကိန်းသစ်များမှာ မိုင် ၁၈၀ရှည် မဏိပူရ–မုံရွာ ကေဗွီ ၂၃၀ဓာတ်အားလိုင်း စီမံကိန်း၊ မိုင်၁၀၀ရှည် ကြီးအုံကြီးဝ– မင်းဘူး ၁၃၂ကေဗွီ ဓာတ်အားလိုင်းစီမံကိန်း၊ ၆၉ မိုင်ရှည် သူငွေး–ဥသျှစ်ပင် ကေဗွီ ၂၃၀ဓာတ်အားလိုင်းစီမံကိန်း၊ ၂၄ မိုင်ရှည် ဥသျှစ်ပင်–ရွှေတောင် ကေဗွီ ၂၃၀ ဓာတ်အားလိုင်း စီမံကိန်းတို့ဖြစ်ကြောင်း။

နှစ်အလိုက် ဓာတ်အားထုတ်လုပ်မှု၊ သုံးစွဲမှု၊ ပျောက်ဆုံးမှုအခြေအနေမှာ ၁၉၈၈–၈၉ခုနှစ်တွင် လျှပ်စစ်ဓာတ်အား ယူနစ် ၂၂၂၆ဒသမ၄၅သန်း ထုတ်လုပ်ခဲ့ပြီး ယူနစ်ပေါင်း ၁၄၇၅ဒသမ၅၅သန်းသုံးစွဲခဲ့ကြောင်း၊ ဓာတ်အားပျောက်ဆုံးမှုအနေဖြင့် ၇၅၀ဒသမ၉၀ယူနစ် ရာခိုင်နှုန်းအားဖြင့် ၃၄ရာခိုင်နှုန်း ဓာတ်အားများ ပျောက်ဆုံးခဲ့ကြောင်း။

ဓာတ်အားရယူရောင်းချမှု

၂၀၀၅–၂၀၀၆ခုနှစ်တွင် လျှပ်စစ်ဓာတ်အား ယူနစ် ၆၀၆၄ ဒသမ ၁၆သန်း ထုတ်လုပ်ခဲ့ပြီး ၄၄၃၁ ဒသမ ဝ၆သန်း သုံးစွဲခဲ့ကြောင်း၊ ဓာတ်အား ပျောက်ဆုံးမှုအနေဖြင့် ၁၆၃၃ ဒသမ ၁၀ သန်းဆုံးရှုံးပြီး ရာခိုင်နှုန်းအားဖြင့် ဓာတ်အားများ ၂၇ရာခိုင်နှုန်း ပျောက်ဆုံးခဲ့ပါကြောင်း စသည်ဖြင့် ရှင်းလင်းတင်ပြပြီး မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ ဓာတ်အားရယူရောင်းချမှုအပေါ် အရှုံးအမြတ် အခြေအနေ၊ ပြည်နယ်/တိုင်းများအလိုက် နေ့/ညဓာတ်အားလိုအပ်ချက် ပမာဏတို့ကိုပါ တင်ပြသည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးက ရေအားလျှပ်စစ်ထုတ်ယူရရှိရေးအတွက် မိမိတို့ဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ခဲ့သည့် စီမံကိန်းများ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနများနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ လျှပ်စစ်စွမ်းအား ဖွံ့ဖြိုးရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်တို့က ရေလှောင်တမံများမှ ရေအားလျှပ်စစ်ထုတ်ယူရရှိရေး ဆောင်ရွက်နေသည့်အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်က လျှပ်စစ်မီတာပုံးများနှင့် မဟာဓာတ်အားလိုင်းများ၌သုံးစွဲသည့် ပြည်ပမှဝယ်ယူနေရသော ဓာတ်ကြိုးများ(ACSR)တို့ကို မိမိဝန်ကြီးဌာနရှိ စက်ရုံများမှ ထုတ်လုပ်လျက်ရှိသည့် အခြေအနေနှင့် နောင်ဆက်လက်ထုတ်လုပ်သွားမည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

သဘာဝဓာတ်ငွေ့တွင်း

ယင်းနောက် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီက လျှပ်စစ်ဓာတ်အားပိုမိုဖြန့်ဖြူးနိုင်ရေးအတွက် သဘာဝဓာတ်ငွေ့တွင်းများ တူးဖော်မှု၊ ပိုက်လိုင်းများသွယ်တန်းတပ်ဆင်နေမှု၊ ဓာတ်ငွေ့ဖြန့်ဖြူးပေးနိုင်မှု အခြေအနေတို့ကိုလည်းကောင်း၊ ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာက နိုင်ငံတော်၏ စီးပွားဖွံ့ဖြိုးတိုးတက်မှု၌ လျှပ်စစ်ကဏ္ဍ၏အနေအထားကို ရှင်းလင်းတင်ပြသည်။

အရှိန်အဟုန်ရရှိ

ထို့နောက် နိုင်ငံတော်လျှပ်စစ်စွမ်းအား ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားပြီး နိဂုံးချုပ်မှာကြားရာ၌ နိုင်ငံတော်၏အစီအမံဖြင့် လျှပ်စစ်စီမံကိန်းများကို အကောင်အထည်ဖော်လျက်ရှိသည်မှာ အရှိန်အဟုန်ရနေပြီဖြစ်ကြောင်း။

ထမံသီစီမံကိန်းပါဝင်သည့် ချင်းတွင်းမြစ်ဝှမ်းစီမံကိန်းများ၊ မေခမြစ်ဆုံစီမံကိန်း၊ အဆင့်ဆင့်သောရွှေလီစီမံကိန်း၊ ဟတ်ကြီးစီမံကိန်း၊ တာဆန်းစီမံကိန်း စသည့် ရေအားလျှပ်စစ်စီမံကိန်းကြီးများမှာလည်း စိတ်ကူးယဉ်အိပ်မက်အဆင့်မျိုးမဟုတ်တော့ဘဲ လက်တွေ့ကျကျအစပျိုးအကောင်အထည်ဖော်နေသည့် အဆင့်သို့ရောက်ရှိနေပြီဖြစ်၍ အနာဂတ်မျှော်မှန်းချက်အရ ပြည်တွင်းသုံးစွဲမှုကို လုံလောက်ဖူလုံစေရုံသာမက နောင်တွင်လျှပ်စစ်ဓာတ်အားကို ပြည်ပသို့ပင် ရောင်းချနိုင်မည့်အခြေအနေရှိနေပြီဖြစ်ကြောင်း။

မြန်မြန်အကောင်အထည်ဖော်

အရေးကြီးသည်မှာ အကောင်အထည်ဖော်လျက်ရှိသည့် စီမံကိန်းများကို မြန်မြန်အကောင်အထည်ဖော်ဆောင်ရွက်ပြီး မြန်မြန်အကျိုးကျေးဇူးခံစားနိုင်ရန်ဖြစ်ကြောင်း၊ ထို့ကြောင့် စီမံကိန်းလုပ်ငန်းခွင်များသို့ အမြဲမပြတ်ကွင်းဆင်းထိတွေ့ပြီး အောက်ခြေအဖွဲ့အစည်းများကို အားပေးနေရန်ဖြစ်ကြောင်း။

ကြပ်မတ်သွန်သင်

မိမိတို့၏အောက်ခြေဝန်ထမ်းအပိုင်းများက နိုင်ငံတော်အကျိုး၊ ပြည်သူများ၏အကျိုးအတွက် ရဲရဲတင်းတင်းလုပ်ကိုင်တတ်လာအောင်၊ စိတ်ဓာတ်ကောင်းကောင်းဖြင့် မိမိတို့တာဝန်များကိုဆောင်ရွက်လာအောင် ကြပ်မတ်သွန်သင်မှုများပြုလုပ်၍ လုပ်ငန်းများကိုအကောင်အထည်ဖော်ဆောင်ရွက်သွားရန်ဖြစ်ကြောင်းဖြင့် မှာကြားပြီး အစည်းအဝေးကို ညနေ၆နာရီတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ရေအားလျှပ်စစ်ဓာတ်အားတိုးမြှင့်ရရှိရေး တည်ဆောက်လျက်ရှိသည့်စီမံကိန်းများ

- ❒ မန္တလေးတိုင်း ကျောက်ဆည်မြို့နယ်၌ မဂ္ဂါဝပ်၇၉၀ရှိ ရဲရွာရေအားလျှပ်စစ်စီမံကိန်း။
- ❒ ပဲခူးတိုင်း ဖြူးမြို့နယ်၌ မဂ္ဂါဝပ်၆၀ရှိ ကွန်းချောင်း ရေအားလျှပ်စစ် စီမံကိန်း။
- ❒ ပဲခူးတိုင်း ဖြူးမြို့နယ်၌ မဂ္ဂါဝပ်၄၀ရှိ ဖြူးချောင်းရေအား လျှပ်စစ်စီမံကိန်း။
- ❒ ပဲခူးတိုင်း အုတ်တွင်းမြို့နယ်၌ မဂ္ဂါဝပ်၃၀ရှိ ခပေါင်း ရေအားလျှပ်စစ်စီမံကိန်း။
- ❒ ပဲခူးတိုင်း ကျောက်တံခါးမြို့နယ်၌ ၂၅မဂ္ဂါဝပ်ရှိ ရဲနွယ်ရေအားလျှပ်စစ်စီမံကိန်း။
- ❒ ပဲခူးတိုင်း ရွှေကျင်မြို့နယ်၌ ၇၅မဂ္ဂါဝပ်ရှိ ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း။
- ❒ ရှမ်းပြည်နယ်(မြောက်ပိုင်း)နမ့်ခမ်းမြို့နယ်၌ မဂ္ဂါဝပ်၆၀၀ရှိ ရွှေလီရေအားလျှပ်စစ်စီမံကိန်း။
- ❒ ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်၌ ၅၄မဂ္ဂါဝပ်ရှိ ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်း။
- ❒ ကရင်ပြည်နယ် သံတောင်မြို့နယ်၌ ၂ဒသမ ၂မဂ္ဂါဝပ်ရှိ ပသိရေအားလျှပ်စစ် စီမံကိန်း
- ❒ ရခိုင်ပြည်နယ် သံတွဲမြို့နယ်၌ ၁၀၂မဂ္ဂါဝပ်ရှိ သူငွေး ရေအားလျှပ်စစ်စီမံကိန်း။

အမှတ်(၁)လျှပ်စစ် စွမ်းအားဝန် ကြီး ဌာ န ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

စွမ်းအင်ဝန်ကြီး ဌာန ဝန်ကြီး ဗိုလ် မှူး ချုပ် လွန်းသီ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အမှတ်(၂)လျှပ်စစ် စွမ်း အား ဝန် ကြီး ဌာ န ဝန်ကြီး ဗိုလ်ချုပ် ခင်မောင်မြင့် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ဇူလိုင် ၂၉ရက်၌ မိုးရွာသွန်းလေသမျှ

ကျောက်ဖြူမြို့	၂ ဒသမ ၉၉ လက်မ
ကျောက်တော်မြို့ } မချမ်းဘောမြို့	၂ ဒသမ ၇၂ လက်မ
အမ်းမြို့	၂ ဒသမ ၄၄ လက်မ
စစ်တွေမြို့	၂ ဒသမ ၁၃ လက်မ
ပဲခူးမြို့	၁ ဒသမ ၈၁ လက်မ
ဟားခါးမြို့	၁ ဒသမ ၅၇ လက်မ
နေပြည်တော်	၀ ဒသမ ၂၃ လက်မ

ဆေးတက္ကသိုလ်(၁)ရန်ကုန်ကျောင်းသားဟောင်းများ အာစရိယပူဇော်ကန်တော့ပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၉

ဆေးတက္ကသိုလ်(၁) ရန်ကုန်၌ ၁၉၆၄ခုနှစ်မှ စတင်၍ ပညာသင်ယူခဲ့ကြသော ဆေးတက္ကသိုလ်(၁)၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်နှင့် မွေးမြူရေးနှင့် ကုသရေးဆေးတက္ကသိုလ် ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၉၆၄–၂၀၀၆) (၄၂) နှစ်မြောက် အထိမ်းအမှတ် စုပေါင်း အာစရိယပူဇော်ကန်တော့ပွဲကို ၂၀၀၇–ခုနှစ် ဇန်နဝါရီ၂၀ရက်(စနေနေ့)တွင် ရန်ကုန်မြို့ ဝါးတန်းလမ်းရှိ ပန်ဒါဟိုတယ်၌ ကျင်းပရန် နာယက ဒေါက်တာဒေါ်တင်လင်းမြင့်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ကျန်းမာရေးစီမံကိန်းဦးစီးဌာနဥက္ကဋ္ဌ ဒေါက်တာဦးအောင်မွန်၊ ပါမောက္ခချုပ် ဆေးဝါးတက္ကသိုလ် အတွင်းရေးမှူး ဒေါက်တာဦးမြင့်အောင်ခင်တို့ ပါဝင်သော ကျင်းပရေးကော်မတီကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။

အငြိမ်းစားယူပြီး အဆက်အသွယ်ပြတ်နေသော ဆရာကြီး ဆရာမကြီးများ ကိုယ်တိုင်သော်လည်းကောင်း၊ မိသားစုမှသော်လည်းကောင်း၊ ဆက်သွယ်ကြပါရန် အနူးအညွတ် ပန်ကြားအပ်ပါသည်။ ကျောင်းသားကျောင်းသူဟောင်းများသည် ဒေါက်တာအောင်မွန် ဖုန်း – ၀၁–၅၂၇၀၄၃၊ ဒေါက်တာအေးမြင့် ဖုန်း – ၀၁–၇၀၄၅၆၁၊ ၀၁–၅၆၅၉၁၁၊ ဒေါက်တာဥမ္မာလွင် ဖုန်း – ၀၁–၃၇၅၈၆၄၊ ဒေါက်တာစိန်မြင့် ဖုန်း – ၀၉–၆၉၇၀၀၄၂၊ ဒေါက်တာတင်မောင်ဝင်း (PSI) ဖုန်း – ၀၉–၅၀၀၇၆၂၇၊ ဒေါက်တာတင်ဦး(PSI) ဖုန်း – ၀၂–၇၀၅၃၄နှင့် ဒေါက်တာမြင့်အောင်ခင် ဖုန်း–၀၁–၆၂၉၃၆၇တို့သို့ ဆက်သွယ်၍ ဓာတ်ပုံ၊ ကိုယ်ရေးမှတ်တမ်းနှင့် အလှူငွေများကို ပေးပို့နိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ရွာရန်ရာနှုန်း ၈၀

ယနေ့ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးအသင့်အတင့် ထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ဖျာပုံမြို့နယ်အသင်း(ရန်ကုန်) သက်ကြီးပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၉

ဖျာပုံမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်(၅၀)ပြည့် အခမ်းအနားကို ဩဂုတ် ၁၈ရက်တွင် ရန်ကုန်မြို့၌ သီတင်းသုံးတော်မူသော ဖျာပုံနယ်ဖွား ကျောင်းထိုင်ဆရာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများဆက်ကပ်ခြင်း၊ အသက်(၇၅)နှစ်ပြည့်ပြီး အသင်းဝင်ဘိုးဘွားများအား ပူဇော်ကန်တော့ခြင်းများ ကျင်းပမည်ဖြစ်သည်။

ဝါဆိုသင်္ကန်းနှင့် သက်ကြီးပူဇော်ပွဲအတွက် လှူဒါန်းလိုသူများသည် ဗိုလ်မှူးကြီးစိန်သန်း(ငြိမ်း) ဖုန်း–၃၉၅၀၉၀၊ ဦးသန်းလှိုင် ဖုန်း–၃၇၉၂၃၁၊ ဦးခင်ဦး ဖုန်း–၅၁၄၈၇၉၊ ဦးကျော်ဆန်းနိုင် ဖုန်း–၅၈၄၈၈၁၊ ဒေါ်မေမေလွင် ဖုန်း–၀၉၅၁–၅၃၄၁၄ နှင့် ဖျာပုံမြို့နယ်အသင်းတိုက် ဖုန်း–၃၉၂၁၇၆တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က–ပ)

အလှတွင်အယဉ်ဆင့် အမြင့်တင့်စေချင်

"စည်းကမ်းဆိုတဲ့ ဒီစကား ကြားရသူတိုင်းမှာ အတွေးဂယက်မှာ အလေးအနက်သာ ထားသင့်ကြတာ၊ စာလုံးလေး တေးအက္ခရာ နှစ်လုံးထဲသာ ဆိုပြန်ရာ တွေးကြည့်ပါမှသာ တန်ဖိုးအနန္တ ထိုက်တန်ပေတာ..."

ဒေါ်မေလှမြိုင်ဆိုသည့် စည်းကမ်းဟူသော သီချင်းလေးကို ရေဒီယိုက ကြားလိုက်ရသည်နှင့် ကျွန်မရင်ထဲမှ ခံစားချက်များသည် အတွေးများ အသွင်ပြောင်း၍ ဦးနှောက်ထဲသို့ ရောက်ရှိလာပါသည်။

လူသားတို့၏ဘဝရပ်တည်မှုအတွက် ဘောင်ခတ်သတ်မှတ်ထားသော တန်ဖိုးကြီးမားသည့်အရာမှာ စည်းကမ်းဖြစ်သည်။ စည်းကမ်း၏အနက် အဓိပ္ပာယ်မှာ ပိုင်းခြားသတ်မှတ်ထားခြင်းဟူ၍ ဖြစ်ပါသည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ရပ်ရေးရွာရေးများမကျန် ကဏ္ဍအလိုက် သတ်မှတ်ထားသော စည်းကမ်းအမျိုးမျိုး ရှိကြသည့်အနက် ယဉ်ကျေးမှုဓလေ့ထုံးစံများသည်လည်း လူမျိုးတစ်မျိုး၏ စည်းကမ်းများဖြစ်ရာ မိမိလူမျိုး၊ မိမိနိုင်ငံ၏ဂုဏ်သိက္ခာကို စောင့်ရှောက်ထိန်းသိမ်းမြှင့်တင်ရန်အတွက် ယဉ်ကျေးမှုစည်းကမ်းများကို လိုက်နာကျင့်သုံးရေးသည် တိုင်းရင်းသားပြည်သူများ၏ တာဝန်ဖြစ်ပါသည်။

ယဉ်ကျေးမှုစည်းကမ်းများအနက် ယနေ့မြန်မာအမျိုးသား၊ အမျိုးသမီးငယ်အချို့၏ ဝတ်စားဆင်ယင်မှုမှာ မိမိယဉ်ကျေးမှုနှင့် မဆီလျော်သည့် တိုင်းတစ်ပါး သရုပ်ပျက် ဝတ်စားဆင်ယင်မှုကို အတုယူဝတ်ဆင်နေကြသည်ကို တွေ့ရှိနေရပါသည်။

စင်တင်တေးဂီတဖျော်ဖြေပွဲတစ်ခုသို့ ခင်ပွန်းသည်နှင့်အတူ သွားကြည့်ခဲ့၏။ ကျွန်မတို့အတန်း၏ ရှေ့တန်း၌ အမျိုးသမီး ခုနစ်ယောက် ထိုင်နေသည်။ ထူးခြားစွာပင် ခုနစ်ယောက်စလုံး နောက်ကျောပြောင်ကြီးတွေနှင့်ဖြစ်၏။ ကျောတစ်ခုလုံး အင်္ကျီပိတ်စ အသားမရှိ၊

မြန်မာအမျိုးသမီးဟု ဆိုလိုက်သည်နှင့် ထဘီနှင့် အင်္ကျီကို အိန္ဒြေရရ ဝတ်ဆင်သူဟု နိုင်ငံတကာမှ သိကြ။

ရှေ့တွင်သာ အင်္ကျီပိတ်စပါပြီး နောက်ဘက်၌ အင်္ကျီပိတ်စ လုံးဝမပါသည်ကို အံ့သြစွာတွေ့ရ၏။ ဆံပင်များမှာလဲ တစ်ယောက်မျှ အနက်ရောင်မဟုတ်ကြပါ။ အနီ၊ အပြာ၊ ရွှေဝါ၊ အညို အရောင်စုံစွာ တွေ့ရ၏။ ကျွန်မမှာ ကြားထဲက သူတို့အစား မျက်နှာပူပြီး ရှက်နေမိပါသည်။ ဒီဇင်ဘာလဖြစ်ပြီး ခန်းမထဲတွင် ဖွင့်ထားသည့် လေအေးစက် အရှိန်နှင့်ပါ ရော၍ အေးစိမ့်နေရာ ဤမျှလောက် အေးနေသော အခန်းထဲ၌ ကျွန်မတို့ကသာ အနွေးထည်များဖြင့် ချမ်းနေသော်လဲ ထိုမိန်းကလေးများမှာ ချမ်းပုံမရကြ။ အလှပြချင်လွန်း၍ အချမ်းခံ နေကြသည်လား မသိနိုင်။

တစ်ခါတွင်လဲ ဆိုင်တစ်ဆိုင်၌ သားဖြစ်သူနှင့် အအေးဝင်သောက်၏။ ကျွန်မတို့စားပွဲနှင့် မျက်စောင်းထိုးစားပွဲတွင် ကောင်လေးနှစ်ယောက်နှင့် ကောင်မလေးတစ်ယောက် ကော်ဖီသောက်နေကြသည်။ ကောင်လေးတစ်ယောက်မှာ မျက်ခုံးနှစ်ခုကြား ဘယ်ဘက်မျက်ခုံးဘက်တွင် ကွင်းတစ်ခု၊ နှာခေါင်းတွင် ကွင်းတစ်ခု၊ မေးစေ့တွင် ကွင်းတစ်ခု ဖောက်ပြီးတပ်ထား၏။ ၎င်းတို့အဖွဲ့မှ နောက်ကောင်လေး တစ်ယောက်မှာ နားတွင် နားပေါက်ခြောက်ပေါက် ဖောက်ထားပြီး နားကပ်ငါးခု၊ နားကွင်းတစ်ခုတပ်ထား၏။ ကျွန်မမှာ မျက်စိများ မှားသလားထင်ပြီး အိပ်ထဲမှ မျက်မှန် ထုတ်ကြည့်လိုက်မိသည်။ နောက်ထပ်တွေ့လိုက်ရခြင်းမှာ ကောင်မလေး၏ချက်တွင် ကွင်းတပ်ထားခြင်းပင်။ ကျွန်မမှာ ကြက်သီးမွေးညင်းများ ထသွားမိသည်အထိ အံ့သြယူရ၏။

တစ်ရက်တွင် သမီးဖြစ်သူနှင့် ဗိုလ်ချုပ်အောင်ဆန်းဈေးသို့ ဈေးဝယ်ထွက်ခဲ့သည်။ အမျိုးသမီးဝတ်စုံများရောင်းသည့်ဆိုင်မှ မိန်းကလေးမှာ ချစ်စရာကောင်းပြီး စကားပြောချိုသာသည်။ ရယ်ဒီမိတ်အင်္ကျီ၊ လုံချည်များနှင့် အမျိုးသမီးသုံး ပစ္စည်းအဆန်းကလေးများရောင်း၏။ အဆိုပါ မိန်းကလေးဈေးရောင်းရင်း စကားပြောလျှင် လည်းကောင်း၊ ရယ်လိုက်လျှင်လည်းကောင်း လက်ခနဲ လက်ခနဲဖြစ်သွားသည်ကို တွေ့ရပါသည်။ သေသေချာချာကြည့်မှ သွားတွင် စိန်တပ်ထားခြင်းပေတည်း။ ဈေးဝယ် မိန်းကလေး နှစ်ယောက်က အိန္ဒိယမှလာသော အဝတ်တစ်ခုကို ဖြန့်ကြည့်နေ၏။ ရောင်းသူမိန်းကလေးရှင်းပြနေပုံမှာ ၎င်းအစသည် ပတ်ထဘီဖြစ်ကြောင်း၊ ယခု သူဝတ်ထားသော ထဘီသည်လဲ ပတ်ထဘီဖြစ်ကြောင်း၊ အိန္ဒိယမှလာကြောင်း တစ်ဆက်တည်းရှင်းပြ၏။ ဖြန့်လိုက်လျှင် မချုပ်ထားသော ပိတ်စတစ်ခုနှင့် ဘာမျှမခြားသည်ကို ထဘီလုပ်ပြီး ဝတ်နေခြင်းပင် ဖြစ်သည်။ တစ်ဖန် ဈေးဝယ်ကောင်မလေးများ၏ ရင်ညွန့်တွင် လက်လက်လက်လက် အတန်းကလေးများတွေ့ရ၍ အနားသို့ကပ်ကြည့်သောအခါ ငွေရောင်ရွှေရောင် ကြယ်ပုံ၊ပန်းပွင့်ပုံ ကပ်ခွာကလေးများ အတန်းလိုက် ပုံဖော်၍ ကပ်ထားကြ၏။ ရင်ညွန့်တွင်သာမက

ခင်ဦး

မျက်စိအောက်ရှိ ပါးရိုးပေါ်တွင်လဲ ကပ်ထားကြသေး၏။ ဆိုင်ရှင်၏ အဆိုအရ ထိုပစ္စည်းလေးများကို "မှုတူး"ဟု ခေါ်ကြောင်း သိရသည်။

တစ်ညနေခင်းတွင် ကျွန်မတို့မိတ်ဆွေတစ်စု ရန်ကုန်-ပြည်လမ်းမကြီးအတိုင်း ကားတစ်စီးဖြင့် မောင်းလာကြပါသည်။ အင်းလျားကန်စောင်း တစ်နေရာအရောက်တွင် ကားမောင်းသူ ညီမလေးက လမ်းဘေးသို့ ကားကိုအလန့်တကြားထိုးရပ်လိုက်၏။ ကျွန်မတို့လည်း ရုတ်တရက် ထိတ်လန့်သွားပြီး ဘာဖြစ်တာလဲဟု မေးသောအခါတွင် ဘာမှမပြောနိုင်ဘဲ တနေရာသို့ လက်ညှိုးသာထိုးပြ၏။ သူမလက်ညှိုးထိုးသည့်နေရာကို ကြည့်လိုက်ရာတွင် လမ်းလျှောက်လာသော စုံတွဲတစ်တွဲကို တွေ့ရ၏။ ကောင်လေး၏ဆံပင်မှာ ဆံပင်များကို အစုလိုက် ငါးနေရာစုပြီး ကော်နှင့်ကပ်၍ ထောင်ထားပြီး အင်္ကျီ၊ ဂျာကင်နှင့် ဘောင်းဘီများတွင်လဲ သံကြိုး၊ စတီးကြိုးများဖြင့် တွဲယှက်ချည်နှောင်ထားသဖြင့် ရှုပ်ယှက်ခတ် နေသည်။ ကောင်မလေး ဆံပင်မှာလဲ တစ်ပေခန့် အချွန်ကြီးလုပ်ပြီး ငယ်ထိပ်တည့်တည့်မှာ တစ်ပင်တည်း ထောင်ထား၏။ အရောင်လဲ ဆိုးထား၏။ အင်္ကျီမှာ စွပ်ကျယ်သေးသေးလေးကို ကျပ်ကျပ်သပ်သပ် ဝတ်ထားပြီး ဘောင်းဘီနှင့်အင်္ကျီမှာ လက်တစ်ဝါးခန့် လွတ်နေ၏။ ကျွန်မတို့မှာ နေဝင်ရီတရောအချိန်လဲဖြစ်၍ မကောင်းဆိုးဝါးများအလား ထင်ပြီး အားလုံးကြောင်ကြည့်နေမိ၏။ စိတ်ထဲမှာလဲ တခြားကမ္ဘာက ဂြိုဟ်သားတွေများလားဟု သံသယဖြစ်မိသည်အထိ တအံ့တသြဖြစ်ခဲ့ရပါသည်။

အခြားအမြင်မတော်မှုတစ်ခုမှာ အမျိုးသမီးငယ်ရွယ်လတ်များ ဘောင်းဘီကိုစပို့ရှပ်၊ လက်ပြတ်ကျပ်ကျပ်နှင့် တွဲဝတ်ပြီး ထိုင်သည့်အခါများတွင် ဖြစ်ပါ၏။ နောက်ကျောဘက်၌ အင်္ကျီကအပေါ်တိုတက်ကာ ဘောင်းဘီကအောက်ကိုကျဖြင့် "ယိုသူမရှက်မြင်သူရှက်" ဆိုတာ တယ်မှန်ပါလားဟု သုံးသပ်မိပါသည်။

ဤကဲ့သို့သော လူငယ်လူရွယ်တချို့၏ ဝတ်စားဆင်ယင်မှုများကို ကြည့်မည်ဆိုလျှင် မြန်မာ့ယဉ်ကျေးမှု၏ ဘောင်အပြင်ဘက်သို့ စည်းလွတ်ဝါးလွတ် ရောက်ရှိနေကြောင်း တွေ့မြင်နိုင်ပါသည်။ ခေတ်မီစွာ လှပရေးထက် တိုင်းတစ်ပါး ပုံစံအတုခိုးကာ စတိုင်ထုတ်နေကြခြင်း ဖြစ်ပါ၏။ **ခေတ်ရေစီးကြောင်းအလိုက် လှပသိမ်မွေ့စွာ ဝတ်စားဆင်ယင်မှုများကို အပြစ်မပြောလိုသော်လည်း မြန်မာ့မူ၊ မြန်မာ့ဟန်၊ မြန်မာ့စရိုက်နှင့် ကိုက်ညီဆီလျော်အောင် တိုင်းတစ်ပါးယဉ်ကျေးမှုများ မျက်လုံးစုံမှိတ်ပြီး ပုံတူကူးချခြင်းမျိုးမဖြစ်အောင် ယဉ်ယဉ်ကျေးကျေး ဝတ်ဆင်**ကြရန် လိုအပ်မည်ဟု ထင်ပါသည်။

ကျွန်မတို့ မြန်မာနိုင်ငံသည် ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်း၊ ကိုယ့်ယဉ်ကျေးမှုဖြင့် သမိုင်းအစဉ်အလာ ကြီးမားခဲ့သော နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ နှလုံးသည်းပွတ်နှင့်တူသော မြန်မာ့ယဉ်ကျေးမှုကို အသက်နှင့်ထပ်တူ စောင့်ထိန်းအပ်ပါသည်။ **မြန်မာအမျိုးသမီးဟု ဆိုလိုက်သည်နှင့် ထဘီနှင့်အင်္ကျီကို အိန္ဒြေရရ ဝတ်ဆင်သူဟု နိုင်ငံတကာမှ သိကြ**ပါ၏။ မြန်မာအမျိုးသမီးတို့၏လှတစ်မျက်နှာ ယဉ်တစ်ကိုယ်လုံး အလှဖော်ကျူးမှုသည် ဟီရိဩတ္တပ္ပတရားကို အခြေခံပြီး ဝတ်စားဆင်ယင်တတ်ခြင်းပင်ဖြစ်၏။ မြန်မာနိုင်ငံ၏ ရေမြေသဘာဝနှင့် အလိုက်ဖက်ဆုံး အရောင်မှာ ပိတုံးရောင်ကေသာ ဖြစ်ကြောင်း ယနေ့လူငယ်များ သတိပြုသင့်ပြီဖြစ်သည်။ ယနေ့ မျိုးဆက်သစ် မြန်မာအမျိုးသမီးငယ်တို့ **"ယဉ်ကျေးစွာလှပနည်း"**ကို အတုယူအားကျစေလိုပါသည်။

အနောက်တိုင်းယဉ်ကျေးမှုကို တုပဆင်ယင်နေသူတို့သည် ၎င်းတို့၏ သရုပ်ပျက်၊ မပေါ့တပေါ်၊ မလုံမခြုံ ဝတ်စားဆင်ယင်ထားမှုကို ၎င်းတို့ဘာသာတော့ အကျေနပ်ကြီး ကျေနပ်ကာ ဆန်းသစ်သည်ဟု ထင်ကြပေလိမ့်မည်။ ၎င်းတို့၏ ပတ်ဝန်းကျင်အသိုင်းအဝိုင်း ကွက်ကွက်ကလေးကြားတွင်လည်း ခေတ်ဆန်သည်၊ ထူးခြားဆန်းပြားပါပေသည်ဟု ထင်ကောင်းထင်ကြပါလိမ့်မည်။ သို့ရာတွင် မြန်မာ့ယဉ်ကျေးမှုနှင့် မြန်မာ့လူ့ဘောင်ကို တန်ဖိုးထား လေးစားသူများကမူ မနှစ်မြို့ကြဘဲ မိမိယဉ်ကျေးမှုကို ဖျက်ဆီးနေသူများအဖြစ် ပြစ်တင်ရှုတ်ချကြမည်မှာ ဧကန်မလွဲပင် ဖြစ်ပါသည်။

အရှက်လုံမှ အလှခြုံမည်ဖြစ်ကြောင်းကို သတိချပ်သင့်ပေသည်။ လူ့အဖွဲ့အစည်းတစ်ခုတွင် လုပ်သင့်လုပ်ထိုက်သော အမှုကိစ္စများလည်း ရှိသည်။ မလုပ်သင့်မလုပ်ထိုက်သော ကိစ္စများလည်းရှိသည်။ ထိုအမှုကိစ္စနှစ်မျိုးစလုံးကို နယ်နိမိတ်အနေဖြင့်လည်းကောင်း၊ အရန်အတားအနေဖြင့်လည်းကောင်း၊ ပိုင်းခြားသတ်မှတ်ထားခြင်းကို စည်းကမ်းဟု ခေါ်ပါ၏။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို လိုက်နာရန်ပျက်ကွက်ပါက အသက်ဆုံးရှုံးနိုင်သည်အထိ ဘေးအန္တရာယ် ကြုံတွေ့နိုင်ကြသလို ယဉ်ကျေးမှုစည်းကမ်းမရှိလျှင် နိုင်ငံ၏ဂုဏ်သိက္ခာကျဆင်းပြီး အမျိုးပျောက်မှာ စိုးကြောက်ပါရသည်အထိ တစ်မျိုးသားလုံးအတွက် အန္တရာယ်ကြီးမားကြောင်း သတိချပ်စေလိုပါသည်။ လူမျိုးပါပျောက်၍ နိုင်ငံ၏ဂုဏ်သိက္ခာ ကျဆင်းနိုင်သော အရေးကြီးဆုံး စည်းကမ်းမှာ ယဉ်ကျေးမှုစည်းကမ်း ဖြစ်ပါသည်။

ယနေ့ မျိုးဆက်သစ်အမျိုးသား၊ အမျိုးသမီးငယ်များသည် မိမိနိုင်ငံနှင့် လူမျိုး၏ ယဉ်ကျေးမှုအစဉ်အလာကို စောင့်ထိန်းပြီး မြန်မာ့ယဉ်ကျေးမှုဘောင်အတွင်းမှ ယဉ်ကျေးသိမ်မွေ့စွာ အလှဆင်ခြင်းဖြင့် တိုင်းတစ်ပါးမှ ထိုးဖောက်ဝင်ရောက်လာသော စည်းလွတ်ဝါးလွတ် သရုပ်ပျက်ယဉ်ကျေးမှုများကို တားဆီးကာကွယ်ကြပါစို့၊ မိဘမောင်ဘွား ဆွေမျိုးသားချင်းများ ကလည်း မကောင်းမေတ္တာ ကောင်းရာညွှန်လတ်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ခေတ်ရေစီးကြောင်းအလိုက် လှပသိမ်မွေ့စွာ ဝတ်စားဆင်ယင်မှုများကို အပြစ်မပြောလိုသော်လည်း မြန်မာ့မူ၊ မြန်မာ့ဟန်၊ မြန်မာ့စရိုက်နှင့် ကိုက်ညီဆီလျော်အောင် တိုင်းတစ်ပါးယဉ်ကျေးမှုများ မျက်လုံးစုံမှိတ်ပြီး ပုံတူကူးချခြင်းမျိုး မဖြစ်အောင် ယဉ်ယဉ်ကျေးကျေးဝတ်ဆင်။

နဝဒေးတံတား(ပြည်)
ရေလမ်းကြောင်းပြောင်းလဲသတ်မှတ်

ရန်ကုန် ဇူလိုင် ၂၉

နဝဒေးတံတား(ပြည်) ရေလမ်းကြောင်းတွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၅)နှင့်(၆) အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၄)နှင့်(၅) အကြားမှလည်းကောင်း သတ်မှတ်ပေးထားသည်။ ယခုအခါရေစီးနှုန်းတိုးလာသဖြင့် ရေလမ်းကြောင်း အခြေအနေအရ ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို ဇူလိုင် ၂၁ရက်မှစ၍ အစုန်လမ်းအဖြစ် ရေလယ်တိုင် အမှတ် (၃)နှင့်(၄)အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် (၂)နှင့်(၃)အကြားမှ လည်းကောင်း ပြောင်းလဲဖွင့်လှစ်ထားသည်။

အမှတ်အသားပြသ

ရေယာဉ်များ ဖြတ်သန်းရမည့် ဝင်ပေါက်တွင် အစိမ်းရောင်တြိဂံ အမှတ်အသားပြသ၍ ညအခါ မီးစိမ်းထွန်းပြသထားသည်။ မဝင်ရမည့် ရေလမ်းတွင် အနီရောင်ကြက်ခြေခတ် အမှတ်အသားပြသ၍ ညအခါ မီးနီထွန်းပြသထားသည်။

ရေလမ်းသတိပေးနှိုးဆော်

တံတားရေလယ်တိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ ပေခန့် အစွန်းထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုကြရန်နှင့် တွန်းရေယာဉ်များ တစ်တွဲချင်းချိတ်ဆွဲ ဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလမ်းသတိပေး နှိုးဆော်ချက် သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင် မြောင်းမြဂုန်နီစက်ရုံစစ်ဆေး တစ်နှစ်လျှင်ဂုန်နီအိတ်နှစ်သန်းကျော်ထုတ်လုပ်လျက်ရှိ

ရန်ကုန် ဇူလိုင် ၂၉

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင်သည် တိုင်းအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၂၁ ရက် နံနက် ၇ နာရီက မြောင်းမြမြို့ ဂုန်နီစက်ရုံသို့ရောက်ရှိပြီးစက်ရုံအတွင်း လျှော်ကြမ်းကြိတ်စက် လျှော်ခွဲစက်၊ လျှော်ငင်စက်၊ ကြိုးကျစ်စက်များ၊ ဂုန်နီကြိုးရစ်စက်နှင့် ရက်ကန်းရက်စက်များ စွမ်းအားပြည့်လည်ပတ်၍ ဝန်ထမ်းများဖြင့် ဂုန်နီအိတ်များ ချုပ်လုပ်ပြီးသည်အထိ လုပ်ငန်းအဆင့်ဆင့်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ စက်ရုံမှူး ဦးသန်းဝင်းနှင့်တာဝန်ရှိသူများ၏ လိုက်ပါရှင်းလင်းတင်ပြချက်များ အပေါ် တိုင်းမှူးက လျာထားချက်နှင့်အညီ ကုန်ထုတ်လုပ်နိုင်ရေး၊ သက်သာချောင်ချိရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေးနှင့် စက်သုံးဆီအစားထိုး ခြစ်ဆည်းရိုးကြက်ဆူပင်များ မြေကွက်လပ်မကျန် စိုက်ပျိုးရေးကိစ္စရပ်များမှာကြားခဲ့သည်။

စက်စွမ်းအားပြည့်ထုတ်လုပ်

မြောင်းမြဂုန်နီစက်ရုံအနေဖြင့် တိုင်းအတွင်း မြောင်းမြ၊ ဝါးခယ်မနှင့် ကျုံပျော် မြို့နယ်များရှိ လျှော်ရွေးလျှော်ထုတ်စက်ရုံများမှ ကုန်ကြမ်းများရယူ၍

တစ်နှစ်လျှင် ဂုန်နီအိတ်နှစ်သန်းကျော်အပါအဝင် ဂုန်နီကြိုး၊ ဂုန်နီဖျင်ပါးများအား စက်စွမ်းအားပြည့်ထုတ်လုပ်ဆောင်ရွက်လျက်ရှိသည်။

တွေ့ဆုံ

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မြောင်းမြမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဝန်ထမ်းများအား တွေ့ဆုံသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

တိုင်းမှူးက ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအား ရှင်းလင်းမှာကြားပြီး ဒေသတွင်းအခြေခံပညာကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာသင်ကျောင်းများအတွက် ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ လှူဒါန်းသော ကျောင်းသုံးဗလာစာအုပ်များအား မြို့နယ်ပညာရေးမှူးထံ ပေးအပ်၍ အခမ်းအနားတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးသည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မြောင်းမြမြို့စက်မှုဇုန်ရှိ ရှေ့သို့ စက်မှုလက်မှုလုပ်ငန်းမှ လုပ်ကိုင်ဆောင်ရွက်နေသော သုံးဘီးမော်တော်ဆိုင်ကယ်များ ထုတ်လုပ်ရေးလုပ်ငန်းစဉ်သို့ ဝင်ရောက်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ယာဉ်ထုတ်လုပ်ရေးလုပ်ငန်းမှ ၂၀၀၆–၂၀၀၇ ခုနှစ်အတွက် ထုတ်လုပ်ခွင့်ရ ယာဉ်စီးရေ ၅၀ တွင် ၁၀ စီး ထုတ်လုပ်ပြီးဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မြောင်းမြမြို့တွင်းလမ်းများနှင့်ရပ်ကွက်များဖွဲ့စည်းတည်ရှိမှု၊သန့်ရှင်းသာယာလှပရေးဆောင်ရွက်ထားရှိမှုကို မြို့ပတ်လမ်းအတိုင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မြောင်းမြမြို့ ပညာရေးကောလိပ်သို့ဝင်ရောက်ကာ ကျောင်းအုပ်ကြီးနှင့်နည်းပြဆရာ ဆရာများအား ကျောင်းရုံးခန်းမတွင် တွေ့ဆုံ၍ တိုင်းမှူးက ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသော သင်တန်းသား သင်တန်းသူများ စားသုံးရန် ဆန်အိတ် ၅၀ နှင့် ဝန်ထမ်းများသက်သာချောင်ချိရေး အရင်းမပျောက်မတည်ငွေ ကျပ် ၁၀ သိန်းကိုလည်းကောင်း၊ မြောင်းမြခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက အရင်းမပျောက် မတည်ငွေကျပ် ၁၀ သိန်းကို လည်းကောင်း ပေးအပ်ရာ ကျောင်းအုပ်ကြီးက လက်ခံရယူခဲ့သည်။

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မြောင်းမြမြို့ ကြိုးတံတားကြံခိုင်မှုအခြေအနေများကိုလည်းကောင်း၊ မြောင်းမြ–အိမ်မဲကားလမ်း လမ်းဘေးဝဲယာတစ်လျှောက် မိုးစပါးစိုက်ခင်းများ၊ ရာသီသီးနှံစိုက်ခင်းများနှင့် ဂုန်လျှော်စိုက်ခင်းများအား လည်းကောင်း မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးခဲ့ပြီး အိမ်မဲမြို့ အခြေခံပညာအထက်တန်းကျောင်း ရွှေညီလာခန်းမတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များအား ရှင်းလင်းမှာကြားပြီး ဒေသတွင်း အခြေခံပညာကျောင်းများနှင့် ဘုန်း တော်ကြီးသင် ပညာသင်ကျောင်းများအတွက် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသော ကျောင်းသုံးဗလာစာအုပ်များကို မြို့နယ်ပညာရေးမှူးထံ ပေးအပ်၍ **(ဝဲပုံ)** အခမ်းအနား တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ မြို့တွင်းလမ်းများနှင့် ရပ်ကွက်များ ဖွဲ့စည်း တည်ရှိမှု၊ မြို့ပြသန့်ရှင်းသာ ယာလှပရေးဆောင်ရွက်ထားရှိမှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်စစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ခေတ္တရာအသင်း(ရန်ကုန်)၏ ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲကို ဇူလိုင် ၂၃ရက်က ရွှေတိဂုံစေတီတော်ရှိ ခေတ္တရာအသင်းခန်းမဆောင်၌ ကျင်းပရာ ရန်ကင်းမြို့နယ် ပဥ္စနိကာယ သာသနာ့ဗိမာန်ကျောင်းတိုက် ပဓာန နာယက ဆရာတော် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တ တေဇောဘာသအမှူးပြုသော သံဃာတော်များအား အသင်းဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းမြင့်(ငြိမ်း) နှင့် အသင်းသူအသင်းသားများက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်း ဆက်ကပ်ကြစဉ်။ (က–ပ)

အမှတ်(၃၁/၆) ဦးဝိစာရလမ်း ဒဂုံမြို့နယ်နေ ဦးကျော်ထွန်း–ဒေါ်မေမေစန်း မိသားစုက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟို သို့ အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးလှထွန်းက လက်ခံယူစဉ်။ (က–ပ)

မြန်မာလူမျိုးတို့၏ ရိုးသားပျူငှာဖော်ရွေမှုနှင့် နိုင်ငံတည်ငြိမ်အေးချမ်းမှုသည် လာရောက်သည့် ခရီးသွားဧည့်သည်များအတွက် ကျေနပ်နှစ်သိမ့်မှု ပေးစွမ်းနိုင် အကြိမ်ကြိမ်လာရောက်လိုသည့်ဆန္ဒများ ပေါ်ပေါက်အောင် ဆွဲဆောင်မှုများပြည့်ဝ

နေပြည်တော် ဇူလိုင် ၂၉

ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲနှင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုမျှော်မှန်းချက် စာတမ်းဖတ်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီက နေပြည်တော်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် တက်ရောက်၍အဖွင့်အမှာစကား ပြောကြားသည်။ (အောက်ပုံ)

ရှေးဦးစွာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်က အဖွင့်အမှာစကားပြောကြားရာ၌ ယနေ့ကမ္ဘာပေါ်တွင် ကမ္ဘာလှည့်ခရီးသည်လုပ်ငန်းကို နိုင်ငံခြားဝင်ငွေ အလွယ်တကူရှာဖွေနိုင်သည့် လုပ်ငန်းကြီးအဖြစ် အသိအမှတ်ပြု အားပေးဆောင်ရွက်လျက် ရှိကြောင်း၊ ကမ္ဘာလှည့်ခရီးသည်လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု၏ အဓိက အကြောင်းတစ်ရပ်မှာ ခရီးသွားဆွဲဆောင်မှု အရင်းအမြစ်များ ပေါကြွယ်ဝမှုပင် ဖြစ်ကြောင်း။

မိမိတို့မြန်မာနိုင်ငံသည် ယဉ်ကျေးမှုအခြေခံများနှင့် ကိုယ်ပိုင်ယဉ်ကျေးမှု ဓလေ့ထုံးစံများ၊ ရေမြေတောတောင် သဘာဝပတ်ဝန်းကျင်၊ ရာသီဥတု၊ တိုင်းရင်းသားရိုးရာဓလေ့များ၊ မြန်မာလူမျိုးတို့၏ ရိုးသားပျူငှာဖော်ရွေစွာ ဧည့်ဝတ်ကျေပွန်မှု၊ နိုင်ငံ၏ တည်ငြိမ်အေးချမ်းမှုနှင့် လုံခြုံစိတ်ချရမှုတို့သည် လာရောက် လည်ပတ်ကြသည့် ခရီးသွားဧည့်သည်များအတွက် စိတ်ကျေနပ် နှစ်သိမ့်မှုကို ပေးစွမ်းနိုင်ရုံမျှမက အကြိမ်ကြိမ်လာရောက်လိုသည့် ဆန္ဒများ ပေါ်ပေါက်အောင် ဆွဲဆောင်မှုများ ပြည့်ဝကြောင်း၊ ယနေ့မြန်မာနိုင်ငံ၏ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း အခြေအနေသည် သိသိသာသာပြောင်းလဲ တိုးတက်လာသည်ဟု ဆိုရမည်ဖြစ်ကြောင်း။

ယခုကျင်းပသည့် တွေ့ဆုံပွဲတွင် ဝန်ကြီးဌာန၏လုပ်ငန်းဆောင်ရွက်မှုများကို ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များ သိရှိနားလည်နိုင်ရန်နှင့် လုပ်ငန်းစဉ်များတွင် ပိုမိုထိရောက်စွာ ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ရေးရှုဆွေးနွေးကြမည်ဖြစ်ပြီး ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ လက်တွေ့လုပ်ငန်းဆောင်ရွက်မှုနယ်ပယ်က ပေါ်ထွက်လာသည့် အတွေ့အကြုံများ၊ အကြံဉာဏ်ကောင်းများကို လှိုက်လှဲစွာ လက်ခံရယူပြီး ခရီးသွားလုပ်ငန်း ရေရှည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့်အစီအမံများကို ညှိနှိုင်းချမှတ်သွားနိုင်လိမ့်မည်ဟု မျှော်လင့်ပါကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာန အချင်းချင်း ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်နေမှု၊ လုပ်ငန်းရှင်များအား ပံ့ပိုးဆောင်ရွက်နေမှု အခြေအနေများနှင့်စပ်လျဉ်း၍လည်းကောင်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ဆက်သွယ်ရေးကဏ္ဍနှင့် ပတ်သက်၍ဝန်ကြီးဌာန၏ ပံ့ပိုးဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ လည်းကောင်း၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းက ဝန်ကြီးဌာန၏ ပံ့ပိုးဆောင်ရွက်နေမှုတို့နှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် လုပ်ငန်းရှင်များက မိမိတို့ သိရှိ လိုသည်များကို မေးမြန်းဆွေးနွေးကြရာ ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများက ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

ပြန်လည်ဆွေးနွေးဖြေကြား

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုမျှော်မှန်းချက် စာတမ်းဖတ်ပွဲကို မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပရာ "ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၏ အခန်းကဏ္ဍနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်မှု" စာတမ်းကို ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ကြည်ကြည်အေးက လည်းကောင်း၊ "အလားအလာကောင်းသည့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို လေ့လာသုံးသပ်ခြင်း" စာတမ်းကို မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းမှ ဦးသက်လွင်တိုးက လည်းကောင်း၊ "လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအခန်းကဏ္ဍ" စာတမ်းကို မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်းမှ ဦးနေဇင်လတ်က လည်းကောင်း ဖတ်ကြားတင်ပြကြရာ တက်ရောက်လာကြသည့် လုပ်ငန်းရှင်များက မိမိတို့သိရှိလိုသည်များကို မေးမြန်းကြပြီး တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားကြသည်။

(သတင်းစဉ်)

ကမ္ဘာ့ထိပ်သီး၊ အာရှထိပ်သီးနိုင်ငံများအကြား အောင်မြင်မှုရရှိခဲ့သော အောင်ပွဲရမြန်မာမြားပစ်အဖွဲ့

သတင်းမှတ်စုနှင့်ဓာတ်ပုံ–ကိုကိုစိုးညွန့်

ရန်ကုန် ဇူလိုင် ၂၉

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ဇူလိုင်၂၂ရက်မှ ၂၆ရက်အထိ ကျင်းပခဲ့သော ၂၀၀၆ခုနှစ် ဒုတိယအကြိမ် ကမ္ဘာ့အဆင့် သတ်မှတ်ရေး၊ အာရှပတ်လည် မြားပစ်ပြိုင်ပွဲ ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ်နှစ်ခု ဆွတ်ခူးရရှိခဲ့သော မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်အထွေထွေ အတွင်းရေးမှူး ဦးကျော်ဦး (လက်ထောက်ညွှန်ကြားရေးမှူး အား/ကာ) ခေါင်းဆောင်သည့် အောင်ပွဲရမြန်မာ့မြားပစ်အဖွဲ့သည် ယမန်နေ့နံနက်၁၁နာရီခွဲက ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့်ပြန်လည်ရောက်ရှိလာရာမြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် (မြားပစ်အားကစားနည်း) တာဝန်ခံ နာယကဒေါက်တာဒေါ်ညွန့်ညွန့်ဦးနှင့် နာယကအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်နှင့် ရေကူးအဖွဲ့ချုပ်တို့မှ အမှုဆောင်များ၊ အားကစားမောင်မယ်များ၊ အား/ကာသိပ္ပံမှ ကျောင်းသူကျောင်းသားများနှင့်ဆွေမျိုးမိတ်သင်္ဂဟများကရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

ရွှေတစ်ခု၊ ငွေတစ်ခုဆွတ်ခူးရရှိခဲ့သော တင်ဇင်အိ။
ဓာတ်ပုံ–ကိုကိုစိုးညွန့်

လိုက်ပါလာကြ

အောင်ပွဲရ မြန်မာ့မြားပစ်အဖွဲ့တွင် အုပ်ချုပ်သူ နည်းပြအဖြစ် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး(လက်ထောက်ညွှန်ကြားရေးမှူး အား/ကာ)၊ နည်းပြအဖြစ် ဒေါ်သီသီဝင်း၊ ပြိုင်ပွဲလေ့လာသူအဖြစ် ဒေါ်ငြိမ်းငြိမ်းတင့်ဆန်း(အမှုဆောင်၊ အဖွဲ့ချုပ်)၊ အလုပ်ရုံ ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကြသည့် ဦးမောင်မောင် ဥက္ကာနှင့် ဦးကျော်ဇင်ထွန်း၊ အားကစားသမားများအဖြစ် လင်းနိုင်၊ ရဲမင်းဆွေ၊ ဇော်ဝင်းထိုက်၊ တင်ဇင်အိနှင့် အေးသီတာတို့ပြန်လည်လိုက်ပါလာကြသည်။

ယှဉ်ပြိုင်ခဲ့

အဆိုပါ အာရှပတ်လည်မြားပစ်ပြိုင်ပွဲတွင် မြန်မာ့မြားပစ်အဖွဲ့အနေဖြင့် ရွှေတစ်၊ ငွေတစ်၊ ကြေးနှစ်ဆွတ်ခူးရရှိခဲ့ရာ ရွှေတံဆိပ်တစ်ခုကို တင်ဇင်အိက မီတာ၅၀ အမျိုးသမီး Compound တစ်ဦးချင်းပြိုင်ပွဲမှ လည်းကောင်း၊ ငွေတံဆိပ်တစ်ခုကို တင်ဇင်အိက အမျိုးသမီး Compound တစ်ဦးချင်း ရှုံး/ထွက်ပြိုင်ပွဲမှ လည်းကောင်း၊ ကြေးတံဆိပ်နှစ်ခုကို ရဲမင်းဆွေက မီတာ၃၀ အမျိုးသား Compound တစ်ဦးချင်းပြိုင်ပွဲမှတစ်ခုနှင့် လင်းနိုင်က မီတာ၇၀ အမျိုးသား Compound တစ်ဦးချင်းရှုံး/ထွက်ပြိုင်ပွဲမှတစ်ခုတို့ အသီးသီး ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲတွင် ကမ္ဘာ့ထိပ်သီး၊ အာရှထိပ်သီးနှင့် အရှေ့တောင်အာရှထိပ်သီး မြားပစ်နိုင်ငံများ အပါအဝင် နိုင်ငံ၁၉နိုင်ငံမှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ကမ္ဘာ့ထိပ်သီး၊ အာရှထိပ်သီးနိုင်ငံများအကြား အောင်မြင်မှုရရှိခဲ့သော အောင်ပွဲရ မြန်မာ့မြားပစ်အဖွဲ့အား ပြိုင်ပွဲ အတွေ့အကြုံနှင့် ပတ်သက်၍ တွေ့ဆုံမေးမြန်းခဲ့ပါသည်။ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး (လက်ထောက်ညွှန်ကြားရေးမှူး အား/ကာ) ကပြောကြားရာတွင် "မိမိတို့ မြားပစ်အဖွဲ့အနေဖြင့် ယခုဒုတိယအကြိမ် ကမ္ဘာ့အဆင့် အာရှပတ်လည် မြားပစ်ပြိုင်ပွဲကို ကစားသမား ငါးဦး ယှဉ်ပြိုင်စေခဲ့ရာ သုံးဦးက ဆုတံဆိပ်လေးခု ဆွတ်ခူးရယူနိုင်ခဲ့ကြောင်း၊ ယခုပြိုင်ပွဲတွင် မိမိတို့က အသင်းလိုက်ပြိုင်ပွဲ မယှဉ်ပြိုင်ခဲ့ဘဲ တစ်ဦးချင်းပြိုင်ပွဲများကိုသာ ယှဉ်ပြိုင် ခဲ့ကြောင်း၊ ကိုရီးယား၊ တရုတ်၊ အိန္ဒိယစသည့် ကမ္ဘာ့ထိပ်သီး မြားပစ် နိုင်ငံများအပြင် အာရှထိပ်သီး၊ အရှေ့တောင်အာရှထိပ်သီးမြားပစ်နိုင်ငံများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော ယခုပြိုင်ပွဲတွင် မိမိတို့က ရွှေတစ်ခုအပါအဝင် ဆုတံဆိပ်လေးခု ဆွတ်ခူးရယူနိုင်ခဲ့၍ အလွန်ဝမ်းသာရပါကြောင်း။

ရွှေတစ်ခု၊ ငွေတစ်ခုဆွတ်ခူးရရှိခဲ့သော တင်ဇင်အိမှာ မြန်မာနိုင်ငံတွင် လေ့ကျင့်စဉ်က ရရှိခဲ့သော အမှတ်များထက်များစွာ သာလွန်ကောင်းမွန်ခဲ့ပါကြောင်း၊ ငွေတံဆိပ် ရရှိခဲ့သော ပွဲမှာလည်း ပြိုင်ဘက် ဖိလစ်ပိုင်အားကစားမယ်ကို ဖိုင်နယ်တွင် တစ်မှတ်တည်းဖြင့်ကပ်၍ ရှုံးနိမ့်ခဲ့ခြင်းဖြစ်ကြောင်း၊ ရွှေတံဆိပ်ရသွားသည်။ Amya Pazi ဖိလစ်ပိုင်မှာ ကမ္ဘာ့အဆင့်ပြိုင်ပွဲမှာပင် ရွှေတံဆိပ်ရနေသူဖြစ်ပါကြောင်း၊ တင်ဇင်အိမှာ ပြိုင်ပွဲတိုင်းတွင် အာရှထိပ်တန်း အားကစားမယ်များ နည်းတူ ပစ်ခတ်နိုင်ပါကြောင်း၊ တင်ဇင်အိ အနေဖြင့် ယခုရရှိထားသော စံချိန်ကို ဆက်လက်ထိန်းသိမ်းနိုင်ပါက လာမည့်ပြိုင်ပွဲများအပြင် ထိုင်းဆီးဂိမ်းအတွက်ပါ အလားအလာအလွန်ကောင်းပါကြောင်း၊ ကြေးတံဆိပ်ရ ရဲမင်းဆွေမှာလည်း ၃၅၇မှတ်ဖြင့် ဆုတံဆိပ်ရခဲ့ခြင်း ဖြစ်ကြောင်း၊ မြား ၃၆ချောင်းပစ်ရာတွင် ၁၀မှတ် ၃၃ချောင်းနှင့် ကိုးမှတ်သုံးချောင်း ပစ်ခတ်နိုင်ခဲ့ကြောင်း၊ ထို့အတူ လင်းနိုင်မှာလည်း တတိယလုပွဲတွင် ပစ်ခတ်နိုင်ခဲ့သော ၁၁၆မှတ်မှာ ပထမ၊ ဒုတိယရခဲ့သောအားကစားသမားများ၏ ရမှတ်ထက်သာလွန်ခဲ့ပါကြောင်း၊ မိမိတို့ မြားပစ်အဖွဲ့ ယခုကဲ့သို့ အောင်မြင်မှုရရှိနေခြင်းမှာ အမြဲတစေ ညွှန်ပြပေးနေသည့် အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ အား/ကာ ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ အစဉ်တစိုက်ပံ့ပိုး အားပေးနေသည့် အဖွဲ့ချုပ်နာယကများနှင့် ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့်ဥက္ကဋ္ဌဦးတင့်ဆန်းတို့ကြောင့် ဖြစ်ပါကြောင်း"ပြောကြားသွားသည်။ ။ **(မြန်မာ့အလင်း)**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဝါဆိုသင်္ကန်းကပ်လှူပွဲကို အမှတ်(၃၄)ရပ်ကွက် သစ်လုပ်ငန်းခမ္ဘာရုံ၌ ဇူလိုင်၂၅ရက်က ကျင်းပရာ မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တ တေဇနိယဉာဏထံ ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းရွှေယဉ်နှင့် အဖွဲ့က ဝါဆိုသင်္ကန်းကပ်လှူကြစဉ်။ (က–ပ)

ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲဆုချီးမြှင့်

ရန်ကုန် ဇူလိုင် ၂၉

၂၀၀၆ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ)တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲ၊ ပိတ်ပွဲနှင့်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းတွင် ရေတပ် လေ့ကျင့်ရေးဌာနချုပ်၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ရေဝတီ ရေတပ်စခန်းဌာနချုပ်မှ ဗိုလ်မှူးကြီး အေးဖေ၊ ရေတပ်သင်္ဘောကျင်းဌာနချုပ်မှဗိုလ်မှူးချုပ်ဟံစိန်၊ ရေတပ်လေ့ကျင့်ရေးဌာနချုပ်နှင့် ရန်ကုန်တပ်နယ်၊ သန်လျင်တပ်နယ်ရှိ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များနှင့်ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲအမျိုးအစားအလိုက် တစ်ဦးချင်းဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ပြီး ၂၀၀၆ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ)တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲသွားသောအသင်းအား ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား ရေဝတီ ရေတပ်စခန်းဌာနချုပ်မှ ဗိုလ်မှူးကြီး အေးဖေက တံခွန်စိုက်ဒိုင်းဆုကို ပေးအပ် ချီးမြှင့်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၃၇)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ဘတ်စကက်ဘောပြိုင်ပွဲ စစ်ကိုင်းသူနှင့်မန္တလေးသားတို့ဗိုလ်စွဲ

ရန်ကုန် ဇူလိုင် ၂၉

မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၆ခုနှစ် (၃၇)ကြိမ်မြောက်ပြည်နယ်နှင့်တိုင်း ဘတ်စကက်ဘောပြိုင်ပွဲဗိုလ်လုပွဲနှင့်ဆုပေးပွဲကို ယနေ့မွန်းတည့် ၁၂နာရီက အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပရာ အမျိုးသမီးဗိုလ်လုပွဲတွင် ယမန်နှစ်ချန်ပီယံ စစ်ကိုင်းတိုင်းက ရန်ကုန်တိုင်းကို ၈၈မှတ် ၃၇မှတ်ဖြင့် အနိုင်ရရှိပြီး ခြောက်နှစ်ဆက်တိုက်ဖြင့် ပထမ ဒိုင်းဆုကြီးကို စစ်ကိုင်းတိုင်းသို့ သယ်ဆောင်သွားနိုင်ခဲ့သည်။ ရန်ကုန်တိုင်းက ဒုတိယဖြင့်သာ ကျေနပ်ခဲ့ရသည်။

မန္တလေးတိုင်း

အမျိုးသား ပြိုင်ပွဲ ဗိုလ်လုပွဲတွင် ယမန်နှစ်က ဗိုလ်လုပွဲ၌ ဆုံတွေ့ခဲ့သည့် အသင်းနှစ်သင်း အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြရာ လူငယ်များဖြင့်ဖွဲ့စည်းထားသည့် မန္တလေးတိုင်းအသင်းက ၇၄မှတ်–၆၂မှတ်ဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) အသင်းကို အနိုင်ရရှိကာ ယမန်နှစ် ရှုံးကြွေးကို ပေးဆပ်နိုင်ခဲ့သည်။

ခြောက်နှစ်ဆက်တိုက် ပထမနှင့် ဒိုင်းအပိုင်နှစ်ကြိမ်ရအောင်စွမ်းဆောင်ပေးသူ စစ်ကိုင်းတိုင်းအမျိုးသမီးနည်းပြဆရာကိုမြင့်ထူး(ကသာ)နှင့် မြန်မာ့အလင်းတွေ့ဆုံ၍ ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုများနှင့် ပတ်သက်၍ မေးမြန်းဖော်ပြလိုက်ပါသည်။

နည်းပြဆရာကိုမြင့်ထူးက "မိမိတို့ အောင်မြင်မှုရရှိအောင် ၂၀၀၆ ဇန်နဝါရီမှစ၍ ပြိုင်ပွဲကျင်းပပြီး လူရွေးချယ်၍ လေ့ကျင့်ခဲ့ကြောင်း၊ နောက်ဆုံး ဆန်ခါတင်လူရွေးချယ်မှုကို ဇွန်၁ရက်မှ ၅ရက်အထိ ခရိုင်အလိုက် ဘတ်စကက်ဘော ပြိုင်ပွဲကျင်းပကာ အပြီးသတ် လူရွေးချယ်ပြီး လေ့ကျင့်စေခဲ့ကြောင်း၊ မိမိတို့သည် ကျန်ပြိုင်ဘက်အသင်းများနှင့် စုစည်းလေ့ကျင့်မှု အားကောင်းပြီး တစ်ပန်းသာ၍ ယခုလို အောင်ပွဲဆင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း။

အောင်ပန်းဆင်နိုင်

ယခုပြိုင်ပွဲတွင် မိမိအားကစားသမားများအတွေ့အကြုံရရန် ရည်ရွယ်၍ ပြိုင်ပွဲအလိုက် လူကုန်ထုတ်သုံး၍ ယှဉ်ပြိုင်စေခဲ့ကြောင်း၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး၏ ပံ့ပိုးအားပေးမှု၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ထောက်ပံ့အားပေးမှုကြောင့် မိမိတို့ ကစားသမားများ စိတ်ဓာတ်တက်ကြွပြီး ယခုလိုအောင်ပန်းဆင်နိုင်ခြင်း ဖြစ်ကြောင်းဖြင့် မြန်မာ့အလင်းသို့ ရှင်းပြသွားသည်။

စစ်ကိုင်းတိုင်းအသင်းတွင် အုပ်ချုပ်သူအဖြစ် ဒေါ်မြင့်မြင့်ဌေး(ကသာ)က ဆောင်ရွက်ပြီး ကစားသမားများမှာ နောက်တန်း–ဌေးဌေးမြင့်(အသင်းခေါင်းဆောင်)၊ စုစုဟာန်နှင့်နှောင်းသူဇာ၊ အလယ်တန်း–ခင်သူသူဟာန်နှင့် မျိုးမမ၊ ရှေ့တန်း–ယုမွန်သော်၊ ခင်စန်းဌေး၊ စန္ဒာဝင်းဇင်၊ နှင်းဝေဝေအောင်၊ ဇင်ဇင်ထွန်းနှင့် အေးမမမျိုးတို့ပါဝင်ကြပြီး ကစားသမားအားလုံး ကသာခရိုင်မှ ဖြစ်သည်။

နားလည်မှုရှိ

အမျိုးသားဗိုလ်လုပွဲတွင် အနိုင်ရ ဗိုလ်စွဲသွားသည့် မန္တလေးတိုင်း အုပ်ချုပ်သူဦးအောင်နိုင်ထူးက အောင်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုပြိုင်ပွဲအခြေအနေများကို မြန်မာ့အလင်းသို့ ရှင်းပြရာ "မိမိတို့လူရွေးချယ်မှုကို မေလတွင် ကျင်းပသည့် ပြိုင်ပွဲမှာ ရွေးချယ်ပြီး စုစည်းလေ့ကျင့်မှုကို စတင်ခဲ့ကြောင်း၊ ကစားသမားအားလုံးနီးပါး လူငယ်များကို အခြေခံ၍ ကြံ့ခိုင်မှုနှင့် စိတ်ဓာတ်မြှင့်တင်ပေးကြောင်း၊ ယခုဗိုလ်လုပွဲတွင် ကစားသမားနေရာယူမှန်ရေး၊ စိတ်ဓာတ်မြှင့်တင်မှုများပြုလုပ်ပေးပြီး အချင်းချင်းနားလည်မှုရှိစွာဖြင့် ယှဉ်ပြိုင်ခဲ့ခြင်းကြောင့် ရှုံးကြွေးကို ပေးဆပ်နိုင်ခဲ့ပြီး ယခုလိုအောင်ပွဲခံနိုင်ခြင်းဖြစ်ကြောင်း"ဖြင့် မြန်မာ့အလင်းသို့ ရှင်းပြသွားသည်။

မန္တလေးတိုင်း ဘတ်စကတ်ဘောအသင်းတွင် အုပ်ချုပ်သူအဖြစ် ဦးစီးအရာရှိ ဦးအောင်နိုင်ထူး(အား/ကာ)၊ နည်းပြအဖြစ်ဦးထွန်းထွန်းဦး(မိုးကုတ်)နှင့် ကစားသမားများမှာ တင်ထွန်းဝင်း၊ သက်နိုင်လတ်၊ ဉာဏ်လင်း၊ ရဲကျော်သူ၊ အောင်မင်းလွင်၊ စန်းထွန်း၊ လဂျာ၊ သိန်းသန်းအောင်၊ချစ်ဉာဏ်၊ အေးဆွေ၊ အောင်မြတ်ထွန်းနှင့် ခင်မောင်အေးတို့ ပါဝင်ကြသည်။

ဆက်လက်၍ဆုချီးမြှင့်ရာ အသန့်ရှင်းဆုံးဆုကို အမျိုးသမီးပြိုင်ပွဲ၌ ရှမ်းပြည်နယ်(တောင်ပိုင်း)ကလည်းကောင်း၊ အမျိုးသားပြိုင်ပွဲတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)က လည်းကောင်း၊ အကောင်းဆုံးထူးချွန်ဆုကို အမျိုးသမီးပြိုင်ပွဲတွင် ယုမွန်သော်(စစ်ကိုင်း)က လည်းကောင်း၊ အမျိုးသားပြိုင်ပွဲတွင် လဂျာ(မန္တလေး) ကလည်းကောင်း၊ အမျိုးသမီး ပြန်ကျဘော ဖမ်းသူဆုကို သက်စုထွေး(ရန်ကုန်)နှင့် အမျိုးသားပြိုင်ပွဲတွင် ကျော်ကျော်(ရှမ်း/တောင်)ကလည်းကောင်း၊ အမျိုးသမီး ခံစစ်အားကစားသမားဆုကို စုစုလွင်(စစ်ကိုင်း)နှင့် အမျိုးသားပြိုင်ပွဲတွင် ဉာဏ်လင်း (မန္တလေး)က လည်းကောင်း အသီးသီးရရှိကြသည်။

ဆုချီးမြှင့်

ဆုများကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ်မှ ဘတ်စကက်ဘော တာဝန်ခံနာယကများက ပေးအပ်ချီးမြှင့်သည်။

(အပေါ်ပုံ) (မြန်မာ့အလင်း)

မန္တလေးမိုး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ယဉ်ကျေးလိမ္မာ လူငယ်တရားစခန်း

ရန်ကုန် ဇူလိုင် ၂၉

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ဝါးနက်ချောင်းကျေးရွာ ဓမ္မဒူတဇေတဝန်တောရ ဆေကိန္ဒာရာမကျောင်းတိုက်၌ အသက်၁၆နှစ်မှ ၂၅နှစ်အထိ လူငယ်လူရွယ်များအတွက် ယဉ်ကျေးလိမ္မာတရားစခန်းကို ဩဂုတ်၄ရက်မှ ၇ရက်အထိ ဖွင့်လှစ်မည်ဖြစ်သည်။

တရားစခန်းဝင်လိုသူများသည် ဩဂုတ်၄ရက် ညနေအရောက်လာကြရန်နှင့် ရှိုင်းဟုတ်ကုမ္ပဏီ ဖုန်း–၅၁၄၇၆၈၊ ဦးသိန်းဝင်း ဗိုလ်ချို(၁) ဗဟန်း ဖုန်း–၅၄၀၀၉၂၊ ဇာညီနောင်ဆေးဆိုင် ဖုန်း–၂၉၃၅၆၇၊ ဦးလှကြည် ဖုန်း–၂၄၀၄၀၀ လိုင်းခွဲ ၃၀၊ ဦးဝင်းရွှေ (မှော်ဘီ) ဖုန်း–၆၂၀၅၂၀နှင့် ဦးမျိုးမြင့်(ပဲခူး) ဖုန်း–၀၅၂–၂၂၁၃၆တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

30-7 (12).p65 1 1/12/32, 2:56 AM

ကမ္ဘာတစ်လွှား အားကစား

မန်ယူမှထွက်ရခြင်းမှာဖာဂူဆန်ကြောင့်ဖြစ် ရီးရဲနှင့်စာချုပ်အပြီး နစ္စတယ်ရွိုင်းဖွင့်ဟ

ရေးသားတင်ပြသူ
မြင့်မောင်စိုး

လန်ဒန် ဇူလိုင် ၂၉

မန်ချက်စတာယူနိုက်တက်အသင်းမှ ထွက်ရသည့် အဓိကအကြောင်းရင်းမှာ မန်နေဂျာဖာဂူဆန်နှင့် ဆက်ဆံရေးအဆင်မပြေမှု အကြောင်းတစ်ခုကြောင့်သာလျှင်ဖြစ်ကြောင်း ရူဗင်နစ္စတယ်ရွိုင်းက မန်ယူမှ ထွက်လာပြီးနောက် ဖာဂူဆန်အား အပြစ်ဆိုလိုက်သည်။

ဖာဂူဆန်နှင့် မိမိတို့၏ ဆက်ဆံရေးမှာ နာကျင်မှုများနှင့်အတူ ဒီမှာတင် အဆုံးသတ်သွားပြီဖြစ်ကြောင်း ဇူလိုင်၂၈ရက်က ရီးရဲမက်ဒရစ်အသင်းနှင့် စာချုပ်လက်မှတ်ရေးထိုးအပြီး နစ္စတယ်ရွိုင်းက ပြောကြားသည်။

ယင်းပြောင်းရွှေ့မှုသည် အသင်းနှင့်လည်းကောင်း၊ ပရိသတ်နှင့်လည်းကောင်း သက်ဆိုင်မှုလုံးဝမရှိကြောင်း ၎င်းက ဆိုသည်။

ဆက်လက်ပြောကြား

ယခုလို ပြောင်းရွှေ့လိုက်ခြင်းဖြင့် ဖာဂူဆန်နှင့် မိမိတို့ ဆက်ဆံရေးမှာ ပြတ်တောက်သွားပြီ ဖြစ်ကြောင်း၊ မန်ယူမှ ထွက်ရသည်မှာ အကောင်းဆုံးလို့ထင်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

မိမိသည် ဖေဖော်ဝါရီလက ကားလင်းဖလား ဗိုလ်လုပွဲတွင် ထည့်မကစားခဲ့ရာမှ အိုးထရက်ဖို့ဒ်၌ မခံမရပ်နိုင်လောက်အောင် ဝေဒနာခံစားခဲ့ရကြောင်း နစ္စတယ်ရွိုင်းကပြောသည်။

သို့ရာတွင် နစ္စတယ်ရွိုင်းက နာကျင်မှုများစွာဖြင့် မန်ယူမှထွက်ခဲ့ရသော်လည်း မိမိမန်ယူ၌ ငါးနှစ်တာကာလအတွင်း နေခဲ့ရသည်များကို မေ့ပစ်လိုက်မှာ မဟုတ်ကြောင်း၊ အမြဲတမ်းမိမိအား လှိုက်လှိုက်လှဲလှဲအားပေးခဲ့သည့်ပရိသတ်အား သတိရနေမည်သာဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

မန်နေဂျာ ဖာဂူဆန်နှင့် နစ္စတယ်ရွိုင်းတို့၏ သဘောထားတင်းမာနေသော မြင်ကွင်းတစ်ရပ်။

(ဓာတ်ပုံ-အင်တာနက်)

တော့တင်ဟမ်ကစားသမားကာရစ် မန်ယူကွင်းလယ်သို့ ရောက်လာပြီ

လန်ဒန် ဇူလိုင် ၂၉

တော့တင်ဟမ်ကွင်းလယ် ကစားသမား မိုက်ကယ်ကာရစ်သည် မန်ယူနှင့် ပြောင်းရွှေ့ကြေးကိစ္စ နှစ်သင်းစလုံးက သဘောတူညီလိုက်ပြီဖြစ်၍ ဇူလိုင် ၃၁ရက်တွင် မန်ယူသို့ ရောက်ရှိတော့မည်ဖြစ်ကြောင်း သိရသည်။

ကြေညာချက်တစ်ရပ်

အဆိုပါကစားသမား ပြောင်းရွှေ့ခြင်းကို နှစ်သင်းစလုံးက သဘောတူညီလိုက်ပြီဖြစ်ကြောင်း မန်ယူ၏ ကြေညာချက်တစ်ရပ်၌ ဖော်ပြသည်။

အသက်၂၅နှစ်ရှိအဆိုပါကွင်းလယ်ကစားသမားဆန္ဒအရ မည်မျှနေမည်ဆိုသည်ကို မူတည်ကြောင်း၊ ဇူလိုင် ၃၁ရက်တွင် ဆေးစစ်ရန် လိုအပ်မည်ဖြစ်ကြောင်းသိရသည်။

အဆိုပါ ကွင်းလယ်ကစားသမား၏ ပြောင်းရွှေ့ကြေးကို ထုတ်ဖော်ပြောကြားခြင်းမရှိသော်လည်း ပေါင် ၁၅သန်းဖြင့် စာချုပ်လိမ့်မည်ဟု မျှော်လင့်ရသည်။

ခေါ်ယူ

ကာရစ်အား ရောင်းချလိုက်ခြင်းမှာ စပါးအသင်းအတွက် အမြတ်များစေခဲ့သည်။ ၎င်းအား စပါးအသင်းက ပေါင် ၂ဒသမ၇၅သန်းပေးပြီး နှစ်နှစ်စာချုပ်ဖြင့် ဝက်စ်ဟမ်းအသင်းမှ ခေါ်ယူထားခဲ့ခြင်းဖြစ်သည်။

ပွဲဦးထွက်

ကာရစ်သည် အမ်စတာဒမ်၌ ပထမဆုံး မန်ယူအတွက် ပွဲဦးထွက်ကစားလိမ့်မည်ဟု မျှော်လင့်ရသည်။ ၎င်းသည် ကမ္ဘာ့ဖလားတွင် အင်္ဂလန်အသင်းနှင့် အီကွေဒေါအသင်းတို့ ယှဉ်ပြိုင်ကစားရာ၌ ပါဝင်ခဲ့သူ ဖြစ်သည်။ **(အင်တာနက်)**

ကာရစ်၏ ကစားဟန်



မန်ယူကွင်းလယ်သို့ ရောက်ရှိမည့် ကာရစ်၏ ကစားဟန်။

(ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာ့ဘောလုံးသတင်းနောက်ဆုံးဖြစ်ရပ်များ

ကမ္ဘာ့ဘောလုံးသတင်းများ၏ နောက်ဆုံးအဖြစ်အပျက်များကို စုစည်းပြီး မြန်မာ့အလင်း ဘောလုံးပရိသတ်ကြီးအတွက် ဖော်ပြလိုက်ပါသည်။

စုစည်းတင်ပြသူ - မောင်မောင်မြင့်ဆွေ

ချန်ပီယံလိဂ်ခြေစစ်ပွဲကစားရန် ဘင်နီတက်ဇ်အစ္စရေးသို့သွားချင်နေ

ချန်ပီယံလိဂ်ခြေစစ်ပွဲ တတိယအဆင့် ဒုတိယအကျော့ပွဲစဉ်အဖြစ် လီဗာပူးသည် အစ္စရေးအသင်း မက္ကာဘီဟိုင်ဖာနှင့် ဩဂုတ်၂၂ သို့မဟုတ် ၂၃ရက်တွင် ကစားရမည်ဖြစ်ရာ ထိုပွဲကိုကစားရန် အစ္စရေးသို့သွားလိုကြောင်း ဘင်နီတက်ဇ် **(အောက်ပုံ)**က ပြောကြားလိုက်သည်။

အရှေ့အလယ်ပိုင်းတွင် မတည်မငြိမ်ဖြစ်နေသည်မှာမှန်သော်လည်း ဘောလုံးကစားခြင်းနှင့် မသက်ဆိုင်ကြောင်း၊ သို့သော်လည်း မိမိတို့ ယခုအချိန်သွားရောက်ရန် အခွင့်အရေးနှင့် နည်းလမ်းမရှိကြောင်းလည်း လီဗာပူးနည်းပြ ဘင်နီတက်ဇ်က ပြောကြားသည်။

ဆုံးဖြတ်ချက်ချပေး

ဥရောပဘောလုံးအဖွဲ့ချုပ်အနေဖြင့် မိမိတို့ပွဲစဉ်အတွက် တစ်စုံတစ်ရာ ဆုံးဖြတ်ချက်ချပေးရန်ရှိနေကြောင်း၊ သို့မှသာ မိမိတို့ မည်သို့ဆောင်ရွက်ရမည်ကို ပြုလုပ်နိုင်မည်ဖြစ်ကြောင်း ဘင်နီတက်ဇ်က ပြောကြားသည်။

ဥရောပဘောလုံးအဖွဲ့ချုပ်မှ အရာရှိတစ်ဦးဖြစ်သည့် ရို့ဖလုခ်နာက အစ္စရေးနှင့်လီဗာပူးပွဲကို နေရာပြောင်းရွှေ့ကစားရန် အကြံပြုထားသည်။

ချစ်ကြည်ရေးခြေစမ်းပွဲများ

ဂျာမနီနိုင်ငံတွင် ကစားခဲ့သည့် ဘလက်ဘန်းနှင့် အိုလံပီယာကော့စ်တို့ပွဲတွင် အိုလံပီယာကော့စ်က ငါးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိသွားသည်။ ပွဲအစ ၁၉ မိနစ်မှာပင် အိုလံပီယာကော့စ်တို့ အဖွင့်ဂိုး သွင်းယူနိုင်ခဲ့ပြီး ပွဲပြီးရန် ခုနစ်မိနစ်အလိုတွင် ငါးဂိုးမြောက်ဂိုးကို သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ ထို့အတူ ဆဲလ်တစ်နှင့်အဲဗာတန်တို့ပွဲတွင် ဆဲလ်တစ်က တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

မစ်ဒယ်ဘရော့နှင့် ဒွန်ကာစတာပွဲတွင် မစ်ဒယ်ဘရော့က နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ မစ်ဒယ်ဘရော့အတွက် ပေါလ်ဟီဖာနန်နှင့် ဒိုင်ယာတို့က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

ရိုတာဟမ်နှင့် ရှဖီးယူနိုက်တက်တို့ပွဲတွင် တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်သွားပြီး လီဆက်စတာနှင့်ရီးယဲလ်ဆိုစီဒက်တို့ပွဲတွင်လည်း တစ်ဖက်တစ်ဂိုးစီသရေပွဲ ဖြစ်သွားသည်။ ကာဒစ်ဖ်နှင့်အော့ဇေးတို့ပွဲတွင်လည်း တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့သလို အစ်ဆွစ်နှင့်လာဇီယိုတို့ပွဲ၌ လာဇီယိုက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

အက်ရှ်လေကိုးနှင့်ပတ်သက်ပြီး အာဆင်နယ်နှင့် ချယ်လ်ဆီးဆွေးနွေးမှုများပြုလုပ်

အာဆင်နယ်နောက်ခံလူ အက်ရှ်လေကိုးအား ချယ်လ်ဆီးအသင်းက ခေါ်ယူရေးနှင့် ပတ်သက်၍ အာဆင်နယ်



နှင့်ချယ်လ်ဆီးတို့ တွေ့ဆုံ ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်ဟု အာဆင်နယ်အသင်းက ဝန်ခံပြောကြားလိုက်သည်။

အသက် ၂၅ နှစ်အရွယ်ရှိ အာဆင်နယ်နောက်ခံလူ အက်ရှ်လေကိုး **(အပေါ်ပုံ)**သည် ၂၀၀၈ခုနှစ်အထိ အာဆင်နယ်တွင် ရှိနေမည်ဖြစ်ရာ အာဆင်နယ်ကလပ်ဒုတိယဥက္ကဋ္ဌ ဒေးဗစ်ဒိန်းက အက်ရှ်လေကိုးသည် မိမိတို့အာဆင်နယ် ဘောလုံးသမားအဖြစ် ဆက်လက်တည်ရှိနေမည်ဟု ပြောကြားသည်။

ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုကလည်း အက်ရှ်လေကိုးအား ခေါ်ယူချင်လျက်ရှိရာ အထမမြောက်ဘဲရှိနေသည်။ အာဆင်နယ်နည်းပြ အာဆင်ဝင်းဂါးကလည်း အက်ရှ်လေကိုးသည် ယခုနှစ်ဘောလုံးရာသီတွင် အာဆင်နယ်ဘောလုံးသမားအဖြစ်သာမြင်တွေ့ကြရမည်ဟုဆိုသည်။

ဂျပန်အသင်းမှ နောက်တန်းခံစစ်မှူး နာကာဇာဝါအနားယူ

ဂျပန်လက်ရွေးစင်ဘောလုံး အသင်းမှ နောက်တန်းခံစစ်မှူး ယူဂျိနာကာဇာဝါက ဂျပန်အသင်းတွင် ကစားခြင်းမှ အနားယူတော့မည် ဖြစ်ကြောင်း ပြောကြားလိုက်သည်။ နာကာဇာဝါသည် အသက် ၂၈နှစ် အရွယ်ရှိပြီး ၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် သုံးပွဲပါဝင်ကစားပေးခဲ့သူဖြစ်သည်။

၂၀၀၁ခုနှစ် ဂျေလိဂ်တွင် အကောင်းဆုံးဘောလုံးသမားဆု ရရှိခဲ့သူ နာကာဇာဝါက ကလပ်အသင်း၌ ဆက်လက်ကစားမည်ဟု ပြောကြားခဲ့သည်။ နာကာဇာဝါသည် ယခုတစ်ခါ ခြေထောက်ဒဏ်ရာရရှိနေပြီး ဘောလုံးပွဲများတွင် ပါဝင်မကစားနိုင်ဘဲရှိနေသည်။ ။

(အင်တာနက်)

ပို့စ်မောက်၌ ပျော်ရွှင်နေသော လွာလွာ။

(ဓာတ်ပုံ-အင်တာနက်)

ပို့စ်မောက်တိုက်စစ်မှူး လွာလွာ သုံးနှစ်စာချုပ် ထပ်မံချုပ်ဆို

လန်ဒန် ဇူလိုင် ၂၉

ပို့စ်မောက်ကစားသမား လွာလွာသည် အသင်း၌ ဆက်နေရန် သုံးနှစ် စာချုပ်သစ်တစ်ရပ်ကို ထပ်မံချုပ်ဆိုလိုက်သည်။

အသက်၂၅နှစ်အရွယ်ရှိ အဆိုပါ တိုက်စစ်မှူးသည် ကွန်ဂိုအသင်းမှ အသင်းခေါင်းဆောင်ဖြစ်သည်။ ၎င်းသည် ၂၀၀၄ခုနှစ်က ပို့စ်မောက်အသင်းသို့ ရောက်ရှိလာခြင်းဖြစ်သည်။

စာချုပ်သစ်ချုပ်ဆို

အဆိုပါ ကစားသမားသည် ပို့စ်မောက်အသင်းနှင့်အတူ နာမည်ရလာသော ကစားသမားဖြစ်ပြီး ပြိုင်ဘက် ပရီမီယာရှစ်အသင်းများက မျက်စိကျနေသော ကစားသမားလည်းဖြစ်သည်။ သို့ရာတွင် ပို့စ်မောက်တွင်သာ နေလိုကြောင်း စာချုပ်သစ်ချုပ်ဆိုအပြီး လွာလွာက ပြောကြားသည်။

စကော့တလန် ကွင်းလယ်ကစားသမား ရစ်ချက်ဟူးဂျက်သည် ဖရက်တွန်ပတ်ခ်၌ သုံးနှစ်စာချုပ် ချုပ်ဆိုလိုက်သည်။ မိမိသည် လွန်ခဲ့သောလေးနှစ်က ပို့စ်မောက်သို့ရောက်ရှိလာခဲ့ရာ အသင်း၌ ကစားရသည်မှာ ပျော်ရွှင်ကြောင်း ဝမ်းမြောက်စွာဖြင့် ၎င်းကပြောကြားသည်။

(အင်တာနက်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားသုံးစွဲသူများသို့ အသိပေးချက်

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း (M.E.P.E)နှင့် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ (Y.E.S.B)တို့ထံမှ ဓာတ်အားဝယ်ယူသုံးစွဲလျက်ရှိသော ဓာတ်အား သုံးစွဲသူများ၏ မီတာများကို တာဝန်ကျမီတာစာရေးများက လစဉ်အောက်ပါအတိုင်း ဆောင်ရွက်သွားပါမည်–

၁။ လ၏(၁)ရက်နေ့မှ(၅)ရက်နေ့အတွင်း တာဝန်ကျ မီတာစာရေးများက ပြီးခဲ့သောလ၏ သုံးစွဲယူနစ်အား လာရောက်ဖတ်ပါမည်။

၂။ လ၏(၆)ရက်နေ့မှ (၁၀)ရက်နေ့အတွင်း ငွေတောင်းခံလွှာများပြုလုပ်ပါမည်။

၃။ လ၏(၁၁)ရက်နေ့မှ(၁၅)ရက်နေ့အတွင်း မီတာဖတ် စာရေးများက ကျသင့်ငွေ တောင်းခံလွှာများအား ထပ်မံလာရောက်ဝေငှပါမည်။

၄။ လ၏(၁၆)ရက်နေ့မှ (၂၅)ရက်နေ့အတွင်း ဓာတ်အားသုံးစွဲသူများက မိမိတို့ ပေးဆောင်ရမည့် ကျသင့်ငွေများအား သက်ဆိုင်ရာ မြို့နယ်များရှိ ငွေလက်ခံကောင်တာများတွင် ငွေပေးသွင်းရမည့် သတ်မှတ်ရက်အလိုက် မပျက်မကွက် လာရောက်ပေးဆောင်ရပါမည်။

၅။ လ၏(၂၆)ရက်မှစ၍ သတ်မှတ်ရက်အတွင်း ငွေသွင်းရန် ပျက်ကွက်သူများသည် ဓာတ်အားဖြတ်တောက်မှုခံရပါမည်။

၆။ သို့ဖြစ်ပါ၍ ဓာတ်အားသုံးစွဲသူများက လ၏(၁)ရက်မှ(၅)ရက်နေ့အတွင်း မီတာများ အလွယ်တကူ ဖတ်ရှုနိုင်ရေး၊ လ၏(၁၁)ရက်မှ(၁၅)ရက်အတွင်း ငွေတောင်းခံလွှာများလာရောက်ပေးမှုကို လက်ခံရယူနိုင်ရေး ဝိုင်းဝန်းကူညီကြပါရန်နှင့် ကျသင့်သော ဓာတ်အားခငွေများအား သတ်မှတ်ရက်အတွင်း အချိန်မီပေးသွင်းကြပါရန် အသိပေးအပ်ပါသည်။

(အထက်ပါ ဆောင်ရွက်ချက်များကို ဇူလိုင်လသုံးစွဲသော မီတာအား ဩဂုတ်လ(၁)ရက်နေ့တွင် စတင်ဖတ်ခြင်းမှပြုလုပ်သွားမည်ဖြစ်ပြီး နောင်လစဉ်အထက်ပါ အစီအစဉ်အတိုင်း ဆောင်ရွက်သွားပါမည်။)

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့်
ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့။

ဖြိုးဝေယံကျော်(ဖူးဖူး)အတွက်
မွေးနေ့ဆုတောင်း

တစ်ဦးတည်းသော ချစ်သားလေး **ဖြိုးဝေယံကျော်** စတုတ္ထတန်း(B) T.T.C ၏ ၃၀–၇–၂၀၀၆ရက်တွင် ကျရောက်သည့် မွေးနေ့မှသည် နောင်နှစ်ပေါင်း ၁၂၀တိုင် ကျန်းမာချမ်းသာပြည့်စုံပြီး ချစ်သားလေး၏ လိုအင်ဆန္ဒများပြည့်ဝပြီး ထူးချွန်ထက်မြက်သော သားကောင်းရတနာလေးဖြစ်ပါစေ။

ချစ်သော – ဘိုးဘိုး၊ ဘွားဘွား
ချစ်သော – ဦးဦး၊ ဒေါ်ဒေါ်
ချစ်ပါးပါး – ဦးဝင်းကျော်(ကိုချောင်း)
ချစ်မားမား – ဒေါ်မိုးမိုးလွင်(3D စတိုး၊ ကော့သောင်း)
ချစ်မမ – မြရှိုချိုလွင်
ချစ်ညီမလေး – မြတ်နိုးသီရိကျော် [ပထမတန်း(A) T.T.C]။



ပိုင်ရှင်ကိုယ်တိုင် ညှိနှိုင်းဈေးဖြင့် အမြန်ရောင်းမည်

၁။ မဟာဗန္ဓုလကွန်ဒို 3A/C Ph အဆင့်မြင့်ပြင်ဆင်ပြီး View ကောင်းသည်။ (နေရန်အသင့်) ကျပ်သိန်း ၅၅၀။

၂။ ရွှေဘုံသာလမ်း(မြေညီ) ၁၀ ပေ x ၁၈ ပေ၊ ဖုန်းပါ။ (စီးပွားရေးလုပ်ရန် နေရာကောင်း) ကျပ်သိန်း ၄၅၀။

၃။ တာမွေပလာဇာရှေ့(တိုက်သစ်) ပေ ၂၀ x ပေ ၇၀၊ 3F(အလယ်ခန်း) ကျပ်၂၂၅သိန်း၊ 4F (အလယ်ခန်း)ကျပ်သိန်း၂၀၀၊ (ထောင့်ခန်း) ကျပ်သိန်း၂၁၀၊ 5F(အပေါ်ဆုံးထပ်အလယ်ခန်း) သမိန်ဗရမ်းလမ်းမပေါ် Hall Type ကျပ်သိန်း၂၀၀။

၄။ ရတနာအိမ်ရာ(၁) ပေ ၂၀၀ x ပေ ၁၀၀ VIP နေရာသန့် ခွဲရောင်းမည်။ (ရေ၊ မီးစုံ) ကျပ်သိန်း ၄၅၀။

၅။ ရတနာအိမ်ရာ ပေ ၁၀၀ xပေ ၉၀ ထောင့်ကွက်၊ ခြံစည်းရိုးခတ်ပြီး။ (ရေမီးစုံ) ကျပ်သိန်း ၄၀၀။

၆။ ရတနာအိမ်ရာ ပေ ၁၂၀ xပေ ၉၀ တံခါးနှစ်ပေါက်၊ ထောင့်ကွက်။ (ရေ၊ မီးပါ) ကျပ်သိန်း ၅၀၀။

၇။ ဒဂုံဆိပ်ကမ်းစက်မှုဇုန်၊ ကနောင်လမ်းမကြီးပေါ်၊ အုတ်တံတိုင်းခတ်ပြီး တစ်ဧက၊ 315 KV ၊ ဂိုဒေါင်ပါ။ ကျပ်သိန်း ၁၃၀၀။

၈။ ပြင်ဦးလွင်ဂေါက်ကွင်းအရှေ့တည့်တည့်ခြံ၊ ပေ ၁၂၀ x ပေ ၈၀၊ (1.5 RC) ပြင်ဆင်ပြီး နေရာကောင်း။ ကျပ်သိန်း ၉၅၀။

၉။ မြောက်ဒဂုံ၊ ရာဇာဓိရာဇ်လမ်းမပေါ်၊ ပေ ၁၃၀ x ပေ ၁၀၀၊ ခွဲရောင်းမည်။ (အိမ်ပါ၊ ရေ၊ မီးစုံ) ကျပ်သိန်း ၂၇၀။

၁၀။ မြောက်ဒဂုံ၊ (၃၉)ရပ်ကွက်၊ ဦးဘဝင်းလမ်း ပေ ၅၀ xပေ ၅၀၊ (အိမ်ပါ၊ မီး၊ အဝီစိရေ) ကျပ် ၄၅ သိန်း။

ဆက်သွယ်ရန်လိပ်စာ

အမှတ် ၆၆၆၊ (ပ)ထပ်၊ အခန်း ၄၊ ရွှေဘုံသာလမ်းနှင့်ကုန်သည်လမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်၊ ဖုန်း–၂၄၁၁၉၄၊ ၂၄၆၇၉၂၊ (လိုင်းခွဲ) ၈၀၁၊ ၀၉–၈၀–၃၂၄၁၀၊ ၀၉–၅၀–၂၁၉၄၈။

ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ လူနေရပ်ကွက်အမှတ် သမိုင်း၊ မြေတိုင်းအမှတ် ၄၅၊ မြေကွက်အမှတ် ၁/ခ၊ ၁၄၀၊ မြေဧရိယာ အကျယ်အဝန်း ၀ဒသမ ၁၆၈ဧက စတုရန်းပေ ၇၃၃၂၊ ရွှေနှင်းဆီလမ်းသွယ်–၆၊ ခြံအမှတ် ၇၃၂ရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို လက်ရှိပိုင်ဆိုင်သူ ဒုတိယဗိုလ်မှူးကြီးကျော်နိုင်၏ တရားဝင်ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဦးသိမ်းဆက် ၁၂/ဗဟန(နိုင်)၀၀၈၄၅၉ ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါပစ္စည်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများသည် ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထားများနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှ ခုနစ်ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း တစ်စုံတစ်ရာကန့်ကွက်မှုများမရှိပါက အရောင်းအဝယ်ကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဦးမြင့်သန်း
တရားရုံးချုပ်ရှေ့နေ
၅၄၊ ဗဟိုလမ်း/ခိုင်ရွှေဝါလမ်း၊ ကမာရွတ်မြို့နယ်၊
ဖုန်း–၂၂၀၆၇၂၊ ၀၉–၅၁၃၃၆၆၆။

မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ ဘိုးဘွားရိပ်သာ၌ပြည်သူ့အကျိုးပြုစုပေါင်းသန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်

ရန်ကုန် ဇူလိုင် ၂၉

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်သည် မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက တိုင်းမှူး၏ဇနီးဒေါ်ခင်ပြုံးဝင်း၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့်ဇနီး၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးကြည်သိန်းနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၁၅ရက် နံနက် ၇နာရီခွဲတွင် အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက်ရှိ မန်းတောင်ခြေဘိုးဘွားရိပ်သာသို့ ရောက်ရှိကြသည်။

ချုံနွယ်များရှင်း

ရှေးဦးစွာ တိုင်းမှူးသည် ဘိုးဘွားရိပ်သာဝင်း အတွင်း အပြင်တွင် မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အဖွဲ့တို့ ပူးပေါင်း၍ ပြည်သူ့အကျိုးပြုစုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဖြစ်သော ပေါင်းမြက်များနှင့် ချုံနွယ်များခုတ်ထွင်ခြင်း၊အမှိုက်သရိုက်များရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။**(အောက်ဝဲပုံ)**

ထို့နောက် တိုင်းမှူးနှင့်ဇနီးအဖွဲ့ဝင်များသည် ဘိုးဘွားရိပ်သာရှိ အဘိုးအဘွားများ၏ ထမင်းစားဆောင်နှင့် အိပ်ဆောင်များအတွင်း လှည့်လည်ကြည့်ရှုကြပြီး အဘိုးအဘွားများအား အလှူငွေများ ပေးအပ်လှူဒါန်းကာ တာဝန်ရှိသူများကို ဘိုးဘွားရိပ်သာရှိ အဘိုးအဘွားများ စိတ်ချမ်းမြေ့သာယာစေရေး နေ့စဉ်၊ အပတ်စဉ် ကျန်းမာရေးဆေးစစ်မှုများ အမြဲမပြတ်ပြုလုပ်ပေးရေး၊ နေထိုင်စားသောက်သည့် နေရာများ သပ်ရပ်သန့်ရှင်းစေရေး၊ ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေး အမြဲကြပ်မတ်ဆောင်ရွက်သွားရန် မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပူးပေါင်းဆောင်ရွက်

အဆိုပါ မန်းတောင်ခြေဘိုးဘွားရိပ်သာတွင် အဘိုး၁၈ဦး၊ အဘွား၃၉ဦး စုစုပေါင်းဘိုးဘွား ၅၇ဦး နေထိုင်လျက်ရှိပြီး မန်းတောင်ခြေ ဘိုးဘွားရိပ်သာကြီးကြပ်မှုကော်မတီမှ 'သက်ကြီးရွယ်အိုဘဝကို စိုပြည်စေဖို့ ကြိုးပမ်းစို့' ဆောင်ပုဒ်နှင့်အညီစေတနာရှင်ပြည်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်းသတင်းစာကြော်ငြာများ အောက်ပါလိပ်စာများ၌ ထည့်သွင်းနိုင်

ရန်ကုန် ဇူလိုင် ၂၉

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာတွင် ရန်ကုန်မြို့မှ ကြော်ငြာထည့်သွင်းလိုသော ကြော်ငြာရှင်များ ဆက်သွယ်သွားလာမှုလွယ်ကူစေရန်အတွက် လက်ရှိ **အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ဖုန်း–၅၄၅၈၃၄**၌ ကြော်ငြာများ နေ့စဉ်လက်ခံနေသည့်အပြင် အထူးအစီအစဉ်ဖြင့် **နယူးလိုက်အော့ဖ်မြန်မာသတင်းစာတိုက် အမှတ် ၂၂/၃၀၊ ကမ်းနားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း–၃၉၂၂၃၃** တွင်လည်း မြန်မာ့အလင်းသတင်းစာ ကြော်ငြာဌာနကို တိုးချဲ့ဖွင့်လှစ်၍ ရုံးဖွင့်ရက်များ၌ နေ့စဉ်နံနက်၁၀နာရီမှ ညနေ ၄နာရီအထိ ကြော်ငြာများလက်ခံပေးလျက်ရှိပါသည်။ **အထက်ပါ နှစ်နေရာတွင်သာ လာရောက်ထည့်သွင်းကြပါရန် ဖော်ပြအပ်ပါသည်။** (မြန်မာ့အလင်း)

ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်းစစ်တုရင်ပြိုင်ပွဲ တောင်ငူ၌ကျင်းပ

နေပြည်တော် ဇူလိုင် ၂၉

၂၀၀၆ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်းစစ်တုရင်ပြိုင်ပွဲဖွင့်ပွဲကို ဇူလိုင်၂၄ရက် နံနက်၉နာရီက တောင်ငူတပ်နယ်ခန်းမ၌ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား တောင်ငူတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်အောင် တက်ရောက်၍ အမှာစကားပြောကြားပြီး ခုံ(၁)မှ ရွှေ့ကွက်ကို စတင်ရွှေ့ကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ပါဝင်ယှဉ်ပြိုင်

အဆိုပါ ဖွင့်ပွဲသို့ တပ်မတော်(လေ)မှ အရာရှိ၊ စစ်သည်များနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြပြီး ပြိုင်ပွဲကို အကြီးတန်း၊ လူသစ်တန်းနှင့် အမြန်ရွှေ့ဟူ၍ ခွဲခြားကျင်းပပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကွပ်ကဲမှုအောက်ရှိ တပ်၊ ဌာနချုပ်များမှ အသင်းခုနစ်သင်းတို့ ပါဝင်ယှဉ်ပြိုင်ကြကာ ပြိုင်ပွဲကို ဇူလိုင် ၂၈ရက်အထိကျင်းပကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမည်ပြောင်း

အဖ ဦးစိုးနိုင်၏သမီးကြီး စစ်တွေမြို့ ပြည်တော်သာရပ် အခြေခံပညာမူလတန်းကျောင်း၊အမှတ်(၁၅)ဒုတိယတန်းမှ မအေးမြင့်မြတ်ခိုင်အား မဆုမြတ်နိုးနိုင်ဟု ပြောင်းလဲခေါ်ပါရန်။ **မဆုမြတ်နိုးနိုင်။**



ဟားခါးမြို့၌ လက်ဖက်နှင့် ခြံစည်းရိုးကြက်ဆူပင်များ လျှာထားစိုက်ကေ ပြည့်မီကျော်လွန်ရေး ညှိနှိုင်းစည်းဝေး

ဟားခါး ဇူလိုင် ၂၈

ချင်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇူလိုင် ၂၇ရက် နံနက် ၉ နာရီက ချင်းပြည်နယ်ဟားခါးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဗိုလ်မှူးကြီးတင်လှ၊ အတွင်းရေးမှူးဒုတိယဗိုလ်မှူးကြီးအုန်းမြင့်ဦးနှင့် အဖွဲ့ဝင်များ၊ ဖလမ်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဌေးအောင်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တွန်းဇန်၊တီးတိန်၊ ဖလမ်း၊ထန်တလန်၊ ဟားခါးနှင့် ရိဒ်မြို့များမှအုပ်ချုပ်ရေးမှူးများ၊ ဟားခါးရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် လက်ဖက်လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဆွေးနွေးမှာကြား

အခမ်းအနားတွင် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဗိုလ်မှူးကြီးတင်လှက အဖွင့်အမှာစကားပြောကြားရာတွင် ချင်းပြည်နယ်၏ ၂၀၀၆-၂၀၀၇ ရည်မှန်းချက် (၃)ရပ်ဖြစ်သော လက်ဖက်စိုက်ပျိုးရေးဒေသဝမ်းစာဖူလုံရေးနှင့် ခြံစည်းရိုးကြက်ဆူပင်များ လျာထားစိုက်ကေ ပြည့်မီကျော်လွန်အောင် စိုက်ပျိုးရေး၊ နှစ်ရှည်ပင်များစိုက်ပျိုးရေး၊ အဓိကမိမိအိမ်ဝင်း၊ ရုံးဝင်းများတွင် လက်ဖက်ပင်များစိုက်ပျိုးရေးတို့ကို အကျယ်တဝင့်ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်နယ်၊ ခရိုင်၊မြို့နယ် အုပ်ချုပ်ရေးမှူးများက မိမိတို့ဌာန မြို့နယ်များရှိ လက်ဖက်စိုက်ပျိုးထားရှိမှုအခြေအနေများကိုလည်းကောင်း၊ မိုးစပါးစိုက်ပျိုးထားရှိမှုအခြေအနေနှင့် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးထားရှိမှုအခြေအနေများကိုလည်းကောင်း တင်ပြကြရာ တင်ပြချက်များအပေါ် ပြည်နယ်ဥက္ကဋ္ဌက ဖြည့်စွက်မှာကြားကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

ခြံစည်းရိုးကြက်ဆူပင်များ ရပ်စောက်၌ စုပေါင်းစိုက်ပျိုး

ရပ်စောက် ဇူလိုင် ၁၅

ရပ်စောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စီမံချက်နှင့်အညီ ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးလျက်ရှိရာ ဇူလိုင် ၃ ရက်က ရပ်စောက်မြို့နယ် ပင်ဖြစ်ကျေးရွာတွင် ပင်ဖြစ်ဆက်သေ ကျေးလက်လမ်းဘေးဝဲယာ တစ်လျှောက်၌ ခြံစည်းရိုးကြက်ဆူပင် ၂၄၀၀ စိုက်ပျိုးခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးနိုင်ဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်ဝမ်းမောင်တို့ ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**

မြန်မာကိုရီးယား အပြည်ပြည်ဆိုင်ရာ သစ်လုပ်ငန်းလီမိတက်(ဆွာ)က ပဲခူးတိုင်း ရေတာရှည်မြို့နယ် ဆွာတိုက်နယ် ဆေးရုံဝင်းရှိ ငွေကျပ် ၃၆ သိန်းတန် ဆောက်လုပ်လှူဒါန်းသော ဓာတ်မှန်ဆောင်ဖွင့်ပွဲ အခမ်းအနားကို ဇွန် ၂၄ ရက်က ကျင်းပရာ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ ပဲခူးတိုင်းကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာ ဌေးအောင်နှင့် မြန်မာ-ကိုရီးယားအပြည်ပြည်ဆိုင်ရာ သစ်လုပ်ငန်းလီမိတက် အမှုဆောင်ဒါရိုက်တာ JT Kim တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (က-ပ)

မြို့နယ် သတင်းများ

ဒိုက်ဦးမြို့နယ်၌ မိုးစပါးတိုးချဲ့စိုက်ပျိုး

ဒိုက်ဦး ဇူလိုင် ၂၀

ဒိုက်ဦးမြို့နယ် သပြေတန်းကျေးရွာအုပ်စု မိုးစပါးတိုးချဲ့ စပါးစိုက်ပျိုးထားရှိမှု အခြေအနေကို ဇူလိုင် ၁၅ ရက်က ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မင်း၊ အတွင်းရေးမှူးနှင့် ပဲခူးခရိုင် စိုက်/ကြပ်အဖွဲ့တို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။ **(ဝဲပုံ)**

ပဲခူးတိုင်း မိုးစပါးသိန်း ၃၀ ပြည့်မီရေးအတွက် ဒိုက်ဦးမြို့နယ်မှ မိုးစပါးစိုက်ကေ ၁၈၉၆၆၅ကေ စိုက်ပျိုးရမည်ဖြစ်ပြီး ဒိုက်ဦးမြို့နယ်တွင် မိုးစပါး ၁၂၂၇၅၉ ကေ စိုက်ပျိုးထားပြီးဖြစ်၍ ၆၄ ဒသမ၇၂ ရာခိုင်နှုန်း အကောင်အထည်ဖော် စိုက်ပျိုးပြီးဖြစ်သည်။

ဒိုက်ဦးမြို့နယ် သပြေတန်း ကျေးရွာအုပ်စုတွင် ပုံမှန်မိုးစပါးစိုက်ကေ ၆၂၈၀ နှင့် တိုးချဲ့ကေ ၂၀၅၈ ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

စည်ပင်သာယာရေးဦးစီးဌာန ဒုတိယအင်ဂျင်နီယာချုပ် ဦးစိုးကိုကိုနှင့်အဖွဲ့ ဇူလိုင် ၁၂ ရက်က မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ဆောက်လုပ်ပြီး ဝန်ထမ်းအိမ်ရာနှင့် ဝန်ထမ်းအိမ်ရာ ထပ်မံဆောက်လုပ်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဇော်ဝင်းက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

စာအုပ်များ ပေးအပ်လှူဒါန်း

နမ့်လန် ဇူလိုင် ၁၆

သီပေါမြို့နယ် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ ကြီးကြပ်မှုအဖွဲ့ အကျိုးတော်ဆောင် နမ့်လန်မြို့ မဇ္ဈိမာ ရာမစာသင်တိုက် ဆရာတော် ဘဒ္ဒန္တ ဉာဏောဘာသသည် ဇူလိုင် ၁၀ ရက်က မန်လီ၊ မန်စိမ်း၊ ဆီထောက်နှင့် လုပ်ယုံးကျေးရွာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသို့ကွင်းဆင်း၍ ကျောင်းအုပ်ဆရာတော်များ စာသင်ကြားမှုကိုဆရာများနှင့် တွေ့ဆုံသည်။

ဆရာတော် ဘဒ္ဒန္တ ဉာဏောဘာသက ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ၏ ပညာသင်ကြားမှုနှင့်ပတ်သက်၍ ညှိနှိုင်းဆောင်ရွက်ပြီး ကျောင်းသား သာမဏေများအတွက် စာရေး ကိရိယာများနှင့် စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းကြောင်း သိရသည်။ **(က-ပ)**

ပေါက်ခေါင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် ဈေးသူဈေးသားများ ရေစီးရေလာကောင်းမွန်ရေးနှင့် ခြင်အန္တရာယ်ကာကွယ်ရေးအတွက် ဇူလိုင် ၂၀ ရက်က မြို့မဈေးရှေ့ရှိ ရေနုတ်မြောင်းများတူးဖော်၍ အမှိုက်များ ရှင်းလင်းခြင်းကို စုပေါင်းဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးကြည်စိုးက ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဖလမ်းမြို့ ဦးဥတ္တမသာရ စာကြည့်တိုက် ရှင်သန်ဖွံ့ဖြိုးရေးဆွေးနွေး ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့်ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးရှင်းလင်း

ဖလမ်း ဇူလိုင် ၂၇

ဖလမ်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ဆင့်သည် ဇူလိုင် ၂၃ ရက် ညနေ ၃ နာရီက ရပ်သံကျွမ်းကျင်(၃) ဦးထလျှန်းဟရန်း၊ ကျေးရွာဥက္ကဋ္ဌ ဦးလျန်ထမ်း၊ စာကြည့်တိုက်ကော်မတီဝင်များ၊ ကျေးရွာပြည်သူများနှင့်အတူ လုံပီးကျေးရွာဦးဥတ္တမသာရ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်သို့ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ဆင့်က ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စာကြည့်တိုက်များ၏ အခန်းကဏ္ဍတို့ကို ရှင်းလင်းပြောကြားပြီး ရပ်သံကျွမ်းကျင်(၃)ဦးထလျှန်းဟရန်းက စာကြည့်တိုက် ထိန်းသိမ်းစောင့်ရှောက်ရေးနည်းလမ်းနှင့် စာကြည့်တိုက်စာအုပ် မှတ်ပုံတင်ခြင်းတို့ကိုဆွေးနွေးရှင်းလင်းသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကော်မတီဝင်များက ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်း တင်ပြရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ဆင့်က ရေရှည်တည်တံ့ရေး ဆောင်ရွက်ရမည့် နည်းလမ်းများကို ဆွေးနွေးမှာကြားပြီး ကျေးရွာကိုယ့်အားကိုယ်ကိုး ဦးဥတ္တမသာရ စာကြည့်တိုက်အတွက် မဂ္ဂဇင်း၊ဂျာနယ်မျိုးစုံ ၁၀၀ ကို ပေးအပ်လှူဒါန်းကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ ခုနှစ် ဝါခေါင်လဆန်း ၇ ရက်

၃၁-၇-၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ ဓဇဂ္ဂသုတ်)

နေ့လယ်ပိုင်း

၁၁:၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (မွေးမြူရေးရာ ပြန်ကြားလွှာ)

၁၁:၄၀ သုတစုံစွာ သိမှတ်စရာ (အထွေထွေသိကောင်းစရာများ- သိပ္ပံမှူးတင်)

၁၂:၀၀ တစ်ပတ်အတွင်း သတင်းပဒေသာ

၁၂:၂၅ အားကစားသတင်းပဒေသာ

၁၂:၃၅ တေးသွားလှလှ မဟာဂီတ
(၁) မိုးမင်းလွန်ကဲ(ကြိုး) ဆင်ဖြူကျွန်း သန်းသန်းမြင့်
(၂) မိုးနတ်ဒေဝီ (ဘောလယ်) သန်လျင်-မြင့်စိုးအောင်

၁၃:၁၀ ပညာရေးအသံလွှင့်အစီအစဉ် (တတိယတန်း-ပထဝီဝင်- ကျွန်ုပ်တို့၏မိသားစု)

ညနေပိုင်း

၁၆:၀၀ မင်းကွန်းဆရာတော်ကြီး၏ မောရသုတ် ပါဠိနှင့်အနက်

၁၆:၁၅ မြတ်နိုးစရာ ကျေးရွာတေးကဗျာ
(၁) ပျိုလေးတို့ လယ်ဆင်းချိန်
(၂) လှယမင်း
(၃) မြပဝါခင်းတဲ့ ဒို့လယ်တော

၁၇:၃၀ တစ်ပတ်အတွင်း သတင်းပဒေသာ

၁၇:၄၀ ကဏ္ဍစုံစွာဆွေးနွေးစရာ (သင်ဘယ်လောက်အဆိပ်သင့်နေသလဲ) (နုမြတ်-ဆေး-၁)

၁၈:၄၅ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန် ဦးဘုန်းမြင့်) Better English

၁၉:၁၅ မြန်မာမှုမြန်မာ့သဘင် (အလင်္ကာကျော်စွာ ရွှေမန်းတင်မောင်ဇာတ်သဘင်အဖွဲ့မှ ဗုဒ္ဓဝင်လေးတော်တင်ခန်း-ပထမပိုင်း)

၂၀:၃၀ လပတ်မိုးလေဝသခန့်မှန်းချက်

၂၀:၄၀ မြန်မာမှုမြန်မာ့သဘင် (အလင်္ကာကျော်စွာ ရွှေမန်းတင်မောင်ဇာတ်သဘင်အဖွဲ့မှ ဗုဒ္ဓဝင်လေးတော်တင်ခန်း-ဒုတိယပိုင်း) -အဖိတ်နေ့နှုတ်ဆက်ချက်

စိုက်ပျိုး

ကယားပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ချိုချိုသန်းနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များနှင့် သူနာပြုအဖွဲ့ဝင်များစုပေါင်း၍ ဇူလိုင်၈ရက်က အမျိုးသမီးရေးရာအဖွဲ့၏ ခြံစည်းရိုးကြက်ဆူပင်စိုက်ခင်း ၁၀ ဧကတွင် ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးကြစဉ်။ (ခရိုင် ပြန်/ဆက်)

တိုက်ကြီး ပြည်သူ့ဆေးရုံဆေးပဒေသာပင်စိုက်ထူ

တိုက်ကြီး ဇူလိုင် ၂၇

တိုက်ကြီးမြို့နယ် ပြည်သူ့ဆေးရုံ ဆေးပဒေသာပင်စိုက်ထူရေးနှင့် မီးသတ်မော်တော်ယာဉ် ပြင်ဆင်ရေးအတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၂၂ရက်က တိုက်ကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ဝင်းမောင်၊ မြို့နယ်ဥက္ကဋ္ဌ ဦးမြတ်ကျော်နှင့် အလှူရှင်များ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှူး ဗိုလ်မှူးကြီးဝင်းမောင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး**(အောက်ပုံ)** အလှူရှင်၁၀၂ဦးက အလှူငွေကျပ် ၈သိန်းကျော်ကို ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။ **(က-ပ)**

စုဠဘွဲ့ နှင်းသဘင်ပွဲ အခမ်းအနား ကလေးမြို့၌ကျင်းပ

ကလေး ဇူလိုင် ၁၀

၂၀၀၅ခုနှစ် စုဠဘွဲ့နှင်းသဘင် အခမ်းအနားကို ဇွန် ၂၉ရက် မွန်းလွဲ ၁နာရီခွဲက ကလေးမြို့ အောင်မင်္ဂလာရပ်ကွက် ရွှေဘုံသာဘုရားကြီး ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်သာသနာရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်သိန်းဦးက အခမ်းအနားအစီအစဉ်များကို ဖတ်ကြားလျှောက်ထားပြီး အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်သည်။

ထို့နောက် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဉာဏိန္ဒထံမှ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ဦးတင်ကြည်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်သိန်းလှိုင် အမှူးပြုသော ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပရိသတ်တို့က ကိုးပါးသီလခံယူ ဆောက်တည်ကြသည်။

ဆက်ကပ်

ထို့နောက် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်ရ ဆရာတော်သုံးပါး၊ ပထမကြီးတန်း၂၈ပါး၊ ပထမလတ်တန်း ၇၅ပါး၊ ပထမငယ်တန်း ၇၂ပါး စုစုပေါင်း သံဃာတော် ၁၇၅ပါးတို့အား သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များနှင့် ပထမပြန် အောင်လက်မှတ်များကို ဆက်ကပ်သည်။

ဟောကြားချီးမြှင့်

ဆက်လက်၍ မဟာသန္တာ၇ရုံ စာသင်တိုက် ဆရာတော် ဘဒ္ဒန္တပုညသေဋ္ဌ အဂ္ဂမဟာအကျော်က အနုမောဒနာတရားနှင့် ရေစက်ချတရား ဟောကြား ချီးမြှင့်တော်မူရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ဦးတင်ကြည်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်သိန်းလှိုင် အမှူးပြုသော ပရိသတ်တို့က တရားတော် နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ **(၄၁၇)**

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ညီလာခံ အတွေ့အကြုံရှင်းလင်းပွဲ ပဲခူးမြို့၌ ကျင်းပ

ပဲခူး ဇူလိုင် ၂၀

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ်ညီလာခံ အတွေ့အကြုံရှင်းလင်းပွဲကို ဇူလိုင်၁၆ရက် နံနက် ၁၁နာရီက ပဲခူးမြို့ ရွှေမော်ဓောဘုရားလမ်းရှိ ပဲခူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးတွင် ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးစိန်လှိုင်နှင့် ဘဏ္ဍာရေးမှူး ဦးစိုးတို့က စာပေညီလာခံတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ မှာကြားချက်၊ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၏ အမှာစကားများအပါအဝင် ဆွေးနွေးဆုံးဖြတ် မှတ်တမ်းတင်ခြင်းများကို အသေးစိတ် ရှင်းလင်း တင်ပြပြီး**(အောက်ဝဲပုံ)**ဆက်လက်၍ အတွင်းရေးမှူး ဦးရဲမြင့်သန်း(မောင်လူအေး ပဲခူး)က အဖွဲ့ဝင်များ၏သာရေး၊ နာရေးနှင့် သဘာဝဘေးအန္တရာယ်ကျရောက်ပါက ထောက်ပံ့ကူညီရန် စီစဉ်ဆောင်ရွက်ထားမှုအခြေအနေကိုတင်ပြသည်။ ပဲခူးမြို့နယ် မဂ္ဂဇင်းကို စာဆိုတော်လအမီ ထုတ်ဝေမည်ဖြစ်ရာ အဝေးရောက် ပဲခူးနယ်သူ နယ်သားများ အပါအဝင် စာပေပညာရှင်များ၊ စာပေဝါသနာရှင်များသည် ဇူလိုင် ၃၁ရက်မတိုင်မီ ပဲခူးမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ လှိုင်မိတ္တူ ရွှေမော်ဓောဘုရားလမ်းထောင့်သို့စာမူများပေးပို့နိုင်ရန် နှိုးဆော်ထားကြောင်း သိရသည်။ **(၁၇၃)**

မြန်အောင်မြို့၌ ပန်းအလှပင်များစိုက်ပျိုး

မြန်အောင် ဇူလိုင် ၁၇

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်အောင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြို့နယ် ဌာနဆိုင်ရာ ဝန်ထမ်းများစုပေါင်း၍ ဇူလိုင် ၂ရက်က မြန်အောင်မြို့နယ် ရွာသစ်ကုန်းကျေးရွာ မြန်အောင်-ဟသ်ာတ ကားလမ်းဘေး ဝဲယာတစ်လျှောက်တွင် ပန်းအလှပင် ၇၃၀ကို စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

အောင်ပန်းမြို့သာယာလှပရေး ပေါင်းမြက်များရှင်းလင်း

အောင်ပန်း ဇူလိုင် ၁၈

ရှမ်းပြည်နယ်(တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသောင်းစိန်သည် ဇူလိုင် ၁၂ရက်က ကလောမြို့နယ် အောင်ပန်းမြို့သန့်ရှင်းသပ်ရပ်သာယာလှပရေး လုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးပြီး မြို့တွင်းလမ်းမကြီး ဝဲယာတစ်လျှောက် ချုံနွယ်ပေါင်းမြက်များ ရှင်းလင်းရေး အောင်ပန်းရုံးခွဲရှေ့ ပေါင်းမြက်များခုတ်ထွင်ရှင်းလင်းရေးနှင့် ရုံးပတ်ဝန်းကျင် သာယာလှပရေး စဉ်ဆက်မပြတ် ဆောင်ရွက်ရန် အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့အား မှာကြားခဲ့ကြောင်း သိရသည်။**(နယ်စပ်/စည်ပင်)**

သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးပညာပေး ခြင်ကျားနှိမ်နင်းရေးလုပ်ငန်းများရှင်းလင်း

ပေါက် ဇူလိုင် ၂၀

အေးဒီးစ်ခြင်ကျားကင်းစင်သော ကျေးရွာ၊ ရပ်ကွက်နှင့် ကျောင်းများ ထူထောင်ရေး အသိပညာပေးရှင်းလင်းပွဲကို ဇူလိုင် ၁၅ရက်နံနက် ၁၀နာရီက မကွေးတိုင်း ပေါက်မြို့ ရွှေပေါက်ပင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးသန်းအောင်နှင့် မြို့နယ်ပညာရေးမှူး ဒေါ်ကြည်သိန်းတို့က အမှာစကားပြောကြားကြပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာဒေါ်သန်းသန်းအေးက သွေးလွန်တုပ်ကွေးရောဂါနှင့်ပတ်သက်၍ ကျန်းမာရေးအသိပညာပေး ဟောပြောခြင်းနှင့် ခြင်ကျားနှိမ်နင်းရေးလုပ်ငန်းအဆင့်ဆင့်ကို ရှင်းလင်းပညာပေး ဟောပြောသည်။**(အောက်ပုံ)**

အခမ်းအနားသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု ၇၁ ခုမှ ရပ်ကွက်ဥက္ကဋ္ဌများနှင့် စာရေးဝန်ထမ်းများ၊ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊မူလတန်းကျောင်းများမှကျောင်းအုပ်ဆရာ၊ ဆရာမကြီးများနှင့် အခြေခံ ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ရန်ကုန်အဝေးသင်တက္ကသိုလ် e- Education Learning Centre သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်

၁-၈-၂၀၀၆ (အင်္ဂါနေ့)

- ❑ Language and Education (1)
  - တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ
- ❑ Language and Education(2)
  - တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ

၂-၈-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

- ❑ Language and Education(3)
  - တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ
- ❑ Introducing Sociolinguistics(1)
  - တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ

၃-၈-၂၀၀၆ (ကြာသပတေးနေ့)

- ❑ Introducing Sociolinguistics(2)
  - တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ
- ❑ Introducing Sociolinguistics(3)
  - တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ

၄-၈-၂၀၀၆ (သောကြာနေ့)

- ❑ Stylistics(1)
  - တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ
- ❑ Stylistics(2)
  - တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ

နံနက် ၉နာရီမှ ညနေ ၄နာရီအထိ

၅-၈-၂၀၀၆ (စနေနေ့)

- ❑ အဝေးသင်တက္ကသိုလ်ကျောင်းသား ကျောင်းသူများအတွက် သင်ခန်းစာများ

၆-၈-၂၀၀၆ (တနင်္ဂနွေနေ့)

- ❑ အဝေးသင်တက္ကသိုလ် ကျောင်းသား ကျောင်းသူများအတွက် သင်ခန်းစာများ

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
၂၀၀၆ခုနှစ် တရားမကြီးမှုအမှတ်-၁၈၆

ဒေါ်လွင်လွင်ဦး **နှင့်** ဦးတင်ထွန်း
တရားလို **တရားခံ**

ဦးတင်ထွန်း အမှတ်(၁၀၈၂)၊ ပတ္တမြား(၄)လမ်း၊ (၇)ရပ်ကွက်၊ သာကေတမြို့နယ် ရန်ကုန်မြို့ (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

ဒေါ်လွင်လွင်ဦးက သင့်အပေါ်၌ ဝယ်ယူထားသည့် မြေကွက်သက်သက်အား ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၀၆ခုနှစ် ဩဂုတ်လ ၁၅ ရက်(၁၃၆၈ခုနှစ် ဝါခေါင်လပြည့်ကျော်၇ရက်နေ့) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့်အပ်ပို့လိုက်ရမည်။သင်ကထုချေလွှာတင်သွင်းလိုလျှင်အမှုမဆိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၀၆ခုနှစ် ဇူလိုင်လ ၁၄ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဒေါ်အေးသိန်း:B.A (Law) LL.B
ဒုတိယခရိုင်တရားသူကြီး(၁)၊ အရှေ့ပိုင်းခရိုင်တရားရုံး၊ ရန်ကုန်တိုင်း။

ကြော်ငြာစာ

(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၀၇)
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး
၂၀၀၆ခုနှစ် တရားမအထွေထွေမှုအမှတ်-၂၉
(ကွယ်လွန်သူ ဦးဖံနှင့်ဒေါ်သိန်းခင်တို့၏
ကျန်ရှိရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု)

ရန်ကုန်တိုင်း အလုံမြို့နယ် ကရင်ခြံရပ်ကွက် အောက်ကြည့်မြင်တိုင်လမ်း အမှတ် ၄၂၂၃ နေထိုင်ခဲ့သော ကွယ်လွန်သူဦးဖံနှင့် ဒေါ်သိန်းခင်တို့၏ကျန်ရှိရစ်သော ပစ္စည်းများနှင့်စပ်လျဉ်း၍ ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးတရားမအထွေထွေမှုအမှတ်-၅၇၊၁၉၉၈တွင်အမွေထိန်းလက်မှတ်စာရရှိခဲ့သူ ဒေါ်နော်လင်းဒါဇ်က အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၀၇အရ အမွေထိန်းပစ္စည်းဖြစ်သော ရန်ကုန်တိုင်း အင်းစိန်မြို့နယ် မြေတိုင်းရပ်ကွက်အမှတ်-၇/အီး၊ လှူနေရပ်ကွက် နံ့သာကုန်း၊ ယခင်မြေကွက်အမှတ် ၁၁/စ၊ဧရိယာ၁ဒသမ၄၆၀ ဧက(ယခုခွဲစိတ်ပြီး မြေကွက်အမှတ် ၁၁/စ၂၏ အစိတ်အပိုင်း ဧရိယာ ဝဒသမ၅၂၀ဧကရှိ ဦးဖံနှင့်ဒေါ်သိန်းခင်အမည်ပေါက် ၃/ခရပြီး မြေပိုင်မြေကွက်နှင့် မြေကွက်ပေါ်ရှိအကျိုးခံစားခွင့်များနှင့်ပတ်သက်၍ စီမံခန့်ခွဲခွင့် ပြုပါရန် လျှောက်ထားလာသဖြင့် အမှုကို ၂၀၀၆ခုနှစ် ဩဂုတ်လ ၈ရက်နေ့ (၁၃၆၈ခုနှစ် ဝါခေါင်လပြည့်နေ့)တွင် ကြားနာရန်ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးဖံနှင့် ဒေါ်သိန်းခင်တို့၏ ကျန်ရှိရစ်သောပစ္စည်းတွင် အကျိုးသက်ဆိုင်သည်ဟုအဆိုရှိသူ မည်သူမဆို အဆိုပါအမှုတွင် လာရောက်အမှုဆိုင်လိုပါက ချိန်းဆိုထားသောနေ့ရက်တွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့ကနည်းလမ်းတကျလွှဲအပ်ထားသော ကိုယ်စားလှယ်တစ်ဦးဦးဖြင့်သော်လည်းကောင်း လာရောက်အမှုရင်ဆိုင်ရန်နှင့် ၎င်းကဲ့သို့ လာရောက်ခြင်း တစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်ကဆိုခဲ့သော ဒေါ်နော်လင်းဒါဇ်၏လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

၂၀၀၆ခုနှစ်ဇူလိုင်လ၂၄ရက်နေ့တွင်ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဆွေဆွေ
ဒုတိယခရိုင်တရားသူကြီး(၃)၊မြောက်ပိုင်းခရိုင်တရားရုံး၊ ရန်ကုန်မြို့။

ဝန်ထမ်းအမြန်အလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

(Driver) ကျား(၁၀)ဦး

၁၀ တန်းအောင်ပြီး"ခ"လိုင်စင်ရှိရမည်။ အသက်(၃၈)နှစ်အောက်၊ ယာဉ်မောင်းသက်တမ်း အနည်းဆုံးသုံးနှစ်ရှိပြီး ကျန်းမာရေးကောင်းမွန်၍ နယ်ခရီးအတွေ့အကြုံရှိရမည်။ အကျင့်စာရိတ္တအထူးကောင်းမွန်ရမည်။ **(လစာကောင်းမည်)**

စိတ်ဝင်စားသူများသည် လိုအပ်သောစာရွက်စာတမ်းများနှင့်တကွ Harvest Enterprise Co.,Ltd. အမှတ်-၅၂၀၊ ၇ လွှာ၊ Excel Treasure Tower ကမ္ဘာအေးဘုရားလမ်း၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ် ရန်ကုန်မြို့(စီမံရေးရာဌာန)၌ လျှောက်လွှာပုံစံထုတ်ယူ၍ တစ်ပတ်အတွင်း လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

ပလတ်စတစ်ကုန်ကြမ်းအဝယ်တင်ဒါ

၁။	ဝယ်ယူမည့်ပစ္စည်းများ	- ပလတ်စတစ်ကုန်ကြမ်းအမျိုးမျိုး
၂။	တင်ဒါပိတ်ရက်နှင့်အချိန်	- (၁၄-၈-၂၀၀၆) ရက်နေ့၊ (၁၄:၀၀)နာရီ
၃။	နေရာ	- နေပြည်တော်

တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်း အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနများတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

တယ်လီဖုန်းအမှတ်
မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း (ရုံးချုပ်) ၅၆၁၃၉၁
၁၉၂၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ် ၅၆၆၇၁၅
ရန်ကုန်မြို့။

အမည်ပြောင်း

ဦးခင်မောင်ရီ- ဒေါ်ခင်နှင်းကြည်တို့၏သားထွေး မော်ဘီ **G.T.C 2nd year (E.P)**မှ မောင်လပြည့်(ခ) မောင်စည်သူအောင်အား ယနေ့မှစ၍ မောင်စည်သူအောင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်စည်သူအောင်။**

အမည်ပြောင်း

ဦးအောင်ကျော်မိုး၏သမီး အလက (၄) မင်္ဂလာဒုံ စတုတ္ထတန်း(က)မှ မခင်ရတနာမိုးအား မယမင်းအေးဟု အမည် ပြောင်းလဲခေါ်ပါရန်။ **မယမင်းအေး။**

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၄၅၉၇ Honda C'90 Custom CMI ယာဉ်လက်ဝယ်ရှိသူ အမည် ဦးမျိုးကျော်ထူး မှတ်ပုံတင်အမှတ် ၁၂/ရမသ(နိုင်)၀၄၇၄၁၅က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်းအောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(မန္တလေး၊ မြောက်ပိုင်း)၊မန္တလေးမြို့။**

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ အစီအစဉ်ဖြင့် ဆောက်လုပ်ခဲ့သော ကြည့်မြင်တိုင်မြို့နယ် ပန်းလှိုင်အိမ်ရာရှိတိုက်ခန်းအား အောက်ဖော်ပြပါပုဂ္ဂိုလ်မှ အမည်ပေါက်ပိုင်ဆိုင်လျက်ရှိပါသည်။ ယခုအခါ အဆိုပါတိုက်ခန်းအား တစ်ဆင့်ဝယ်ယူထားသူမှ အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာသဖြင့် အမည်ပြောင်းလဲပေးခြင်းနှင့်ပတ်သက်၍ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်နေ့မှ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
ဦးမြမောင်(ကိုယ်စား) ၁၂/ကမတ(နိုင်)၀၄၆၈၄၁ ဦးနေလင်း+၅ ဦး ၁၂/ကမတ(နိုင်)၀၁၂၅၆၆	ဒေါ်ယုစွမ် ၆/ပလန(နိုင်)၀၂၆၇၃၁	တိုက်-၄၊အခန်း-၁၁ ပန်းလှိုင်အိမ်ရာ။

ဌာနမှူး
အင်ဂျင်နီယာဌာန(အဆောက်အအုံ)။

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတု စိန်တိုးကျောင်းဆောင်တော်ကြီးအတွက် စမ်းချောင်းမြို့နယ်ဓေယျာဝတီလမ်း အမှတ်-၅၄ နေ ဦးခင်မောင်လင်း-ဒေါ်နုနုလှိုင်၊ သမီး မေသူလင်း၊ ယဉ်သူလင်း၊ သား ကိုကိုလင်းမိသားစုတို့က ပဉ္စမအကြိမ် အလှူငွေကျပ် ၂၅၀၀၀၀ ကို ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သင်းထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

ဇူလိုင်၁၇ ရက်က ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့မှ စစ်မှုထမ်းဟောင်းသားသမီးများအား (၂၀၀၆/၂၀၀၇ခု)ပညာသင်နှစ်အတွက်ငွေကျပ်ခြောက်သိန်းဖိုးရှိ ကျောင်းသုံးဗလာစာအုပ်များကို မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ညွှန့်(ငြိမ်း)က ပေးအပ်စဉ်။

(မြို့နယ် ပြန်/ဆက်)

ဇနီတာရာမ မိုးကုတ်ရိပ်သာ ၁၀ ရက် တရားစခန်းပွဲ

ရန်ကုန် ဇူလိုင် ၂၉

ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး၏ နာယကဆရာတော် ဦးဇနိတာလင်္ကာရ၏ ဩဝါဒကိုခံယူ၍ မှော်ဘီမြို့ စိန်ရွှေကုန်းဇနိတာရာမတောရရိပ်သာတွင် ဩဂုတ်၄ရက်မှ ၁၃ရက်အထိ ၁၀ ရက်တရားစခန်းပွဲကို ကျင်းပမည်ဖြစ်ရာ မိုးကုတ်ဓမ္မကထိက ရွှေစက်တော်ဆရာတော် ဦးသုန္ဒရနှင့် ရေးဦးဆရာတော် ဦးနန္ဒာသိရီ (ပုပ္ပား-၃)အရှင်သူမြတ်တို့က ကျေးဇူးတော်ရှင် အဂ္ဂမဟာ ပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ဥပနိဿယအတိုင်း သစ္စာလေးပါး တရားတော်များ ဟောကြားမည်ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင်တည်ဆောက်မည့် မြန်မာပညာသင် ရဟန်းတော်များအဖွဲ့ပိုင်ကျောင်းတော်ကြီးအတွက် ဇူလိုင်၁၆ရက်က သုဝဏ္ဏမြို့ ယင်းမာမြိုင်လမ်း အမှတ်၉၀/၂နေ ဦးထွန်းအောင်အားရည်စူး၍ ဒေါ်ချိုချိုမြင့်၊ သား ဦးကိုကိုအောင်၊ ဦးညီညီအောင်၊ မြေး ယမင်းကိုကို၊ မိုမိုကို၊ ပန်းနုကို မိသားစုက အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ အကျိုးဆောင် ဒေါ်လှလှနွယ်က လက်ခံယူစဉ်။ (က-ပ)

ရွှေမြိုင်အရှင်ဝိလာသ ဝါတွင်းတရားပွဲများ

ရန်ကုန် ဇူလိုင် ၂၉

မော်လမြိုင်မြို့ ပန်းဘဲတန်းရပ်ဓေယျမေဒနီစာသင်တိုက် နာယကစာချ ဓမ္မကထိက ဆရာတော် ရွှေမြိုင်အရှင်ဝိလာသ အရှင်သူမြတ်သည် ဩဂုတ် ၁ ရက်တွင် ကျိုက်မရောမြို့ ကွင်းကျောင်းဓမ္မာရုံ၌ လည်းကောင်း၊ ၈ရက်တွင် ကရင်ပြည်နယ် ဇာသပြင်ကျေးရွာအရှေ့ဘက်ကမ်း သမိုင်းဝင်စေတီဓမ္မာရုံ၌လည်းကောင်း၊ ၁၆ ရက်တွင် မော်လမြိုင်မြို့ ကြာအင်းရွာ ကြာအင်းတိုက်ကျောင်း၌လည်းကောင်း၊ ၂၂ ရက်တွင် မော်လမြိုင်မြို့ မြို့ပေါက်ဝ မဟာသတိပဋ္ဌာန်ရိပ်သာ ဗောဓိပက္ခိယဓမ္မာရုံ၌လည်းကောင်း သတိပဋ္ဌာန်ဝိပဿနာတရားတော်များ ဟောကြားမည်ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

ကျန်းမာရေးစစ်ဆေး

မြန်မာနိုင်ငံ ဆရာဝန်များအသင်း အထွေထွေရောဂါကုဆရာဝန်ကြီးများအဖွဲ့ ဇူလိုင်၂၄ရက်က လှိုင်သာယာမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှကျောင်းသား ကျောင်းသူ ၅၁၆၂ဦးအား ကျန်းမာရေး စစ်ဆေး ကုသပေးစဉ်။

(ပညာရေး)

အမျိုးသားညီလာခံလုပ်ငန်းများ ဂုဏ်ရာခိုင်နှုန်းခန့် အောင်မြင်စွာဆောင်ရွက်ပြီးစီး ပြန်လည်ကျင်းပရန် အချိန်ကာလနီးကပ်လာပြီဖြစ်၍ လုပ်ငန်းများကိုတင်ပြင်ဆင် မည်သည့်အတားအဆီး အခက်အခဲများနှင့်တွေ့ကြုံစေကာမူ မျှော်မှန်းထားသည့်အတိုင်း ရည်မှန်းချက်ပန်းတိုင်သို့ မရောက်ရောက်အောင် အားကြိုးမာန်တက်လုပ်ကိုင်ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၉

အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အစည်းအဝေး (၅ / ၂၀၀၆) ကို ယနေ့မွန်းလွဲ ၂နာရီတွင် နေပြည်တော်ရှိ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻

အမျိုးသား ညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် အမျိုးသား ညီလာခံ ကျင်းပရေးကော်မရှင် အစည်းအဝေး (၅/၂၀၀၆)တွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများထုတ်ပြန်ကြေညာ

ရန်ကုန် ဇူလိုင် ၃၀

၂၀၀၆ခုနှစ် မတ်လအတွင်းက ကျင်းပစစ်ဆေးခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို ဇူလိုင် ၃၀ ရက် **(ယနေ့)** တနင်္ဂနွေနေ့ နံနက် ၆နာရီတွင် ထုတ်ပြန်ကြေညာလိုက်သည်။

တစ်ချိန်တည်းကြေညာထား

အဆိုပါ အောင်စာရင်းများကို သက်ဆိုင်ရာ ပြည်နယ်/တိုင်းနှင့် မြို့နယ်အသီးသီးတို့ရှိ သက်ဆိုင်ရာ စာစစ်ဌာနကျောင်းများ၌ တစ်ချိန်တည်းကြေညာထားကြောင်း သိရှိရသည်။

ပြည်နယ်နှင့်တိုင်းအောင်စာရင်းများ

ထို့အပြင် အင်းစိန်မြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၊ ရန်ကင်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ ကမာရွတ်မြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၊ လမ်းမတော်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ ဒဂုံမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းနှင့် သဃ်န်းကျွန်းမြို့နယ်အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတို့၌လည်း ရန်ကုန်တိုင်းမှအပ အခြားပြည်နယ်နှင့်တိုင်းများ၏ အောင်စာရင်းများကို ကပ်ထားပေးကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော် မိုးလေဝသ အခြေအနေ

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ (ဇူလိုင် ၃၀ရက်)၌ နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့အလင်း ဆောင်းပါးအညွှန်း

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို လိုက်နာရန်ပျက်ကွက်ပါက အသက်ဆုံးရှုံးနိုင်သည်အထိ ဘေးအန္တရာယ် ကြုံတွေ့နိုင်ကြသလို ယဉ်ကျေးမှုစည်းကမ်းမရှိလျှင် နိုင်ငံ၏ဂုဏ်သိက္ခာ ကျဆင်းပြီး အမျိုးပျောက်မှာ စိုးကြောက်ပါရသည်အထိ တစ်မျိုးသားလုံးအတွက် အန္တရာယ်ကြီးမားကြောင်း သတိချပ်စေလို။

ခင်ဦး၏ အလှတွင်အယဉ်ဆင့် အမြင်တင့်စေချင် ဆောင်းပါး (စာ-၁၀)

မြစ်ငယ်၊ စစ်တောင်းနှင့်သံလွင်မြစ်ရေ စိုးရိမ်ရေမှတ်

ရန်ကုန် ဇူလိုင် ၂၉

မြစ်ငယ်မြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၆နာရီခွဲ တိုင်းထွာချက်အရ မြစ်ငယ်မြို့တွင် ၈၀၆စင်တီမီတာသို့ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက်၄၈နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ၈၇၀သို့ ရောက်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၆နာရီခွဲ တိုင်းထွာချက်အရ တောင်ငူမြို့တွင် ၅၆၃စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၆၀၀သို့ ရောက်ရှိနိုင်သည်။

သံလွင်မြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၆နာရီခွဲ တိုင်းထွာချက်အရ ဘားအံမြို့ တွင် ၇၄၈ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက် ၂၄နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၇၅၀အထက်သို့ ကျော်လွန်ရောက်ရှိနိုင်ကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။ (သတင်းစဉ်)